မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၁၁၂)

## မာတိကာ

ပြောပြချင်တဲ့ ရုပ်ရှင်ဝေဖန်ရေး အကြောင်း
စာ » ၆

ပိုမိုအဆင့်မြင့်သော၊ ပိုမိုလုံခြုံ စိတ်ချရသော ငွေစက္ကူတွေ ကိုင်တွယ်သုံးစွဲနိုင်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အလေးထားဆောင်ရွက်ပေးနေ
စာ » ၁၀

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ
စာ » ၁၆

# ထိုင်းနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်းနိုင်ငံမှ အခက်အခဲကြုံနေရသည့် မြန်မာနိုင်ငံသား ၈၃ ဦးတို့အား မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် (၆)ကြိမ်မြောက်အဖြစ် ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

*စာမျက်နှာ ၁၈ ကော်လံ ၁* ✪



# ဒီရေတော ကြိုးပြင်ကာကွယ်တောများကို ဒေသခံများအတွက် အကျိုးပြုနိုင်ရန် သတ်မှတ်ဆောင်ရွက်ပေးသွားမည်



**ရန်ကုန် ဩဂုတ် ၉**

မုတ္တမပင်လယ် ကမ်းတက်မြေများတွင် ဒီရေတောကြိုးပြင်ကာကွယ်တောများ သတ်မှတ်ဖွဲ့စည်းနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့စုံ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၅ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး ခန်းမ (၃)၌ ပြုလုပ်ခဲ့ပြီး သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် ဒီရေတောကြိုးပြင် ကာကွယ်တောအဖြစ် ဧက ၄၀၀၀၀ နီးပါးကို ဖွဲ့စည်းသတ်မှတ်ရန် အတည်ပြုနိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်ရုံး၏ အစည်းအဝေးမှတ်တမ်းအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းတိုးက "ဝန်ကြီးချုပ်နဲ့ အဖွဲ့စုံ အစည်းအဝေးလုပ်ပါတယ်။ ဒီရေတောလုပ်ငန်းစဉ်က သစ်တောဌာန တစ်ခုတည်းနဲ့ လုပ်လို့မရဘူး။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ အစည်းအဝေးလုပ်ပါတယ်။ စုစုပေါင်း ဧရိယာ ၃၉၉၇၇ ဒသမ ၅၂ ဧကကို သတ်မှတ်ဖို့ အားလုံးသဘောတူ အတည်ပြုလိုက်တယ်။ တချို့နေရာတွေက မြေလွတ်မြေလပ်စီမံခန့်ခွဲမှု ဗဟိုကော်မတီဆီကနေ ပြန်ယူရမှာရှိပါတယ်။ သူတို့က အခြားမြေအသုံးချမှုတွေ ပေးထားပေမယ့် အဲဒီလူတွေက မလုပ်ဖြစ်တာတွေရှိတယ်။ ဒီရေတောတွေက ကောင်းတယ်။ အခြားမြေအသုံးချမှု လုပ်လိုက်ရင် ပျက်စီးသွားမှာစိုးလို့။ ဒေသခံတွေအတွက်လည်း တကယ်ကို အကျိုးရှိပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ဘဝခရီးအတွက် ပညာရေးလမ်းတစ်သွယ်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်လိုက်ပြီဖြစ်ရာ တစ်နိုင်ငံလုံးတွင် ကျောင်းသား ကျောင်းသူ ၉၁၀၂၂၉ ဦး ဝင်ရောက်ဖြေဆိုသည့်အနက် ၂၉၁၇၉၈ ဦး အောင်မြင်ခဲ့သည်။ တစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်းအားဖြင့် ၃၂ ဒသမ ၀၆ ရာခိုင်နှုန်း ရှိသည်။


နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲတို့၏ အစဉ်အလာအတိုင်းပင် အောင်သူထက် ကျရှုံးသူ ရာခိုင်နှုန်းကသာ ပို၍များနေမြဲ။ ယခုနှစ် အောင်ချက်ရာခိုင်နှုန်းအရဆိုပါက ဖြေဆိုသူ ၁၀၀ လျှင် ၃၂ ဦး ကျော်ကျော်ကသာ တက္ကသိုလ်ပညာရေးဆီသို့ တက်လှမ်းသင်ယူနိုင်ကြမှာဖြစ်ပြီး ကျန်သည့် ၆၈ ရာခိုင်နှုန်းခန့်မှာမူ ကျောင်းသင်ခန်းစာများကို ပြန်လည်လေ့လာသင်ယူကြကာ လာမည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်ရန် ပြင်ဆင်ကြရမည့်သူများ၊ တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်ကြိမ်နှင့်အထက် ကျရှုံးသောကြောင့် ပြင်ပမှဝင်ရောက်ဖြေဆိုကြရမည့်သူများ စသည်ဖြင့် အခြေခံပညာရေးခရီးကို ဆက်ကြရဦးမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးသူများ သို့မဟုတ် တက္ကသိုလ်ပညာရေးသို့ ဆက်လက်တက်လှမ်းသင်ယူနိုင်ရန် အခြေအနေမပေးသူ၊ အခွင့်အလမ်းလွန်စွာနည်းပါးသူများ ပညာသင်ယူမှု အခွင့်အလမ်းမဆုံးရှုံးစေရန်အတွက် အသက်မွေးဝမ်းကျောင်းပညာရေးဆီသို့ မျက်နှာမူကြရန်၊ ကူးပြောင်းသင်ယူကြရန် တိုက်တွန်းလိုသည်။ အသက်မွေးဝမ်းကျောင်းပညာနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ လူငယ်တွေဟာ အသက်မွေးဝမ်းကျောင်းပညာတွေသင်ယူဖို့ စိတ်အားထက်သန်စေချင်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာသင်ယူထားတာဟာ တက္ကသိုလ်ကဘွဲ့လောက် တန်ဖိုးမရှိဘူးဆိုတဲ့ စိတ်ဓာတ်ကို လုံးလုံးမထားပါနဲ့။ ကျွန်မ ခဏခဏ သတိပေးပါတယ်။ ကမ္ဘာပေါ်မှာ အတိုးတက်ဆုံး၊ အချမ်းသာဆုံးဖြစ်တဲ့နိုင်ငံတချို့ဆိုလို့ရှိရင် အသက်မွေးဝမ်းကျောင်းပညာဘက်က အင်မတန်မှ အားသန်ပါတယ်။ တက္ကသိုလ်ပညာနဲ့ ယှဉ်ရုံတင်မကဘူး တချို့ဆိုလို့ရှိရင် တက္ကသိုလ်ပညာထက်တောင် သာနေတာကို တွေ့ရပါတယ်။ လက်တွေ့ကျကျ တန်ဖိုးထားတတ်တဲ့စိတ်ဓာတ်ပါပဲ။ ဂုဏ်ပကာသနကို ကြည့်တာမဟုတ်ဘဲနဲ့ တကယ့်စစ်မှန်တဲ့တန်ဖိုးကို အလေးထားတာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ အသက်မွေးဝမ်းကျောင်းပညာဘက်ကိုသွားဖို့ လူငယ်တွေကို ကျွန်မတိုက်တွန်းချင်ပါတယ်" ဟူ၍ ပြောကြားခဲ့ဖူးသည်။

ပညာသင်ကြားကြရခြင်း၏ ရည်ရွယ်ချက်မှာ မိမိတို့၏ဘဝခရီးအတွက် မိမိတို့၏ စွမ်းရည်ကို မူလအခြေအနေထက် ပိုမြင့်မားလာအောင် မြှင့်တင်ကြ ရခြင်းဖြစ်သည်။ စဉ်းစားတွေးခေါ်မှု၊ တီထွင်ဖန်တီးမှု၊ ကျွမ်းကျင်မှု နှင့် ကိုယ်ကျင့်တရား စသည်တို့ကို သင်ယူလေ့ကျင့်ခြင်းဖြင့် မိမိတို့၏ စွမ်းရည်ကို မြှင့်တင်ကြရခြင်းမှာ ပညာသင်ကြားခြင်းပင်ဖြစ်သည်။ ထို့အပြင် တန်ဖိုးမြင့်သည့် လူ့စွမ်းအားအရင်းအမြစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဓိကတွန်းအားပေးသည့် စွမ်းအားတစ်ရပ်ပင်ဖြစ်ရာ နိုင်ငံအတွင်းရှိ အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသူများကို ကျွမ်းကျင်အလုပ်သမားများအဖြစ် ပြုစုပျိုးထောင်ပေးရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာသင်ယူမှု ရာခိုင်နှုန်း လွန်စွာနည်းပါးနေသကဲ့သို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးနောက် တက္ကသိုလ်များတွင် ဆက်လက်ပညာသင်ယူကာ အဆင့်မြင့်ပညာခရီးမပြီးဆုံးသူများ၊ ဘွဲ့ရပြီး လုပ်ငန်းခွင်မဝင်နိုင်သူများ အများအပြားရှိနေကြသည်။ တစ်ဖန် တက္ကသိုလ်ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်ရာတွင်လည်း တိုက်ရိုက်မဝင်နိုင်ဘဲ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်ရခြင်းကဲ့သို့ ပြင်ဆင်ရခြင်းများလည်း ရှိနေသည်။ ကာလ၊ ဒေသတို့နှင့် ကိုက်ညီဆီလျော်ပြီး မိမိဝါသနာနှင့်လည်းကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျွမ်းကျင်သည်အထိ သင်ယူကြကာ လက်တွေ့ အသုံးချခြင်းဖြင့်လည်း အောင်မြင်တိုးတက် ကြီးပွားနိုင်ကြသည်သာ ဖြစ်ပါကြောင်း။ ။

# တစ်ကမ္ဘာလုံးဆိုင်ရာ Rally of Hope အစီအစဉ်သို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပါဝင်တက်ရောက်




**နေပြည်တော် ဩဂုတ် ၉**

Universal Peace Federation–Asia Pacific အဖွဲ့က International Summit Council for Peace (ISCP) မှတစ်ဆင့် Interdependence, Mutual Prosperity and Universal Values မြှင့်တင်မှုများကို ကိုရီးယားနိုင်ငံမှ ဦးဆောင်၍ တစ်ကမ္ဘာလုံးဆိုင်ရာ Rally of Hope အစီအစဉ်ကို Video Conferencing ဖြင့် ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါအစီအစဉ်သို့ အာရှပစိဖိတ်ဒေသနိုင်ငံများမှ ကိုယ်စားလှယ်များက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆန်ဒက်ဟွန်ဆင်တို့အပါအဝင် နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များနှင့် ဝန်ကြီးချုပ်ဟောင်းများ တက်ရောက်၍ အမှာစကားပြောကြားကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲစာရင်းများမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တောင်ငူ၌ ကျင်းပ

**တောင်ငူ ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးနှင့် တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မင်းတို့ ဦးဆောင်ပြီး တောင်ငူခရိုင်အတွင်းရှိ မဲစာရင်းများ မှန်ကန်မှုရှိစေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၆ ရက်က တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တောင်ငူခရိုင်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဒေါ်ညွန့်သူဇာမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တောင်ငူခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်နှင့် မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီး ဦးထွန်းထွန်းဦးက လုပ်ငန်းလိုအပ်ချက်များ လမ်းညွှန်မှာကြား၍ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မင်းက ဆောင်ရွက်ရမည့် လုပ်ငန်းအသေးစိတ်ကို ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက တွေ့ကြုံရသည့် လုပ်ငန်းအခက်အခဲများကို တင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးနှင့် တိုင်းဒေသကြီးဦးစီးမှူးတို့က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**၀၄၂**

# ရေဦးမြို့နယ်၌ ယာဉ်မတော်တဆမှုမဖြစ်စေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆောင်ရွက်

**ရေဦး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် တင်းတိမ်ရုံအုပ်စု တင်းတိမ်ရုံကျေးရွာတွင် ဩဂုတ် ၇ ရက်က ယာဉ်မတော်တဆမှုမဖြစ်ပွားစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို တင်းတိမ်ရုံဈေးပတ်ဝန်းကျင်နှင့် ဈေးအတွင်း၌ ဆောင်ရွက်သည်။



အဆိုပါဆောင်ရွက်ခြင်းကို တင်းတိမ်ရုံနယ်မြေ ရဲစခန်းမှူး ရဲအုပ်မျိုးညွန့် ဦးစီးအဖွဲ့နှင့် တင်းတိမ်ရုံနယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တင်းတိမ်ရုံကျေးရွာ ကျေးလက်ကျန်းမာရေးမှူး၊ တင်းတိမ်ရုံကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ကြောင်း သိရသည်။

ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးအတွက် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များအား လက်ယာကပ်မောင်းနှင်ရန်၊ သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်မှုမရှိစေရန် ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ဆင်ရန်၊ နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုရန်၊ အရှိန်ပြင်းမမောင်းရန်၊ ဆိုင်ကယ်စီးနင်းစဉ် ဖုန်းမပြောရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် အသိပညာပေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ တင်းတိမ်ရုံကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ်နှင့် ပတ်သက်၍ ကျေးရွာနေပြည်သူများအား အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ပြည်သူသာလျှင် အဓိက

## ရန်ကုန်-ကိုကိုးကျွန်း သင်္ဘောခရီးစဉ် ပြေးဆွဲနိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၉

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဩဂုတ် ၆ ရက် ကိုကိုးကျွန်းသို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် ရန်ကုန် - ကိုကိုးကျွန်း သင်္ဘောခရီးစဉ် ပြေးဆွဲနိုင်ရေး လမ်းညွှန်မှာကြားချက်နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရန်ကုန်- ကိုကိုးကျွန်း သင်္ဘောခရီးစဉ် ပြေးဆွဲနိုင်ရေး လမ်းညွှန်မှာကြားချက်နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးငွေအောင်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ပူးတွဲတာဝန်) ဦးစိုးနိုင်၊ ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးညဏ်ဝင်း နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

### ပြည်မနှင့် ဆက်သွယ်မှု

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဩဂုတ် ၆ ရက် ကိုကိုးကျွန်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ကိုကိုးကျွန်းကို ရောက်ရောက်ချင်း တွေ့ရသည့် အကြီးမားဆုံးအခက်အခဲတစ်ခုသည် ပြည်မနှင့် ဆက်သွယ်မှု အခက်အခဲဖြစ်ပါကြောင်း၊ သင်္ဘောခဏခဏမလာနိုင်သည့် ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အနေဖြင့် ကိုကိုးကျွန်းကို သင်္ဘောများ ယခုထက် ခပ်စိပ်စိပ်လာနိုင်ရန် အတွက် မည်ကဲ့သို့ လိုအပ်ချက်များ ရှိသည်၊ မည်သို့ လုပ်ပေးနိုင်မည်၊ မည်သို့ လုပ်ပေးရမည်ဆိုသည်ကို လေ့လာပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုပါကြောင်းဟု လမ်းညွှန်ခဲ့ပါကြောင်း၊ ကိုကိုးကျွန်းကို ဖိဖိစီးစီးဖြင့် စံပြမြို့လေးတစ်ခုဖြစ်အောင် နိုင်ငံ၏ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ပေးသည့် အဝေးရောက်နေသော ကင်းတစ်ခု၊ တစ်နည်းအားဖြင့် မရှိမဖြစ်နေရာတစ်ခုဟု သတ်မှတ်၍ ကိုကိုးကျွန်း၏တိုးတက်ရေးကို အဓိကထားပြီး လုပ်ပေးလိုပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံ၏ တိုးတက်ရေးကို လေ့လာသည့်အခါတွင် ကိုကိုးကျွန်း၏ ပုံရိပ်ကိုကြည့်ပြီး နိုင်ငံမည်မျှတိုးတက်နေသည်ကို ကြည့်ပြီး ဆုံးဖြတ်နိုင်ရန် ဖြစ်ပါကြောင်း။

### ဝိုင်းဝန်းပြီး ကြိုးစား

ကိုကိုးကျွန်းကဲ့သို့ နေရာမျိုးတွင် ပြောင်းလဲမှုသည် မှန်ကန်ရန်၊ ပြောင်းလဲမှုသည် ပြည်သူများအတွက် အကျိုးရှိရန် ကြိုးစားနိုင်ပါကြောင်း၊ ကိုကိုးကျွန်းသည် နေရာသေးသော်လည်း အခွင့်အရေးများပါကြောင်း၊ အခွင့်အရေးများကို မှန်မှန်ကန်ကန်အသုံးပြုသွားမည်ဆိုလျှင် များစွာအကျိုးရှိနိုင်ပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းမှ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးလင်းရေးတို့ကို အဘက်ဘက်က ဝိုင်းဝန်းပြီး ကြိုးစားသွားမည်ဆိုလျှင် ကိုကိုးကျွန်းကဲ့သို့နေရာသည် နှစ်ပိုင်း (သို့မဟုတ်) လပိုင်းအတွင်း တိုးတက်မှုများကို ထင်ထင်ရှားရှား ပြနိုင်မည်ဖြစ်ပါကြောင်း၊ ထင်ထင်ရှားရှားပြနိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ယနေ့မှစ၍ ကြိုးစားရမည်ဖြစ်ပါကြောင်း" ဟု လမ်းညွှန်ခဲ့ရာ ရန်ကုန်-ကိုကိုးကျွန်း သင်္ဘောခရီးစဉ်ပြေးဆွဲနိုင်ရေးနှင့် စပ်လျဉ်း၍ မိမိကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများက မိမိတို့ဆိုင်ရာ ကဏ္ဍအလိုက် အသေးစိတ်ရှင်းလင်း တင်ပြကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ထပ်မံသိလိုသည်များ မေးမြန်းညှိနှိုင်း ဆောင်ရွက်ပေးသည်။

### အချိန်မီဖြည့်ဆည်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် "ရန်ကုန်-ကိုကိုးကျွန်းသင်္ဘောခရီးစဉ် ပြေးဆွဲနိုင်ရေးအတွက် ဩဂုတ်လ နောက်ဆုံးအပတ်တွင် စတင်လိုပါကြောင်း၊ ဩဂုတ်၊ စက်တင်ဘာလများတွင် တစ်လ နှစ်ခေါက် ပြေးဆွဲနိုင်ရန် ရည်မှန်းထားပြီး ရာသီဥတုကောင်းမွန်သည့် အောက်တိုဘာ၊ နိုဝင်ဘာလ၌ တစ်လ သုံးခေါက်ပြေးဆွဲနိုင်ရေး၊ ဆိပ်ကမ်းဆိပ်ခံပြုပြင်မွမ်းမံရေးဆိုင်ရာများကို အမြန်ဆုံးကွင်းဆင်း လေ့လာတိုင်းတာ ပြင်ဆင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကိုကိုးကျွန်းသည် နိုင်ငံ၏ နယ်စွန်နယ်ဖျား ပြင်ပစည်းမှ နိုင်ငံ၏လုံခြုံရေးကို စောင့်ရှောက်ပေးနေသည့် နေရာဒေသဖြစ်သည့်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်ချက်များအား နိုင်ငံတော်မှ အချိန်မီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ကိုကိုးကျွန်း၏ပညာရေးအတွက် အွန်လိုင်းသင်ကြားရေး အထောက်အကူဖြစ်စေရန် ဆက်သွယ်ရေးဆိုင်ရာမှလည်း ဖြည့်ဆည်းဆောင်ရွက်လျက် ရှိကြောင်း ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

## မကွေးပညာ့ရိပ်သာ ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၉**



မြန်မာနိုင်ငံပညာရေးကဏ္ဍ တိုးတက်ရေးတွင် အဓိကဖြစ်သော ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ နေထိုင်မှုအဆင့်အတန်းမြင့်မားပြီး အဆင်ပြေချောမွေ့စေရေးအတွက် မကွေးတိုင်းဒေသကြီး မကွေးတက္ကသိုလ်တွင် အကောင်အထည်ဖော် တည်ဆောက်မည့် မကွေးပညာ့ရိပ်သာ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် မကွေးတက္ကသိုလ်ရှိ မကွေးပညာ့ရိပ်သာ အိမ်ရာဝင်းတည်ဆောက်မည့် နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးဟန်ဇော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးနှင့် Myanmar Imperial Vega Co., Ltd ဥက္ကဋ္ဌ ဦးဝိတ်တို့က ပန္နက်တော်တင်ပေးကြပြီး မုတ်တမ်းခေတ်ပုံ ရိုက်ကြသည်။ **(အပေါ်ပုံ)**

ယနေ့ ကျင်းပသည့် မကွေးတက္ကသိုလ်တွင် အကောင်အထည်ဖော် တည်ဆောက်မည့် မကွေးပညာ့ရိပ်သာ စီမံကိန်းကို Public Private Partnership (ppp) နည်းလမ်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် အဆင့်အတန်းမြင့်မားပြီး Facilities ပြည့်စုံစွာပါဝင်သော Living Environment ကောင်းမွန်သည့် မင်းဓမ္မပညာ့ရိပ်သာ၊ လှိုင်ပညာ့ရိပ်သာနှင့် ပါရမီပညာ့ရိပ်သာတို့တွင် အိမ်ခန်းပေါင်း ၁၄၄၀ ခန့်အား အကောင်အထည်ဖော် ဆောင်ရွက်ပြီးနောက် ကျန်ရှိနေသော အိမ်ခန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုတွင် ပညာ့ရိပ်သာ အိမ်ရာဝင်း ၁၃ ခုဖြင့် ဖြန့်ခွဲ၍ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ပညာ့ရိပ်သာအိမ်ရာဝင်း တစ်ခုတွင် အိမ်ခန်း ၁၆၀၊ Community Center တစ်လုံး၊ Gym အဆောက်အဦ တစ်လုံး၊ အိမ်ရာဝင်း၏ Infrastructure တစ်ခုတို့ပါဝင်ပြီး ပညာ့ရိပ်သာ အိမ်ရာဝင်း ၁၃ ခုတွင် အိမ်ခန်းပေါင်း ၂၀၈၀၊ Community Center ၁၃ လုံး၊ Gym အဆောက်အဦ ၁၃ လုံး၊ အိမ်ရာဝင်း၏ Infrastructure ၁၃ ခုနှင့် လိုအပ်သော ပရိဘောဂများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

အင်းစိန် ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ကျောင်းသားများ အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၁၄ ခုနှစ်မှ စတင်ဝင်ရောက်ဖြေဆိုခဲ့ကြရာ အဆိုပါနှစ်တွင် နှစ်ဦး၊ ၂၀၁၅ ခုနှစ်တွင် ခုနစ်ဦး၊ ၂၀၁၆ ခုနှစ်တွင် ၁၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ကိုးဦး၊ ၂၀၁၈ ခုနှစ်တွင် ၁၉ ဦး၊ ၂၀၁၉ ခုနှစ်တွင် ၅၂ ဦး၊ ယခု ၂၀၂၀ ပြည့်နှစ်တွင် ၅၈ ဦး အပါအဝင် စုစုပေါင်း ၁၅၈ ဦး အောင်မြင်ခဲ့ကြပြီး အောင်မြင်သူများအနက်မှ ထူးချွန်စွာအောင်မြင်သော ဂုဏ်ထူးရှင် ၇၀ ထွက်ပေါ်ခဲ့သည်။ **ဇော်ကြီး**

### မုတ်သုံလေ အားအသင့်အတင့် ရှိနေ

**နေပြည်တော် ဩဂုတ် ၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဩဂုတ် ၇ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ဘိုးပိုင်အခြေပြု ကျောက်စီ၊ မြေထိန်း၊ တမံများ ဆောင်ရွက်နေမှုနှင့် Geo Bag ချခြင်းလုပ်ငန်း ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**





### ကြိုးစားဆောင်ရွက်

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်၊ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရေရှည်ခံ၍ တိုးတက်သော လုပ်ငန်းမျိုးဖြစ်အောင် အမှားနည်းသည်ထက်နည်းအောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဗိုလ်မြတ်ထွန်းတံတား တည်တံ့ခိုင်မြဲရေးကို ရည်ရွယ်ပြီး မြစ်ချောင်းများ သောင်ထွန်းနေသော်လည်း ရေလမ်းကြောင်း ဖြောင့်တန်းစွာ စီးဆင်းနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မြစ်ချောင်းများ ရေစီးရေလာ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားလုပ်ဆောင်ကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

### ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် ပုသိမ်မြို့ ပုသိမ်ဘူတာ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

## မိရိုးဖလာ စဉ့်ထည်လုပ်ငန်းများအတွက် နည်းပညာနှင့်ဈေးကွက် ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူ၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ နွယ်ငြိမ်ရပ်ကွက်ရှိ "ဟန်ဝင်းစော" အဆင့်မြင့်စဉ့်လုပ်ငန်း အလုပ်ရုံသို့ ရောက်ရှိပြီး အလုပ်ရုံ အစည်းအဝေးခန်းမ၌ စဉ့်လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

### ပူးပေါင်းဖြေရှင်း

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စဉ့်ထည်လုပ်ငန်းသည် မြန်မာ့မိရိုးဖလာ အမွေအနှစ်လုပ်ငန်းဖြစ်သည့်အတွက် တိမ်ကောပပျောက်မှု မရှိစေရန် လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များသည် တစ်ဦးတစ်ယောက်ချင်း လုပ်ငန်းဆောင်ရွက်ရန် အဆင်မပြေနိုင်သည့်အတွက် အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အခက်အခဲရှိသည်များကို အသင်းအဖွဲ့များက ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ တင်ပြပေးမှသာ ပူးပေါင်း ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ စဉ့်ထည်ပစ္စည်းများနေရာတွင် ပြည်ပမှ ဝင်ရောက်လာသည့် ပလတ်စတစ်ပစ္စည်းများ အစားထိုးနေရာယူလာပါက မိမိတို့၏ မိရိုးဖလာလုပ်ငန်းများအပေါ် ထိခိုက်လာနိုင်မည်ဖြစ်၍ စဉ့်ထည်လုပ်ငန်းများအတွက် နည်းပညာနှင့် ဈေးကွက် ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်း

ထို့နောက် တက်ရောက်လာကြသူများက ဖိုက်ဘာ၊ ပလတ်စတစ်ပစ္စည်းများ အသုံးပြုခြင်းထက် စဉ့်ထည်ပစ္စည်းများအား အသုံးပြုခြင်းဖြင့် ကျန်းမာရေးအတွက် ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း၊ ဝယ်လိုအားကောင်းပြီး ထုတ်လုပ်ရောင်းချနိုင်မှု မရှိခြင်း၊ လုပ်သားရှားပါးလာခြင်းတို့ကြောင့် ရေရှည်ရပ်တည်ရန်အတွက် စဉ့်ထည်နှင့် ပတ်သက်သော သင်တန်းများပေးစေလိုကြောင်း၊ စဉ့်ထည်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရည်အသွေး ကောင်းမွန်စေရန် လိုအပ်သည့် L.P.G Gas ရောင်းချပေးနိုင်ရေး၊ စဉ့်ထည်ပစ္စည်းအပူပေးရာတွင် လက်ရှိအသုံးပြုနေသည့် မြေအုတ်များအစား မီးခံအုတ်များ ပြောင်းလဲအသုံးပြုနိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရွှေဘိုစက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေဘိုစက်မှုဇုန်သို့ ရောက်ရှိပြီး "ကနောင်ခန်းမ" ၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ တက်ရောက်လာကြသည့် ပန်းပဲ၊ သံပန်း၊ သံတံခါးလုပ်ငန်းရှင် ဦးဝင်းဘိုက ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်မှ ချေးငွေရရှိရေးကို လည်းကောင်း၊ စက်မှုဇုန်အတွင်းရေးမှူးက သဖန်းဆိပ်ဆည်အတွင်း ရေရောက်ရှိမှုနည်းပါးသည့်အတွက် စိုက်ပျိုးရေးအတွက် အခက်အခဲများ၊ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်တို့မှ ရေကို သဖန်းဆိပ်ဆည်အတွင်းသို့ ပိုက်လိုင်းဖြင့် ထည့်သွင်းနိုင်ရေး ဆောင်ရွက်ပေးရန်ကိစ္စကိုလည်းကောင်း၊ သီးလုံးစံပြကျေးရွာမှ ဒေါ်မိုးမိုးမြင့်က လယ်ယာမြေပုံစံ(၇) အမည်ပြောင်းရေးနှင့် စပ်လျဉ်း၍ အခွန်ပေးဆောင်မှု အခက်အခဲရှိသည်များကို လည်းကောင်း တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရွှေဘိုမြို့ ကြက်မွေးမြူရေးအထူးဇုန်သို့ ရောက်ရှိခဲ့ပြီး မိမိသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ တစ်ဦးအနေဖြင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသခံတောင်သူလုပ်ငန်းရှင်များ အနေဖြင့် အခက်အခဲများအား ပွင့်လင်းစွာ တင်ပြကြရန် ပြောကြားလိုပါကြောင်း၊ ကိုဗစ်-၁၉ ကာလအလွန်တွင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အားကောင်းလာစေရန် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားရာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက လုပ်ငန်းများ တိုးချဲ့ရန် ငွေကြေးအခက်အခဲရှိကြောင်း၊ ကြက်မွေးမြူရေး လုပ်ငန်းနှင့်ပတ်သက်၍ ဝယ်လိုအားရှိသဖြင့် လုပ်ငန်းချဲ့ထွင် မွေးမြူနိုင်ရန်အတွက် လုပ်ငန်းချဲ့ထွင်ချေးငွေရရှိရေး အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန်တို့ကို ဆွေးနွေးတင်ပြခဲ့ကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### အလှူငွေများ ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောင်းကြီးကျေးရွာရှိ "မေတ္တာရိပ် အမျိုးသမီးစောင့်ရှောက်ရေး ဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်း"သို့ ရောက်ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ သင်တန်းကျောင်းကို လှည့်လည်ကြည့်ရှု၍ သင်တန်းကျောင်းအတွက် ပြည်ထောင်စုဝန်ကြီးက အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**သတင်းစဉ်**

***ရှေ့ဖုံးမှ**

သဘာဝဘေးအန္တရာယ် ထိခိုက်မှုတွေကို အထိရောက်ဆုံး ကာကွယ်ပေးနိုင်တဲ့နေရာတွေ ဖြစ်နေပြီး ပင်လယ်နဲ့လည်း နီးနေတော့ မြေလွတ်မြေလပ်စီမံခန့်ခွဲမှု ဗဟိုကော်မတီက ခွင့်ပြုထားပေမယ့် လုပ်ကိုင်ထားခြင်းမရှိရင် ကျွန်တော်တို့က အများအကျိုးအတွက် ပြန်လျှောက်တာ လုပ်ပေးရမှာပါ။ သစ်တောမြေဖြစ်ပြီးသွားရင် အစုအဖွဲ့ပိုင်သစ်တောဖွဲ့ပေးမှာပါ။ ဒေသခံတွေကလည်း မျှော်လင့်နေပါတယ်။ သစ်တောမြေဖြစ်သွားရင် ကျွန်တော်တို့က သက်ဆိုင်ရာ ဒေသခံတွေအားလုံးကို အစည်းအဝေးခေါ်ပြီး ဘယ်နေရာတွေက ဘယ်ရွာနဲ့နီးလဲ၊ ရွာအချင်းချင်းလည်း အစည်းအဝေးလုပ်ပြီးတော့ ခွဲဝေပေးရမှာပါ။ ဒီလုပ်ငန်းစဉ် ဖွဲ့စည်းဆောင်ရွက်ပြီးရင် သတင်းထုတ်ပြန် ပေးသွားမှာပါ။ ဒီအစိုးရသက်တမ်းအတွင်းမှာ ထူးထူးခြားခြား ဖြစ်သွားအောင် ဆောင်ရွက်ပေးမှာပါ။ ဒေသခံတွေလည်း ဒီသတင်းကြားလို့ ဝမ်းသာနေကြပါတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒီရေတောပျက်စီးမှုမှာ အနည်းငယ်သာရှိပြီး အခြားမြေသုံးစွဲခွင့် လွှဲမှားပြီးသုံးသည့်နေရာများသာ ပျက်စီးမှုရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

အမေရိကန်၌အခြေစိုက်သည့် LanDesa ဒီရေတော ထိန်းသိမ်းရေးအဖွဲ့၏ ရန်ကုန်တောင်ပိုင်းခရိုင်တာဝန်ခံ ကိုဇော်မင်းသူကလည်း "ဒီရေတောတွေကို ဒေသခံ လေး၊ ငါးထောင်လောက်က လက်မှတ်ထိုးပြီး တောင်းဆိုထားပါတယ်။ ဒီရေတောဧရိယာတွေမှာ ပုစွန်ကန်တွေရှိနေလို့ ဆုံးဖြတ်ချက်မချနိုင်သေးတော့ ဒေသခံတွေက စောင့်နေရတာ သုံးနှစ်လောက်ရှိပြီ။ သတ်မှတ်ပြီးရင်တော့ နိုင်ငံတော်အစိုးရက ဒီရေတောအစုအဖွဲ့ပိုင်သစ်တောဆိုပြီး လက်ခုပ်ကုန်းဘက်မှာ၊ ဆယ်အိမ်တန်းကမ်းခြေဘက်မှာ မြင်ရတဲ့ ဒီရေတောတွေလို ဒေသခံတွေကို ဒီရေတောလုပ်ပိုင်ခွင့်နဲ့ ခွဲဝေချထားပေးမယ်။ ဒေသခံတွေက ထိန်းသိမ်းမယ်။ ငါး၊ ပုစွန်တွေ၊ ထင်းတွေ ပေါ်များလာမယ်။ Ecotourism ဖွံ့ဖြိုးလာမယ်။ ဒီရေတောထိန်းသိမ်းဖို့ သက်ဆိုင်ရာ ကျေးရွာတိုင်းမှာ အသိပညာပေးထားပြီးပြီ။ အဖွဲ့တွေလည်းရှိတယ်။ ခေါင်းဆောင်တွေလည်းရှိပါတယ်။ ဒီရေတောကို ထိန်းသိမ်းချင်ပါတယ်လို့လည်း ကျောက်တန်းနဲ့ သုံးခွဘက်က ကျေးရွာတွေက လက်မှတ်ထိုးပြီး တင်ပြထားပြီးပြီ။ အကုန်လုပ်ထားပြီးပြီ။ အဆင်သင့်ပါပဲ။ အမြန်ဆုံးဖြစ်ပါစေလို့ ဆုတောင်းနေရတယ်"ဟု ပြောသည်။

ဒီရေတောများအတွင်း လန(၃၉)ရသည့် ပုစွန်မွေးမြူရေးကန်များနှင့် လျှောက်ထားဆဲဖြစ်ပြီး အမှန်တကယ်မွေးမြူနေသောပုစွန်ကန်များကို ချန်ထား၍ အခြား ကျူးကျော်လုပ်ကိုင်နေသူများအား တရားစွဲဆိုသွားရန်လည်း ပြင်ဆင်နေကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **သန့်ဇင်ဝင်း**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှုကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးများမှ ဝန်ထမ်းများသည် သက်ဆိုင်ရာဒေသများမှ ဒေသခံပြည်သူများ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် သစ္စာစီမံချက်ဖြင့် အများပြည်သူရုံးပိတ်ရက်များပါမကျန် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

### ဝိုင်းဝန်းပူးပေါင်း

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဇေယျာတုမင်္ဂလာခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းတို့က သွားရောက်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှု၊ မဲစာရင်းများ မှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် သစ္စာစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူတစ်ဦးချင်း လက်ဝယ်သို့ အသီးသီးပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် စာရွက်စာတမ်းများ ဖြည့်သွင်းပြုစုဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။
သတင်းစဉ်

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက်ရှိ မာဃဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက် ထုတ်ပေးနေမှုများကို ကြည့်ရှုအားပေး၍ ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူတစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်ကြသည်။

### သစ္စာစီမံချက်ရေးဆွဲ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ လက်ငင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်မှုအဖြစ် သစ္စာစီမံချက်ရေးဆွဲကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ထုတ်ပေးခဲ့မှု၊ ယခုအခါ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့်ရရှိစေရေးအတွက် လိုအပ်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်က မဲစာရင်းပြုစုထုတ်ပြန်မှုနှင့် မဲစာရင်းများတွင် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး၏ အမှတ်များဖော်ပြရန် ကျန်ရှိနေသည့်စာရင်းများအား သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မိမိဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအား ဂရုပြုထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်ရေးနှင့် မဲစာရင်းတွင် အမည်စာရင်းပါရှိပြီး မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုးမရှိသော်လည်း မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်သွားရမည့်အစီအမံများ၊ မိမိဌာနလုပ်ငန်း ဆောင်ရွက်မှုများသည် ပြည်သူ့အကျိုးအတွက်ဖြစ်သည်နှင့်အညီ ပြည်သူများအားလုံးက ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### အခက်အခဲများ မေးမြန်းဖြည့်ဆည်း

ဆက်လက်၍ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်က ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲစာရင်းများ ပြုစုထုတ်ပြန်ထားရှိမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဝန်ထမ်းများက ဒေသခံပြည်သူများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် စာရွက်စာတမ်းများ ဖြည့်သွင်းဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများ၏ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယနေ့တွင် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးသည့် မရမ်းကုန်းမြို့နယ်၌ အသက် (၁၀)နှစ်မှ (၁၈)နှစ်ပြည့်သူ ၇၈ ဦး၊ ပျောက်ဆုံး/ပျက်စီး၊ မိတ္တူလျှောက်ထားသူ ၁၉ ဦး၊ အသက် (၁၈)နှစ် ပြည့်လျှောက်ထားသူ ၆၀ စုစုပေါင်း၁၅၇ဦးကိုလည်းကောင်း၊တောင်ဥက္ကလာပမြို့နယ်၌ အသက်(၁၀)နှစ်မှ (၁၈)နှစ်ပြည့်သူ ၃၀၊ ပျောက်ဆုံး/ပျက်စီး၊ မိတ္တူလျှောက်ထားသူ ၇၀၊ အသက်(၁၈)နှစ်ပြည့်လျှောက်ထားသူ ၂၀ စုစုပေါင်း ၁၂၀ ကိုလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသီးသီးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့၊ ပြည်သူ့အတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် ရှင်းလင်း

မကွေး ဩဂုတ် ၉

**မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်းများကြောင့် ကရင်ပြည်နယ်၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးခြင်း၊ စားနပ်ရိက္ခာများ၊ ဆန်ရိက္ခာဖိုး ငွေများ၊ ပျက်စီး/ပြောင်းရွှေ့ရသော နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးများ ထောက်ပံ့ခြင်းများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။**



ထိုသို့ ဆောင်ရွက်လျက်ရှိရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၍ ကူညီထောက်ပံ့ခြင်း လုပ်ငန်းများကို သွားရောက် ဆောင်ရွက်ပေးကြသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့နယ် မြေနုကျွန်းကျေးရွာသို့ စက်လှေများဖြင့် သွားရောက်ကြပြီး ရွာဦးဘုန်းကြီးကျောင်း၌ ဆရာတော်အား ဖူးမြော်ကြည်ညို၍ အလှူငွေများ လှူဒါန်းကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ရေနစ်မြုပ်မှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေကြီးနစ်မြုပ်မှုများကြောင့် ပျက်စီး/ ရွှေ့ပြောင်းရသော နေအိမ် ၂၄၈ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၄၈ သိန်း၊ လူဦးရေ ၉၆၃ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်း ငွေကျပ် ၂၀၂၂၃၀၀ ကို ဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာနက ဘေးသင့်ပြည်သူများထဲမှ ထိခိုက်လွယ်အုပ်စုများတွင် ပါဝင်သော သက်ကြီးရွယ်အိုများ၊ အသက်(၅)နှစ်အောက် ကလေးငယ်များ၊ မသန်စွမ်းသူများနှင့် ကိုယ်ဝန်ဆောင် မိခင်များ လူဦးရေ စုစုပေါင်း ၂၀၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၆၀၃၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး(ဝဲပုံ) ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးမြို့နယ်သို့ သွားရောက်ပြီး ဘက်စုံသုံးဘေးဒဏ်ခံအဆောက်အဦ၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူ ၁၈၄၉ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၈၈၂၉၀၀၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လက်ဆေးဆပ်ပြာများနှင့် နှာခေါင်းစည်းများကို ဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်သည်။

### ပါဝင်ဆောင်ရွက်

ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးများတွင် ရေဘေး၊ လေပြင်းဘေး၊ ကမ်းပြိုဘေး၊ မြေပြိုဘေး စသောဘေးအမျိုးမျိုးကို ရင်ဆိုင်တုံ့ပြန်ခြင်း၊ ဘေးဒုက္ခ ခံစားရသော ပြည်သူများအား ထောက်ပံ့ကူညီခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် မိမိတို့ဝန်ကြီးဌာန၏ တာဝန်ဖြစ်ပါကြောင်း၊ ယခုကာလတွင် သဘာဝဘေးများအပြင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဘေးပါ ရင်ဆိုင်နေရ၍ အထူးဂရုစိုက်စေလိုကြောင်း၊ ကပ်ရောဂါဘေးနှင့် ပတ်သက်၍ အစိုးရက ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်၊ ကုသရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ကပ်ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ရန် လက်ဆေးခြင်း၊ Mask တပ်ခြင်းနှင့် အတတ်နိုင်ဆုံး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့ကပ်ရောဂါကြောင့် ပြည်သူများ အခက်အခဲကြုံတွေ့ရချိန်တွင် အစိုးရအနေဖြင့် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက် (CERP) ကို ချမှတ်၍ အားလုံးတစ်ပေါင်းတည်း ကျော်လွှားခြင်း လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနကလည်း ပါဝင်ဆောင်ရွက်ပါကြောင်း။

### အားလုံးသာတူညီမျှ ခံစား

အဆိုပါ အစီအစဉ်တွင် ပြည်သူများ တိုက်ရိုက်အကျိုးရှိစေမည့် လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ခြင်း၊ ထိခိုက်အုပ်စုများနှင့် ဘေးဒဏ်ခံစားရသောသူများအား ထောက်ပံ့ခြင်း အထူးအစီအစဉ်များ ပါဝင်ကြောင်း၊ ပုံမှန်ပေးအပ်နေသော လူမှုရေးပင်စင်တွင် အကျုံးမဝင်သေးသော အသက်(၈၀) မှ အသက်(၈၄) နှစ်အထိ ဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် တစ်ကြိမ်၊ MCC အစီအစဉ်တွင် အကျုံးမဝင်သေးသော ဒေသများရှိ ကိုယ်ဝန်ဆောင်များအား တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် တစ်ကြိမ်နှင့် ထိခိုက်လွယ်အုပ်စုများအတွက် တစ်ကြိမ်ထောက်ပံ့ခြင်း စသည်ဖြင့် လာမည့်စက်တင်ဘာလအတွင်း အပြီးပေးအပ်ထောက်ပံ့မည်ဖြစ်ပါကြောင်း၊ အစိုးရ၏ဆောင်ရွက်မှုများသည် အားလုံးသာတူညီမျှ ခံစားရရှိရေးကို ဦးတည်ပြီး မူဝါဒ၊ မဟာဗျူဟာ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ပါကြောင်း၊ အစိုးရ၏ ရေတိုဆောင်ရွက်ချက်များကို ပြည်သူများ ခံစားရရှိနေပြီဖြစ်ပြီး ရေရှည်မျှော်မှန်းပြီး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ထိရောက်မြန်ဆန်စွာ အကောင်အထည်ပေါ်လာရန် ပြည်သူများက ပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ပြောပြချင်တဲ့ ရုပ်ရှင်ဝေဖန်ရေးအကြောင်း

ကိုညို(ကမာရွတ်)


ယနေ့မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့် ခရီးရောက်ချိန်တွင် မြန်မာ့ရုပ်ရှင်ကား ရိုက်ကူးတင်ပြပုံနှင့် ဇာတ်ကား အရည်အသွေး၊ အဆင့်အတန်းတို့ ပြောင်းလဲတိုးတက်မှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော်မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့်ခရီးအလွန်တွင် မြန်မာ့ရုပ်ရှင်လောကကြီးအနေဖြင့် များစွာ ကြိုးပမ်းကြရဦးမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်လောကတွင် သရဲကားခေတ်ကောင်းလျှင် သရဲကားရိုက်၊ ဟာသကား ခေတ်ကောင်းလျှင် ဟာသကား၊ မင်းသားတွေ မိန်းမလိုဝတ်ပြီး မိန်းမလျာပုံ လုပ်ကာ ခေတ်ကောင်းလျှင် ရှိသမျှမင်းသားအကုန် မိန်းမလျာလိုရိုက်၊ ထို့ကြောင့် ရုပ်ရှင်ဖန်တီးမှု အတတ်ပညာနှင့် သရုပ်ဆောင်အရည်အသွေးတို့ လျော့နည်းလာခဲ့သည်။ ယင်းသို့ဖြင့် မြန်မာ့ရုပ်ရှင်အပေါ် ရုပ်ရှင်ချစ်သူပရိသတ်ကြီး၏ စိတ်ဝင်စားမှုလျော့ပါးခဲ့သည်။ ရုပ်ရှင်ဇာတ်ကားကို အနုပညာမြောက်အောင် ရိုက်ကူးထုတ်လုပ်တင်ပြသော တန်းမြင့်ဇာတ်ကားများရှိသော်လည်း ရုပ်ရှင်လောကကြီး၏ အသိအမှတ်မပြု၊ မျက်ကွယ်ပြုခံရသည့် အခြေအနေများလည်း ဖြစ်ပေါ်ခဲ့ရသည်။


အဆိုပါအခြေအနေမှာ မြန်မာ့ရုပ်ရှင်လောကကြီးတွင် ရုပ်ရှင်ဝေဖန်ရေးကောင်း ကင်းမဲ့နေခြင်းကြောင့်ဟု ဆိုရမည်ဖြစ် သည်။ ထို့ကြောင့် ယခုဆောင်းပါးမှနေပြီး မြန်မာ့ရုပ်ရှင်လောကတွင် ပြောင်မြောက်သော ရုပ်ရှင်ဝေဖန်ရေးများ ရှိခဲ့သည်ကို မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့်ခရီးအထိမ်းအမှတ်အဖြစ် တစေ့တစောင်းရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ဤတွင် ရုပ်ရှင်ဝေဖန်ရေးအကြောင်းပြောရလျှင် "ဒါဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါခင်ဗျား" ခေါင်းစဉ်ဖြင့် ၁၉၅၇ ခုနှစ် ကြေးမုံသတင်းစာမှစပြီး ကြေးမုံခင်မောင်ရီ အမည်ဖြင့် ရုပ်ရှင်ဝေဖန်ရေးကို တစိုက်မတ်မတ်ရေးခဲ့သည့် သတင်းစာဆရာ စိန်ခင်မောင်ရီအကြောင်းကို ချန်လှပ်၍ မရနိုင်ပါ။ သူ၏ ရုပ်ရှင်ဝေဖန်ရေးများက ထက်မြက်ထိရောက်သလို သတင်းခေါင်းတပ်ရာတွင်လည်း လက်သံပြောင်သည့်အတွက် ဆရာဇဝနက ခင်မောင်ရီ၏ရှေ့တွင် စိန်တပ်ပေးခဲ့ခြင်းဖြစ်သည်။ (ယနေ့ခေတ် မီဒီယာသမားတချို့က စိန်ခင်မောင်ရီကို ဆိုင်းဆရာ ရွာစားလားဟု မေးခဲ့သည်ကို ကြားဖူးသည်)။

စိန်ခင်မောင်ရီ ကြေးမုံသတင်းစာတိုက် အယ်ဒီတာချုပ်တာဝန်ထမ်းဆောင်နေစဉ်က စာရေးဆရာ အသင်း အတွင်းရေးမှူးအနေဖြင့် အင်္ဂလန်နှင့် ရုရှားနိုင်ငံတို့သို့ သွားခဲ့ရသည်။ ထို့အပြင် မြန်မာနိုင်ငံရုပ်ရှင်ဆင်ဆာ



စိန်ခင်မောင်ရီ ရုပ်ပြောင်(ကာတွန်းမြေဇာ လက်ရာ)




စိန်ခင်မောင်ရီ ဟောပြောပွဲပိုစတာ

**" ရုပ်ရှင်ဝေဖန်ရေးအကြောင်းပြောရလျှင် "ဒါဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါခင်ဗျား" ခေါင်းစဉ်ဖြင့် ၁၉၅၇ ခုနှစ် ကြေးမုံသတင်းစာမှစပြီး ကြေးမုံခင်မောင်ရီ အမည်ဖြင့် ရုပ်ရှင်ဝေဖန်ရေးကို တစိုက်မတ်မတ်ရေးခဲ့သည့် သတင်းစာဆရာ စိန်ခင်မောင်ရီ အကြောင်းကို ချန်လှပ်၍ မရနိုင်ပါ။ သူ၏ ရုပ်ရှင်ဝေဖန်ရေးများက ထက်မြက်ထိရောက်သလို သတင်းခေါင်းတပ်ရာတွင်လည်း လက်သံပြောင်သည့်အတွက် ဆရာဇဝနက ခင်မောင်ရီ၏ရှေ့တွင် စိန်တပ်ပေးခဲ့ခြင်းဖြစ်သည်"**

အဖွဲ့ဝင်အဖြစ်လည်း ပါခဲ့ဖူးသည်။ ရုပ်ရှင်ဝေဖန်ရေးဆရာစိန်ခင်မောင်ရီသည် ၁၉၈၅ ခုနှစ် အမျိုးသားစာပေဆု (ဘာသာပြန်(သုတ) ဆု)ကို "အနာဂတဟန်" အမည်ရှိ စာအုပ်နှင့် ချီးမြှင့်ခံရပါသည်။ စိန်ခင်မောင်ရီသည် ရုပ်ရှင်ဝေဖန်ရေးများ ရေးနေသော်လည်း "အမွန်က တစ်ဖက်၊ သူတို့က တစ်ဖက်" နှင့် " ရွှေလက်ဖြင့် ခေါ်လဲမလာ" ရုပ်ရှင်ဇာတ်ညွှန်းတို့ကိုလည်း ရေးခဲ့ဖူးသည်။ ထို့အပြင် စောင်းသိန်းဖေဆိုခဲ့သည့် "ငွေညို့ပင်" မြန်မာ့အသံ ဓာတ်ပြားရသီချင်းသည် စိန်ခင်မောင်ရီ၏လက်ရာ ဖြစ်သည်။ ပြဇာတ်တွင်လည်း "မြေပိုင်ရှင် ဦးကံကောင်းနဲ့သမီးများ" ပြဇာတ်သည် သူ့လက်ရာ ဖြစ်သည်။

သတင်းစာဆရာ၊ အမျိုးသားစာပေဆုရှင်၊ စာရေးဆရာ၊ သီချင်း၊ ဇာတ်ညွှန်း၊ ပြဇာတ်ရေးဆရာ၊ ဘာသာပြန်ဆရာ စသည့်စွယ်စုံရ စိန်ခင်မောင်ရီသည် မဟောသီမဂ္ဂဇင်းတွင် ရုပ်ရှင်ဝေဖန်ရေး ပင်တိုင်ရေးသားရင်း ၁၉၉၂ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။


ထို့ကြောင့် မြန်မာ့ရုပ်ရှင်လောကကြီး နှစ်(၁၀၀) ပြည့်မြောက်ခရီးတွင် သတင်းစာဆရာ၊ ရုပ်ရှင်ဝေဖန်ရေးဆရာ စိန်ခင်မောင်ရီဆိုသော ပြယုဂ်သည် ပျောက်ပျက်မေးမှိန်သွား၍ မရနိုင်ပါ။ ရုပ်ရှင်လောကကြီးအတွက် ထင်ရှားပေါ်လွင်သော ရုပ်ရှင်ဝေဖန်ရေးအကြောင်းအရာတစ်ရပ် ဖြစ်နေသည်။

ဆရာစိန်ခင်မောင်ရီ ကြေးမုံသတင်းစာတွင် အယ်ဒီတာလုပ်ပြီး ရုပ်ရှင်ဝေဖန်ရေးများ ရေးနေချိန်က ကြေးမုံသတင်းစာတိုက်ပေါ်သို့ လူလေးငါးယောက်လောက်တက်လာပြီး ရန်ရှာခံရဖူးသည်။ သူတို့ ရုပ်ရှင်ဇာတ်ကားကို ဝေဖန်ရေး ရေးသဖြင့် မကျေနပ်သည့်အတွက် အုပ်စုဖွဲ့ပြီး ရန်လာရှာခြင်း ဖြစ်သည်။ ထို့အပြင် ချောင်းရိုက်မည်ဆိုပြီး နေအိမ်သို့လည်း ပစ်စာတွေ ရောက်ခဲ့သည်။


ဆရာစိန်ခင်မောင်ရီသည် နောက်ပိုင်းကာလများတွင် မဟောသီမဂ္ဂဇင်း၌ ပင်တိုင်ရုပ်ရှင်ဝေဖန်ရေး ရေးခဲ့သည်။ ထူးခြားချက်မှာ မြေနီကုန်းရှိ ရွှေမန်း၊ ရတနာပုံ၊ တပင်ရွှေထီး ရုပ်ရှင်ရုံများတွင်တင်သည့် မြန်မာရုပ်ရှင်ဇာတ်ကားသုံးကားကို တစ်နေ့တည်းကြည့်ပြီး တစ်ညလုံး ရုပ်ရှင်ဝေဖန်ရေး ထိုင်ရေးခဲ့ခြင်းပင်ဖြစ်သည်။ (ရုပ်ရှင်ရုံကြီးကြပ်ရေးမှူးများက စိန်ခင်မောင်ရီမှန်းသိသည့်အချိန်မှစပြီး ရုပ်ရှင်ရုံဝင်ခ သက်သာခဲ့သည်။)

ယင်းသို့ ကြည့်သည့်အခါ ရုပ်ရှင်ကြည့်ပရိသတ်၏ ပြောသံဆိုသံတို့ကို နားထောင်ပြီးမှ ဝေဖန်ရေး ရေးခဲ့သည်ဟု သိရသည်။ သူ့ကို ရုပ်ရှင်လောကသားတချို့က စိန်ခေါ်ဖူးသည်။ ရုပ်ရှင်ဇာတ်ကား မရိုက်တတ်ဘဲ ဝေဖန်ရေး ရေးသည်ဟုဆိုခြင်းကို ဆရာစိန်ခင်မောင်ရီက ထမင်းစားဝိုင်းနှင့် ဥပမာပေး ချေပဖူးသည်။ ထမင်းစားသူသည် ထမင်းဝိုင်းမှာပါသည့် ဟင်းလျာတို့၏ အပေါ့၊ အငန်၊ အစပ်ရသာတို့ ပြောနိုင်ရန်အတွက် ဟင်းချက်တတ်ရန် မလိုဟူ၍ ပြန်တုံ့ပြန်ဖူးသည်ဟု သိရသည်။

မြန်မာ့ရုပ်ရှင် နှစ်(၁၀၀) ပြည့်ခရီးအထိမ်းအမှတ်အဖြစ် တစ်ခေတ်တစ်ခါက ရှိခဲ့ဖူးသည့် ရုပ်ရှင်ဝေဖန်ရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရုပ်ရှင်ဝေဖန်ရေးဆရာ စိန်ခင်မောင်ရီ၏ အကြောင်းအရာ တစ်စိတ်တစ်ဒေသကို အမှတ်တရပြန်လည်တင်ပြလိုက်ပါသည်။ ။



ရုပ်ရှင်မင်းသား ဝင်းဦး မွေးနေ့ပွဲတွင် စိန်ခင်မောင်ရီအပါအဝင် စာနယ်ဇင်းပုဂ္ဂိုလ်များ။



စိန်ခင်မောင်ရီ လန်ဒန်သွားခဲ့စဉ်က။

---

### သထုံမြို့နယ်
### ဒီမော်ကျေးရွာအုပ်စုအတွက် ကျေးရွာမတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေး

နေပြည်တော် ဩဂုတ် ၉

ကိုဗစ်ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက်က သထုံမြို့နယ် ဒီမော်ကျေးရွာအုပ်စု ကုလားကုန်းကျေးရွာနှင့် သုံးအိမ်စုကျေးရွာ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိက စီမံကိန်းနှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားပြီး ကုလားကုန်းကျေးရွာ၌ အိမ်ထောင်စု ၃၄ စုအတွက် ငွေကျပ်သိန်း ၂၀၀ နှင့် သုံးအိမ်စုကျေးရွာ၌ အိမ်ထောင်စု ၂၄ စုအတွက် ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးမှုကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြောင်း သိရသည်။

သီဟစည်သူ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ထံ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ တာဝန်ရှိသူများက ကိုဗစ် - ၁၉ ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ



**ရန်ကုန် ဩဂုတ် ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နံနက်ပိုင်းက အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ သွားရောက်ခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်နေသည့် ဝန်ထမ်းများနှင့်တွေ့ဆုံကာ အားပေးချီးကျူးစကား ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)၊ အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်နှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ လုပ်ငန်းများ၊ အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြရာ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ လုပ်ငန်းများကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)၊ ဆေးသုတေသနဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) နှင့် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) တို့တွင် ဆောင်ရွက်နေမှု၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)တွင် ဓာတ်ခွဲစစ်ဆေးမှုများအတွက် ဓာတ်ခွဲစက်ပစ္စည်းကိရိယာများ၊ ဓာတ်ခွဲပစ္စည်းများ၊ ဆက်စပ်ပစ္စည်းကိရိယာများ၊ ဓာတ်ခွဲခန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိခဲ့မှု၊ ဩဂုတ် ၇ ရက်အထိ ကိုဗစ်-၁၉ ဓာတ်ခွဲနမူနာပေါင်း ၁၃၀၀၀၀ ကျော်ကို စစ်ဆေးပြီးစီးခဲ့မှု၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (လားရှိုး) တို့တွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ယခုဩဂုတ်လအတွင်း ခရိုင်မြို့ (၂၆) ခု၌ GeneXpert စက်များအသုံးပြုကာ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်နိုင်ရန် ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် “ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးခြင်း စွမ်းဆောင်ရည်တိုးချဲ့မှု” အစီအစဉ်ကို ရေးဆွဲထားရှိမှုကိုလည်းကောင်း။

အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့်အညီ ဖွဲ့စည်းပုံတိုးချဲ့ရန်ကိစ္စ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)၏ ဗက်တီးရီးယားဗေဒဌာန၊ ဗိုင်းရပ်စ်ဗေဒဌာန၊ ကပ်ပါးဗေဒဌာန၊ သွေးရည်ကြည်ဗေဒဌာန၊ ရောဂါရှာဖွေမှုဌာန၊ ရောဂါပြီးဗေဒဌာနနှင့် မှိုဗေဒဌာနတို့တွင် ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များ၊ ဌာနအသီးသီးတွင် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဓာတ်ခွဲမှုဆိုင်ရာ သင်တန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၏ အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်းမှုများ အားကောင်းသဖြင့်သာ ဤရောဂါကို ယခုအခြေအနေအထိ ထိန်းချုပ်နိုင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့သည် ဤပုံစံဖြင့် ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သည် နိုင်ငံနှင့် ဝန်ကြီးဌာနတို့၏ အဓိက ကျန်းမာရေးဓာတ်ခွဲဌာနကြီးဖြစ်သည့်အပြင် အခြားမြောက်မြားစွာသော ဗိုင်းရပ်စ်၊ ဗက်တီးရီးယားနှင့် မှိုများကြောင့်ဖြစ်ပွားသော ရောဂါများကို ဖော်ထုတ်ခြင်း၊ လူ့ကိုယ်အင်္ဂါအစိတ်အပိုင်းများ၏ လုပ်ငန်းဆောင်တာများ ကောင်း၊ မကောင်း စစ်ဆေးခြင်းတို့အပါအဝင် လုပ်ငန်းတာဝန်များလည်း များပြားသဖြင့် ဖွဲ့စည်းပုံကို အမြန်ဆုံးတိုးချဲ့ပေးမည်ဖြစ်ပါကြောင်း။

ယခုအခါ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ လုပ်ငန်းပမာဏသည် မထင်မှတ်ဘဲ အထူးများပြားလာပါသဖြင့် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်ရာ၌ အဆင်ပြေမှုရှိစေရန် ဝန်ကြီးဌာနအနေဖြင့် ဘက်စုံရှုထောင့်မှ သုံးသပ်ကာ အမြန်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ French Development Agency (AFD) ၏ ပံ့ပိုးမှုနှင့် ချေးငွေတို့ဖြင့် ဆောင်ရွက်နေသည့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) တွင် ဇီဝလုံခြုံမှုအဆင့် - ၃ (Biosafety level – 3) ရှိ ဓာတ်ခွဲခန်းတည်ဆောက်မှုအပါအဝင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသောအချိန်အတွင်း ပြီးမြောက်ရန် ဆောင်ရွက်စေလိုပါကြောင်း၊ ဆရာဝန်များ၏ ရောဂါကုသမှု ပိုမိုထိရောက်မှန်ကန်စေရန်မှာ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ အဖြေများအပေါ်မူတည်နေသဖြင့် အရည်အသွေးပြည့်ဝမှုကို အမြဲတမ်းဆန်းစစ်သုံးသပ်နေရမည်ဖြစ်ပါကြောင်း။

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသော အမျိုးသားအဆင့် တုပ်ကွေးဗိုင်းရပ်စ်ဓာတ်ခွဲခန်း၊ ဝက်သက်နှင့် ဂျိုက်သိုးဗိုင်းရပ်စ်ဓာတ်ခွဲခန်းနှင့် ပိုလီယို ဗိုင်းရပ်စ်ဓာတ်ခွဲခန်းများလည်းရှိသည့်အတွက် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍအတွက် အလွန်အရေးကြီးသည့် ဌာနကြီးဖြစ်သောကြောင့် ဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရှင်းလင်းတိကျစွာ တင်ပြရှင်းလင်းမှုများသည်မှာ ကောင်းမွန်ပြီး လိုအပ်ချက်များကို ဝန်ကြီးဌာနမှ ဦးစားပေးသတ်မှတ်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလှကျော် ရောဝတီမြစ်နှင့် ငဝန်မြစ် ရေတားတာများကြံ့ခိုင်မှုနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၁၀ နာရီက ဟင်္သာတ ကမ်းနားတာ (အိပ်ပျက်)တွင် တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းနှင့် ဖြတ်တာသစ်တွင် ရေဝင်ရောက်မှုအခြေအနေများ၊ မြစ်ကမ်းကာကွယ်ခြင်းလုပ်ငန်း၊ လှိုင်းကာတန်းရိုက်ခြင်းလုပ်ငန်း၊ ကမ်းပြိုကမ်းစားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဟင်္သာတမြို့နယ် ရောဝတီ-ဟင်္သာတ တာ တာမိုင် ၄ မိုင်၊ ၆ ဖာလုံသို့ ရောက်ရှိစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက ဟင်္သာတ ကမ်းနားတာ တာမိုင် ၅ မိုင်၊ ၂ ဖာလုံနှင့် ရောဝတီ-ဟင်္သာတတာ တာမိုင် ၄ မိုင်၊ ၆ ဖာလုံတွင် တည်ဆောက်ပြီးစီးသည့် ဖြတ်တာသစ် အခြေအနေများကို လည်းကောင်း၊ ဖြတ်တာသစ်အား ကြံ့ခိုင်မှုရှိစေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှု အခြေအနေများကို လည်းကောင်း၊ ဟင်္သာတခရိုင်အတွင်း ကမ်းပြိုကမ်းစားမှု အခြေအနေများနှင့် ရေကင်းစခန်း ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ရောဝတီမြစ်ရေတိုက်စားမှုကြောင့် မြို့ရွာ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မထိခိုက်စေရေး အလေးထားဆောင်ရွက်ရန် လိုအပ်မှု၊ မြစ်ရေစီးဆင်းမှုလမ်းကြောင်းအရ ကမ်းပြိုကမ်းစားမှုအခြေအနေများ လျော့နည်းသက်သာစေရန် သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ မြစ်ရေတိုက်စားမှုကြောင့် ဖြစ်ပေါ်လာမှုသည် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်နှင့် ဖြတ်တာသစ်တွင် တာအိတာလျှောခြင်းများ မဖြစ်ပေါ်စေရန်၊ မြစ်ရေစီးကြောင်းကြောင့် ကမ်းပြို ကမ်းစားခြင်းနှင့် ထိခိုက်ဆုံးရှုံးမှုအပေါ် ပြန်လည်ကုစားနိုင်မည့် နည်းလမ်းများအား ဝိုင်းဝန်းပူးပေါင်း၍ လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဟင်္သာတကမ်းနားတာ တာမိုင် ၄ မိုင်၊ ၆ ဖာလုံ ဦးမိုးလေး (ဖြတ်တာ-၁) ကမ်းပြိုကမ်းစားမှုအခြေအနေများ၊ ဟင်္သာတကမ်းနားတာ တာမိုင် ၅ မိုင်၊ ၂ ဖာလုံ နှင့် ရောဝတီ-ဟင်္သာတတာ တာမိုင် ၄ မိုင်၊ ၆ ဖာလုံတွင် တည်ဆောက်ပြီးစီးသည့် ဖြတ်တာအသစ်၊ ရေကင်းစခန်းများနှင့် မြစ်ရေစီးကြောင်း ပြောင်းလဲမှုအား မြစ်ကမ်းနံရံမှ သွေဖည်သွားစေရေး ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြန်အောင်မြို့နယ် မြန်အောင်တာ တာမိုင် ၆ မိုင်၊ ၃ ဖာလုံ နှင့် ၆ မိုင်၊ ၇ ဖာလုံ သို့ရောက်ရှိပြီး ကမ်းရင်းတာ၊ ပန်းတာနှင့် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကမ်းစားမှုများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ကမ်းပြိုကမ်းစားမှု ကာကွယ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းနှင့် ဆက်လက်ကမ်းပြိုမှုမရှိစေရေး ဆောင်ရွက်ထားမှု၊ ဟင်္သာတခရိုင်အတွင်း ရေဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများအတွက် အရေးပေါ်အသုံးပြုနိုင်ရန် စက်ယန္တရားကြီးများ အသင့်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ခရိုင် ရေကြည်မြို့နယ်နှင့် သာပေါင်းမြို့နယ်များသို့ ရောက်ရှိပြီး ငဝန်တာ တာမိုင် ၄၅ မိုင် မှ ၄၆ မိုင် ၂ ဖာလုံ အခြေအနေကို ကြည့်ရှုစစ်ဆေးကာ မြစ်ရေကြီးချိန်တွင် ငဝန်တာတမံ ကျိုးပေါက်မှုမရှိစေရေး စနစ်တကျကာကွယ်ထိန်းသိမ်းကြရန်နှင့် ကမ်းပြိုကမ်းစားမှုမရှိစေရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် မိုးရာသီသို့ရောက်ရှိလာပါက တာတမံများ၏ အရေးကြီးနေရာများအား ဂရုပြုစောင့်ကြည့်ခြင်း၊ ပြည်သူများအား ရေဘေးကာကွယ်ရေး သရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Prepareness Plan – EPP) လုပ်ငန်းစဉ်များရေးဆွဲ၍ လုပ်ငန်းစဉ်အဆင့် (၁)၊ (၂)၊ (၃) သတ်မှတ်ကာ လုပ်ငန်းအဆင့်အလိုက် သတင်းပို့စနစ်ကျင့်သုံးနိုင်ရန် အသိပညာပေး ဟောပြောခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မိုးရာသီကာလများတွင် ရောဝတီ-ဟင်္သာတ တာတမံများတစ်လျှောက် ဌာနရေကင်းတဲများကို ကြံခင်းမြို့နယ်တွင် တစ်ခု၊ မြန်အောင်မြို့နယ်တွင် ရှစ်ခု၊ အင်္ဂပူမြို့နယ်တွင် ၁၁ ခု၊ ဟင်္သာတမြို့နယ်တွင် ၁၃ ခု၊ ဇလွန်မြို့နယ်၊ ရောဝတီ ဟင်္သာတတာတွင် ခုနစ်ခုနှင့် ရောဝတီအရှေ့ဘက်ကမ်းတာတွင် လေးခု ပေါင်း ၁၁ ခု၊ ငဝန်တာတစ်လျှောက် လေးမျက်နှာမြို့နယ်တွင် လေးခုနှင့် ဟင်္သာတခရိုင်တွင် စုစုပေါင်း ၄၈ ခု ကိုလည်းကောင်း၊ ငဝန်တာတမံတစ်လျှောက် ရေကြည်မြို့နယ်တွင် ဌာနမှ ရေကင်းစခန်း လေးခုနှင့် သာပေါင်းမြို့နယ်တွင် ဌာနမှ ရေကင်းစခန်း လေးခု စုစုပေါင်း ရေကင်းစခန်း ရှစ်ခု ကိုလည်းကောင်း တည်ဆောက်ထားပြီး ရေဘေးကာကွယ်ရေးပစ္စည်းများ ထားရှိကာ မိုးရာသီ၌ ရေကြီးမှုဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီ ရေကင်းလှည့်လည်ခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို ပုသိမ်ခရိုင်အတွင်း ရေကြည်၊ သာပေါင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်များအပါအဝင် စုစုပေါင်း ရေဘေးကာကွယ် ဧရိယာ ၂၁၀၆၇၆ ဧကရှိသော ငဝန်တာတွင် မိုးရာသီ ရေဘေးကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ချောင်းမြောင်း ၁၅၇ မြောင်း၊ အရှည်မိုင် ၄၉၈ မိုင် တူးဖော်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မကွေးတိုင်းဒေသကြီး မကွေးခရိုင်၊ မင်းဘူးခရိုင် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် မကွေးတိုင်းဒေသကြီး မကွေးခရိုင်၊ မင်းဘူးခရိုင် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့သည် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထွက်သည့်နေ့ ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မအောင်မြင်သူများအတွက် အထူးစိတ်မကောင်းဖြစ်ရပါကြောင်းနှင့် အကောင်းဆုံး ပြန်လည်ကြိုးစား လျှောက်လှမ်းနိုင်ရေး အားပေးပါကြောင်း၊ ယခုနှစ်တွင် သတ်မှတ်ချက်နှင့်ကိုက်ညီသူများအား အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ကြောင်း လက်မှတ်ထုတ်ပေးမည်ဖြစ်ပြီး ထိုလက်မှတ်ဖြင့် သတ်မှတ်ထားသော နည်းပညာနှင့်သက်မွေးသင်တန်းများ ဆည်းပူးသင်ယူနိုင်ရန် အခွင့်အလမ်းရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ကျောင်းသား ကျောင်းသူများ ပညာသင်ယူခွင့်မဆုံးရှုံးစေရေး အခြေခံပညာ အထက်တန်းကျောင်းများကို ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ကျောင်းအုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူပြည်သူများအားလုံး လိုက်နာဆောင်ရွက်၍ သင်ကြားသင်ယူကြရန် အရေးကြီးပါကြောင်း၊ ယခု အချိန်ကာလတွင် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး၊ လုံခြုံဘေးကင်းရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေးတို့အတွက် ကိုယ်စွမ်း ဉာဏ်စွမ်းအကောင်းဆုံးဖြင့် အပင်ပန်းခံဆောင်ရွက်ပေးနေကြသည့် ဆရာ ဆရာမများအားလုံးကို အထူးကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကူးစက်မြန်ရောဂါဖြစ်၍ အလေးအနက်ထား၍ နေ့စဉ် ကျောင်းအဆင့် Check List ဖြင့်စစ်ဆေးရန်၊ zero reporting ကိုလည်း ပုံမှန်နေ့စဉ်တင်ပြရန်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လေ့လာ ဆန်းစစ်သည့်အဖွဲ့များဖြင့် စစ်ဆေးရန်၊ Monitoring Squad များ ဖွဲ့စည်း ဆောင်ရွက်ရန်အရေးကြီးပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကဏ္ဍအသီးသီးတွင် အခက်အခဲ၊ ပြဿနာ၊ စိန်ခေါ်မှုများဖြင့် ကြုံတွေ့ကြရပါကြောင်း၊ အခက်အခဲ စိန်ခေါ်မှုကြားမှ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ယူမှုမဆုံးရှုံးရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး လုံခြုံဘေးကင်းသည့် အရည်အသွေး အကောင်းဆုံး ရရှိစေရေးအတွက် အားလုံးလက်တွဲကာ စေတနာ၊ မေတ္တာ၊ ကရုဏာတို့ဖြင့် ဆက်လက်၍ ဝိုင်းဝန်းပူးပေါင်းကူညီ အားဖြည့်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ပညာရေးမှူးရုံးနှင့်၊ ခရိုင်၊ မြို့နယ်၊ ကျောင်းများအလိုက် ဝက်ဘ်ဆိုက်များ တည်ဆောက်အသုံးပြုကြရန်နှင့် ဝက်ဘ်ဆိုက်များတွင် ပညာရေးလှုပ်ရှား ဆောင်ရွက်မှုများ၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် အသိပေးနိုင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အခြေခံ ပညာအထက်တန်းကျောင်းများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အဆင်ပြေချောမွေ့စွာဖြင့် သင်ကြားသင်ယူခွင့် ရရှိရေးအတွက် ဆရာ၊ စာသင်ခန်း၊ သန့်စင်ခန်း၊ စာကြည့်တိုက်၊ သောက်သုံးရေ၊ အိုင်စီတီ၊ ဝန်ထမ်းအိမ်ရာများ စသည့်လိုအပ်ချက်များကို ပံ့ပိုးကူညီ ဖြည့်ဆည်း ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မကွေးတိုင်းဒေသကြီး မကွေးခရိုင်၊ မင်းဘူးခရိုင် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

တာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်စုပေါင်းအားဖြင့် ကျောင်းသား ကျောင်းသူများအားလုံးတို့ကို လူသားကောင်းများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ၊ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သူများ၊ ဆန်းသစ်တီထွင်ဖန်တီး နိုင်စွမ်းရှိသူများဖြစ်လာစေရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက မကွေးတိုင်းဒေသကြီးအတွင်း ပညာရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးနေမှုများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးပညာရေးမှူး ဦးစိုးလွင်က ပညာရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ထားမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ဆရာ ဆရာမများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မကွေး နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး) များသို့ သွားရောက်၍ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ သက်ဆိုင်ရာတာဝန် ရှိသူများနှင့်တွေ့ဆုံကာ သင်ကြားသင်ယူရေး၊ စီမံခန့်ခွဲရေးရာဆိုင်ရာ ကိစ္စရပ် များ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ကိုဗစ်ကာလအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ကွန်ပျူတာတက္ကသိုလ် (မကွေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး)နှင့် မကွေးပညာရေး ကောလိပ် များသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## KBZ MS အထွေထွေအာမခံကုမ္ပဏီအား နိုင်ငံအလိုက် အကောင်းဆုံးအာမခံလုပ်ငန်းဆုများ လေးနှစ်ဆက်ချီးမြှင့်

**ရန်ကုန် ဩဂုတ် ၉**

စင်ကာပူနိုင်ငံအခြေစိုက် Insurance Asia အဖွဲ့အစည်းက အာရှဒေသမှ နိုင်ငံအလိုက် အကောင်းဆုံးအာမခံ လုပ်ငန်းဆုများ ရွေးချယ်ချီးမြှင့်သည့် Insurance Asia Awards 2020 ဆု ပေးအပ်ပွဲကို ဇူလိုင် ၂၃ ရက် ဒေသ စံတော်ချိန် ညနေ ၆ နာရီတွင် Video Conferencing ဖြင့် ပေးအပ်ချီးမြှင့် ခဲ့ရာ မြန်မာနိုင်ငံအတွက် KBZ MS အထွေထွေအာမခံလုပ်ငန်းအား နိုင်ငံ အလိုက် အာမခံလုပ်ငန်း ဝန်ဆောင်မှု အကောင်းဆုံးဆုများဖြစ်သည့် Domestic General Insurer of the Year – Myanmar နှင့် Digital Insurance Initiative of the Year – Myanmar ဆုများကို KBZ MS အထွေထွေအာမခံ လုပ်ငန်းမှ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်နှင့် အမှုဆောင် အရာရှိချုပ် Mr. Anil Mancham တို့ ရယူခဲ့ကြောင်း သိရ သည်။ (ယာပုံ)

Insurance Asia Awards ကို KPMG, PwC, Ernst & Young နှင့် Milliman စသည့် ငွေကြေးနှင့် အာမခံ လုပ်ငန်းဆိုင်ရာများကို စိစစ်သည့် လုပ်ငန်းကြီးများ၏ အကြီးတန်း ပုဂ္ဂိုလ်များပါဝင်သောအဖွဲ့က အာရှ တစ်ဝန်းရှိ နိုင်ငံအလိုက် အာမခံ လုပ်ငန်းကြီးများ၏ လုပ်ငန်းတိုးတက် ဆောင်ရွက်နိုင်မှုများကို စောင့်ကြည့်၊ လေ့လာသုံးသပ်၊ အကဲဖြတ်၍ ဆုများ ကို စိစစ်ရွေးချယ်ပေးအပ်ခြင်း ဖြစ်သည်။



အထက်ပါဆုများ ချီးမြှင့်ရခြင်း နှင့်စပ်လျဉ်း၍ KBZ MS အထွေထွေ အာမခံကုမ္ပဏီသည် မြန်မာနိုင်ငံ အာမခံလုပ်ငန်းကဏ္ဍတွင် ဈေးကွက် ဝေစုအများဆုံးဖြင့် ပြည်သူများ၏ အာမခံလုပ်ငန်းဆိုင်ရာ လိုအပ်ချက် များကို လျင်မြန်မှန်ကန်စွာဖြင့် အများ ဆုံးနှင့် အထိရောက်ဆုံးဆောင်ရွက် ပေးနိုင်ခြင်း၊ အာမခံလျော်ကြေးများ ကိုလည်း အချိန်နှင့်တစ်ပြေးညီ မှန်ကန်မြန်ဆန်စွာ ထုတ်ပေးနိုင်ခြင်း၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုများကို အာမခံကဏ္ဍမှ ထိရောက်စွာ ပံ့ပိုးပေးနိုင်ပြီး နိုင်ငံတော်၏ အခွန် ဘဏ္ဍာတာဝန်များကိုလည်း နှစ်စဉ် ထိပ်တန်းနေရာမှ ထမ်းဆောင်နိုင်ခြင်း၊ Digital နည်းပညာကိုအသုံးပြု၍ အာမခံလုပ်ငန်း ဝန်ဆောင်မှုများကို ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက် နိုင်ရေး Digital Transformation ကို အောင်မြင်စွာ စတင်ဆောင်ရွက်နိုင် ခြင်း စသည်တို့ကြောင့် ပေးအပ်ချီးမြှင့် ရခြင်းဖြစ်ကြောင်း သိရသည်။

ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က ယခု ကဲ့သို့ နိုင်ငံအလိုက် အကောင်းဆုံး အထွေထွေအာမခံ လုပ်ငန်းဆုကို (၄) ကြိမ်မြောက် ဆက်တိုက်ရရှိခြင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါ ကြောင်း၊ မြန်မာနိုင်ငံ ဦးဆောင် အထွေထွေအာမခံကုမ္ပဏီအနေဖြင့် Digital နည်းပညာကို ထိရောက်စွာ အသုံးပြု၍ ပြည်သူများ၏ အထွေထွေ အာမခံဆိုင်ရာ လိုအပ်ချက်များကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှု များဖြင့် ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ပြောကြား သည်။

**မြန်မာ့အလင်း**

## နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး ရာနှုန်းပြည့်လျှပ်စစ်မီးရရှိ

**မြင်းခြံ ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၈၈ ရွာ တွင် ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း မြင်းခြံခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

အဆိုပါကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ကြီးကြပ်မှုဖြင့် ပြည်ထောင်စုဘတ်ဂျက်၊ နိုင်ငံတော်ဓာတ်အားစနစ် (NEP) စီမံကိန်းများ၊ တိုင်းဒေသကြီးဘတ်ဂျက်၊ PFI စသော ဘတ်ဂျက်များအပြင် အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁ ကေဗွီ/ ၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများကို တည်ဆောက်ပေးခဲ့ပြီး ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို သက်ဆိုင်ရာ ကျေးရွာအလိုက် မီးလင်းရေးကော်မတီများ စနစ်တကျဖွဲ့စည်းကာ ကျေးရွာနေပြည်သူများမှ ထည့်ဝင်တည်ဆောက်ခြင်း ဖြစ်သည်။

ထို့အပြင် ပြည်သူများလျှပ်စစ်သုံးစွဲရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ စနစ်တကျသုံးစွဲနိုင်ရေးအတွက် ခရိုင်/မြို့နယ် လျှပ်စစ်ရုံးတာဝန်ရှိသူများမှ ကျေးရွာများသို့သွားရောက်၍ အသိပညာပေးခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်း ရေး စာစောင်များဖြန့်ဝေခြင်း၊ ကျေးရွာလိုင်းမင်းသင်တန်းများ ဖွင့်လှစ် သင်ကြားပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒုတိယခရိုင် လျှပ်စစ်မန်နေဂျာဦးတိုးတိုးအောင်က ပြောသည်။

ယခင်က နွားထိုးကြီးမြို့ပေါ်ရပ်ကွက် (၈)ရပ်ကွက်နှင့် ကျေးရွာအချို့အတွက် နွားထိုးကြီးမြို့ ၃၃/၁၁ ကေဗွီ (၁၀) အမ်ဗွီအေ နွားထိုးကြီးခွဲရုံမှ ဓာတ်အားဖြန့်ဖြူး ပေးလျက်ရှိရာ ယခုအခါ ကျေးရွာပေါင်း ၁၈၈ ရွာအတွက် ၂၀၁၇-၂၀၁၈ တိုင်း ဒေသကြီး ဘတ်ဂျက်ဖြင့် ၃၃/၁၁ ကေဗွီ (၅) အမ်ဗွီအေ ပြင်စည်ဓာတ်အားခွဲရုံနှင့် ၂၀၁၈-၂၀၁၉ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ၃၃/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဝက်လူးဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေး လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ဝန်မြစ်ရေ ငါးသိုင်းချောင်းနှင့် သာပေါင်းမြို့တွင် စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၉**

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိ နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက် အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**မိုး/ဇလ**

## ၂၀၂၀- တက္ကသိုလ်ဝင်စာမေးပွဲ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် (ဘာသာတွဲအလိုက် ကျား/မ) အောင်ချက်ပြဇယား

| စဉ် | ပြည်နယ်တိုင်းဒေသကြီး | သိပ္ပံဘာသာတွဲများ | | | | | | | ဝိပ္ပံဘာသာတွဲများ | | | | | | | ဝိဇ္ဇာဘာသာတွဲများ | | | | | | | စုစုပေါင်း | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဖြေဆို | | | အောင် | | | ရာနှုန်း | ဖြေဆို | | | အောင် | | | ရာနှုန်း | ဖြေဆို | | | အောင် | | | ရာနှုန်း | ဖြေဆို | | | အောင် | | | အောင်ရာနှုန်း |
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၁၂၈၅ | ၂၈၀၉ | ၄၀၉၄ | ၇၂၄ | ၁၅၇၉ | ၂၃၀၃ | ၅၆.၂၅ | ၁၀၀၃၇ | ၁၅၂၂၇ | ၂၅၂၆၄ | ၂၈၁၀ | ၄၁၀၈ | ၆၉၁၈ | ၂၇.၃၈ | ၃၉၁၅ | ၄၈၁၀ | ၈၇၂၅ | ၈၉၂ | ၁၃၀၇ | ၂၁၉၉ | ၂၅.၂၀ | ၁၅၂၃၇ | ၂၂၈၄၆ | ၃၈၀၈၃ | ၄၄၂၆ | ၆၉၉၄ | ၁၁၄၂၀ | ၂၉.၉၉ |
| ၂ | ကယားပြည်နယ် | ၂၉၈ | ၇၀၃ | ၁၀၀၁ | ၁၅၄ | ၃၈၅ | ၅၃၉ | ၅၃.၈၅ | ၁၁၁၁ | ၂၀၄၃ | ၃၁၅၄ | ၂၇၇ | ၅၇၃ | ၈၅၀ | ၂၇.၀၄ | ၁၅၀၇ | ၂၂၅၄ | ၃၇၆၁ | ၃၂၁ | ၆၃၀ | ၉၅၁ | ၂၅.၂၉ | ၂၉၀၆ | ၅၀၀၀ | ၇၉၀၆ | ၇၅၂ | ၁၅၈၈ | ၂၃၄၀ | ၂၉.၆၀ |
| ၃ | ကရင်ပြည်နယ် | ၇၆၉ | ၁၇၄၄ | ၂၅၁၃ | ၄၁၈ | ၉၀၂ | ၁၃၂၀ | ၅၂.၅၃ | ၅၇၀၅ | ၉၅၄၉ | ၁၅၂၅၄ | ၁၃၆၃ | ၂၅၄၀ | ၃၉၀၃ | ၂၅.၅၉ | ၁၀၅၅ | ၁၈၃၀ | ၂၈၈၅ | ၂၁၈ | ၄၄၅ | ၆၆၃ | ၂၂.၉၈ | ၇၅၂၉ | ၁၃၁၂၃ | ၂၀၆၅၂ | ၁၉၉၉ | ၃၈၈၇ | ၅၈၈၆ | ၂၈.၅၀ |
| ၄ | ချင်းပြည်နယ် | ၈၀၈ | ၁၅၂၈ | ၂၃၃၆ | ၂၆၄ | ၅၁၈ | ၇၈၂ | ၃၃.၄၈ | ၂၄၅၁ | ၃၃၈၅ | ၅၈၃၆ | ၄၉၀ | ၆၄၀ | ၁၁၃၀ | ၁၉.၃၆ | ၁၉၂၇ | ၂၂၇၁ | ၄၁၉၈ | ၃၂၄ | ၃၈၇ | ၇၁၁ | ၁၆.၉၄ | ၅၁၈၆ | ၇၁၈၄ | ၁၂၃၇၀ | ၁၀၇၈ | ၁၅၄၅ | ၂၆၂၃ | ၂၁.၂၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂၃၂၃ | ၁၉၆၈၉ | ၃၂၀၁၂ | ၆၁၄၁ | ၁၀၁၄၉ | ၁၆၂၉၀ | ၅၀.၈၉ | ၂၈၇၅၅ | ၃၄၉၄၂ | ၆၃၆၉၇ | ၈၂၁၄ | ၁၀၂၂၈ | ၁၈၄၄၂ | ၂၈.၉၅ | ၁၂၉၇၉ | ၁၆၉၁၉ | ၂၉၈၉၈ | ၃၅၆၆ | ၅၈၇၂ | ၉၄၃၈ | ၃၁.၅၇ | ၅၄၀၅၇ | ၇၁၅၅၀ | ၁၂၅၆၀၇ | ၁၇၉၂၁ | ၂၆၂၄၉ | ၄၄၁၇၀ | ၃၅.၁၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅၄၆ | ၁၀၉၇ | ၁၆၄၃ | ၃၅၄ | ၆၈၇ | ၁၀၄၁ | ၆၃.၃၆ | ၇၂၈၅ | ၁၃၄၅၄ | ၂၀၇၃၉ | ၁၉၀၃ | ၃၅၆၀ | ၅၄၆၃ | ၂၆.၃၃ | ၅၂၃ | ၇၇၁ | ၁၂၉၄ | ၁၁၂ | ၁၅၂ | ၂၆၄ | ၂၀.၄၀ | ၈၃၅၄ | ၁၅၃၂၂ | ၂၃၆၇၆ | ၂၃၆၉ | ၄၃၉၉ | ၆၇၆၈ | ၂၈.၅၇ |
| ၇ | ပဲခူး(အရှေ့) | ၄၁၀၇ | ၆၄၇၄ | ၁၀၅၈၁ | ၁၆၉၅ | ၂၉၄၈ | ၄၆၄၃ | ၄၃.၈၈ | ၁၄၈၀၉ | ၁၉၇၂၉ | ၃၄၅၃၈ | ၂၈၇၃ | ၄၅၉၂ | ၇၄၆၅ | ၂၁.၆၁ | ၂၄၄၄ | ၃၂၉၁ | ၅၇၃၅ | ၃၇၄ | ၇၁၄ | ၁၀၈၈ | ၁၈.၉၇ | ၂၁၃၆၀ | ၂၉၄၉၄ | ၅၀၈၅၄ | ၄၉၄၂ | ၈၂၅၄ | ၁၃၁၉၆ | ၂၅.၉၂ |
| ၈ | ပဲခူး(အနောက်) | ၁၃၆၈ | ၂၄၉၁ | ၃၈၅၉ | ၇၄၃ | ၁၃၉၇ | ၂၁၄၀ | ၅၅.၄၅ | ၈၈၃၉ | ၁၁၄၀၂ | ၂၀၂၄၁ | ၂၂၀၁ | ၃၁၉၈ | ၅၃၉၉ | ၂၆.၆၇ | ၁၉၀၄ | ၂၃၃၀ | ၄၂၃၄ | ၃၄၄ | ၅၉၉ | ၉၄၃ | ၂၂.၂၇ | ၁၂၁၁၁ | ၁၆၂၂၃ | ၂၈၃၃၄ | ၃၂၈၈ | ၅၁၉၄ | ၈၄၈၂ | ၂၉.၉၄ |
| ၉ | မွန်ပြည်နယ် | ၁၉၂၀ | ၃၅၂၅ | ၅၄၄၅ | ၁၁၄၉ | ၂၁၇၆ | ၃၃၂၅ | ၆၁.၀၇ | ၈၈၃၈ | ၁၄၀၉၉ | ၂၂၉၃၇ | ၂၅၄၁ | ၄၂၅၅ | ၆၇၉၆ | ၂၉.၆၃ | ၈၃၅ | ၁၃၆၁ | ၂၁၉၆ | ၁၅၅ | ၃၃၈ | ၄၉၃ | ၂၂.၄၅ | ၁၁၅၉၃ | ၁၈၉၈၅ | ၃၀၅၇၈ | ၃၈၄၅ | ၆၇၆၉ | ၁၀၆၁၄ | ၃၄.၇၁ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၈၄၇၈ | ၁၃၆၈၇ | ၂၂၁၆၅ | ၄၁၅၃ | ၇၁၆၅ | ၁၁၃၁၈ | ၅၁.၀၆ | ၂၅၁၁၈ | ၃၀၅၅၇ | ၅၅၆၇၅ | ၆၂၂၈ | ၈၃၇၈ | ၁၄၆၀၆ | ၂၆.၂၃ | ၆၀၈၈ | ၆၇၉၃ | ၁၂၈၈၁ | ၁၅၁၇ | ၂၃၃၃ | ၃၈၅၀ | ၂၉.၈၉ | ၃၉၆၈၄ | ၅၁၀၃၇ | ၉၀၇၂၁ | ၁၁၈၉၈ | ၁၇၈၇၆ | ၂၉၇၇၄ | ၃၂.၈၂ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၁၇၈၄၁ | ၂၇၉၈၃ | ၄၅၈၂၄ | ၉၂၆၃ | ၁၅၁၈၆ | ၂၄၄၄၉ | ၅၃.၃၅ | ၃၄၆၁၆ | ၃၉၀၄၅ | ၇၃၆၆၁ | ၉၆၁၁ | ၁၁၇၉၁ | ၂၁၄၀၂ | ၂၉.၀၅ | ၃၈၄၅ | ၄၂၃၀ | ၈၀၇၅ | ၈၄၆ | ၁၁၅၂ | ၁၉၉၈ | ၂၄.၇၄ | ၅၆၃၀၂ | ၇၁၂၅၈ | ၁၂၇၅၆၀ | ၁၉၇၂၀ | ၂၈၁၂၉ | ၄၇၈၄၉ | ၃၇.၅၁ |
| ၁၂ | နေပြည်တော် | ၂၃၁၅ | ၃၁၉၉ | ၅၅၁၄ | ၁၂၅၅ | ၁၈၉၇ | ၃၁၅၂ | ၅၇.၁၆ | ၇၇၆၁ | ၉၇၃၇ | ၁၇၄၉၈ | ၂၀၀၀ | ၂၇၇၁ | ၄၇၇၁ | ၂၇.၂၇ | ၁၆၃၆ | ၁၅၇၃ | ၃၂၀၉ | ၂၄၉ | ၃၄၉ | ၅၉၈ | ၁၈.၆၄ | ၁၁၇၁၂ | ၁၄၅၀၉ | ၂၆၂၂၁ | ၃၅၀၄ | ၅၀၁၇ | ၈၅၂၁ | ၃၂.၅၀ |
| ၁၃ | ရခိုင်ပြည်နယ် | ၃၃၁၃ | ၂၅၃၁ | ၅၈၄၄ | ၁၃၁၂ | ၁၂၇၃ | ၂၅၈၅ | ၄၄.၂၃ | ၁၄၄၅၈ | ၁၈၁၄၉ | ၃၂၆၀၇ | ၃၇၃၃ | ၄၄၉၈ | ၈၂၃၁ | ၂၅.၂၄ | ၃၀၈၇ | ၃၆၂၃ | ၆၇၁၀ | ၆၁၄ | ၈၈၄ | ၁၄၉၈ | ၂၂.၃၂ | ၂၀၈၅၈ | ၂၄၃၀၃ | ၄၅၁၆၁ | ၅၆၅၉ | ၆၆၅၅ | ၁၂၃၁၄ | ၂၇.၂၇ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၁၅၈၆၄ | ၂၁၇၉၇ | ၃၇၆၆၁ | ၈၆၈၃ | ၁၂၅၈၉ | ၂၁၂၇၂ | ၅၆.၄၈ | ၃၆၆၅၅ | ၃၈၇၈၅ | ၇၅၄၄၀ | ၈၂၃၃ | ၉၈၁၅ | ၁၈၀၄၈ | ၂၃.၉၂ | ၆၃၇၅ | ၅၄၆၄ | ၁၁၈၃၉ | ၇၆၄ | ၈၇၉ | ၁၆၄၃ | ၁၃.၈၈ | ၅၈၈၉၄ | ၆၆၀၄၆ | ၁၂၄၉၄၀ | ၁၇၆၈၀ | ၂၃၂၈၃ | ၄၀၉၆၃ | ၃၂.၇၉ |
| ၁၅ | ရှမ်းပြည်နယ်(တောင်) | ၃၄၅၅ | ၆၈၄၁ | ၁၀၂၉၆ | ၁၄၈၀ | ၃၁၄၅ | ၄၆၂၅ | ၄၄.၉၂ | ၁၀၀၈၄ | ၁၄၇၀၅ | ၂၄၇၈၉ | ၁၇၇၅ | ၃၂၀၃ | ၄၉၇၈ | ၂၀.၀၈ | ၁၉၂၃ | ၂၂၅၅ | ၄၁၇၈ | ၂၄၂ | ၄၇၃ | ၇၁၅ | ၁၇.၁၁ | ၁၅၄၆၂ | ၂၃၈၀၁ | ၃၉၂၆၃ | ၃၄၉၇ | ၆၈၂၁ | ၁၀၃၁၈ | ၂၆.၂၈ |
| ၁၆ | ရှမ်းပြည်နယ်(မြောက်) | ၁၆၀၄ | ၃၁၁၈ | ၄၇၂၂ | ၈၁၇ | ၁၅၉၇ | ၂၄၁၄ | ၅၁.၁၂ | ၄၃၀၀ | ၆၉၃၄ | ၁၁၂၃၄ | ၁၀၃၀ | ၁၇၁၆ | ၂၇၄၆ | ၂၄.၄၄ | ၉၅၇ | ၁၂၀၀ | ၂၁၅၇ | ၁၇၀ | ၃၂၀ | ၄၉၀ | ၂၂.၆၆ | ၆၈၆၁ | ၁၁၂၆၂ | ၁၈၁၂၃ | ၂၀၁၇ | ၃၆၃၄ | ၅၆၅၁ | ၃၁.၁၈ |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့) | ၂၅၂ | ၄၇၃ | ၇၂၅ | ၈၄ | ၁၇၂ | ၂၅၆ | ၃၅.၃၁ | ၁၅၉၂ | ၂၄၉၂ | ၄၀၈၄ | ၃၀၀ | ၄၇၅ | ၇၇၅ | ၁၈.၉၈ | ၁၀၉ | ၁၁၉ | ၂၂၈ | ၁၀ | ၁၁ | ၂၁ | ၉.၂၁ | ၁၉၅၃ | ၃၀၈၄ | ၅၀၃၇ | ၃၉၄ | ၆၅၈ | ၁၀၅၂ | ၂၀.၈၉ |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၂၈၃၆ | ၄၉၄၆ | ၇၇၈၂ | ၁၅၄၇ | ၃၀၂၁ | ၄၅၆၈ | ၅၈.၇၀ | ၁၇၉၆၇ | ၂၃၆၈၂ | ၄၁၆၄၉ | ၄၉၄၃ | ၇၆၇၁ | ၁၂၆၁၄ | ၃၀.၂၉ | ၁၉၇၄၆ | ၂၅၈၀၈ | ၄၅၅၅၄ | ၄၅၇၈ | ၈၀၆၇ | ၁၂၆၄၅ | ၂၇.၇၆ | ၄၀၅၄၉ | ၅၄၄၃၆ | ၉၄၉၈၅ | ၁၁၀၆၈ | ၁၈၇၅၉ | ၂၉၈၂၇ | ၃၁.၄၀ |
| ၁၉ | နိုင်ငံခြား | ၂၃ | ၂၅ | ၄၈ | ၁၂ | ၆ | ၁၈ | ၃၇.၅၀ | ၈ | ၂၅ | ၃၃ | ၃ | ၄ | ၇ | ၂၁.၂၁ | ၃ | ၁၄ | ၁၇ | ၀ | ၅ | ၅ | ၂၉.၄၁ | ၃၄ | ၆၄ | ၉၈ | ၁၅ | ၁၅ | ၃၀ | ၃၀.၆၁ |
| | စုစုပေါင်း(၂၀၂၀) | ၇၉၄၀၅ | ၁၂၄၆၆၀ | ၂၀၄၀၆၅ | ၄၀၂၄၈ | ၆၆၇၉၂ | ၁၀၇၀၄၀ | ၅၂.၄၅ | ၂၄၀၃၈၉ | ၃၀၇၉၄၁ | ၅၄၈၃၃၀ | ၆၀၅၂၈ | ၈၄၀၁၆ | ၁၄၄၅၄၄ | ၂၆.၃၆ | ၇၀၉၀၈ | ၈၆၉၂၆ | ၁၅၇၈၃၄ | ၁၅၂၉၆ | ၂၄၉၃၈ | ၄၀၂၃၄ | ၂၅.၄၈ | ၃၉၀၇၀၂ | ၅၁၉၅၂၇ | ၉၁၀၂၂၉ | ၁၁၆၀၇၂ | ၁၇၅၇၄၆ | ၂၉၁၈၁၈ | ၃၂.၀၆ |

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်၊ မန္တလေးတိုင်းဒေသကြီးက အောင်ချက်ရာခိုင်နှုန်း ၃၇ ဒသမ ၅၁ ဖြင့် တစ်နိုင်ငံလုံးတွင် အောင်ချက်အကောင်းဆုံး ပထမရရှိ

**မန္တလေး ဩဂုတ် ၉**

၂၀၂၀ ပြည့်နှစ် မတ်လအတွင်းက ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများအား ဩဂုတ် ၉ ရက် နံနက် ၁၀ : ၃၀ မိနစ်တွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက online မှ ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၁၂၇၅၆၀ အနက် ၄၇၈၄၉ ဦး အောင်မြင်ကာ အောင်ချက်ရာခိုင်နှုန်း ၃၇ ဒသမ ၅၁ ဖြင့် တစ်နိုင်ငံလုံးတွင် အောင်ချက်ရာခိုင်နှုန်း အကောင်းဆုံး ပထမရရှိခဲ့ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖြေဆိုသူ ၉၁၀၂၂၉ ဦးရှိခဲ့ပြီး ၂၉၁၈၁၈ ဦး အောင်မြင်ခဲ့ကာ အောင်ချက်ရာခိုင်နှုန်းမှာ ၃၂ ဒသမ ၀၆ ရှိခဲ့သည်။ မန္တလေးတိုင်းဒေသကြီးမှဖြေဆိုသူ ၁၂၇၅၆၀ အနက် ၄၇၈၄၉ ဦး အောင်မြင်ကာ အောင်ချက်ရာခိုင်နှုန်း ၃၇ ဒသမ ၅၁ ဖြင့် တစ်နိုင်ငံလုံးတွင် အောင်ချက်အကောင်းဆုံး ပထမရရှိခဲ့သည်။ အောင်ချက်အကောင်းဆုံး ဒုတိယအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေဆိုသူ ၁၂၅၆၀၇ ဦးအနက် ၄၄၁၇၀ အောင်မြင်ကာ အောင်ချက်ရာခိုင်နှုန်း ၃၅ ဒသမ ၁၇ ရှိခဲ့ကြောင်း သိရသည်။

"၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျွန်မတို့ မန္တလေးတိုင်းက တစ်နိုင်ငံလုံးမှာ အောင်ချက်အကောင်းဆုံး ပထမအဆင့် ရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ အောင်ချက်ရာခိုင်နှုန်း ၃၆ ဒသမ ၁၃ ရရှိခဲ့တဲ့အတွက် ဒီနှစ်မှာတော့ အောင်ချက် အနေနဲ့ ၁ ဒသမ ၃၈ ရာခိုင်နှုန်း တိုးတက်လာပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲမှာ တစ်ကြိမ်ကျရှုံးတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အခြေခံပညာကျောင်းကို ပြန်ပြီးတက်ခွင့်ရှိပါတယ်။ တချို့က ကျောင်းပြန်မအပ်တော့ဘူး။ ဒါက မှားနေတယ်။ တစ်နှစ်အတွေ့အကြုံရှိပြီးသား ကလေးတွေအနေနဲ့ ကျောင်းပြန်တက်ရင် ကျိန်းသေအမှတ်ကောင်းကောင်းနဲ့ အောင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းအုပ်ကြီးတွေနဲ့ ဆရာ ဆရာမတွေက ဒီနှစ်ကျရှုံးတဲ့ကလေးတွေကို ကိုယ့်ကျောင်းကို ပြန်ပြီးတက်ကြဖို့ ဖိတ်ခေါ်စေချင်သလို မိဘတွေကလည်း ကျောင်းပြန်အပ်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ကလေးတွေကလည်း စိတ်ဓာတ်မကျဘဲ ကျောင်းရင်ခွင်ကို အမြန်ဆုံးပြန်လာကြဖို့ သတင်းစကားပါးချင်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းမြင့်က ပြောသည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို အွန်လိုင်းမှ ထုတ်ပြန်ကြေညာပေးမှုအပေါ် ၆ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မန္တလေးမြို့ KMC ကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်ဖြိုးသူရိန်လင်းက "မိဘတွေနဲ့ သင်ကြားပေးတဲ့ကျောင်းအတွက် ဂုဏ်ပြုပေးနိုင်အောင်ကြိုးစားခဲ့ပါတယ်။ ဒါကြောင့် အခုလို ၆ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တဲ့အတွက် ကျွန်တော့်ရဲ့ဆန္ဒတွေ ပြည့်ဝသွားလို့ အလွန်ကို ပျော်ရွှင်နေပါတယ်။ ဒီနှစ်အောင်စာရင်းကို အွန်လိုင်းကနေ ကြည့်ရတဲ့အတွက် စောစောသိရလို့ ဝမ်းသာရသလို အောင်စာရင်း ကြေညာတဲ့အချိန်မှာလည်း လိုင်းမတက်လို့ စောင့်နေရတဲ့ အခိုက်အတန့်မှာ စိတ်တွေလှုပ်ရှားခဲ့ပါတယ်" ဟု ပြောသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေး ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၆၉ ဦးနှင့် မန္တလေးလူငယ်သင်တန်းကျောင်းမှ တစ်ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြရာ အောင်မြင်သူ စုစုပေါင်း ၄၈ ဦးရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၆၈ ဒသမ ၅၇ ရှိကာ ၎င်းတို့အနက် သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦးရှိခဲ့ကြောင်း မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိက ပြောကြားသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ယာဉ်ကြောကျပ်တည်းမှုမဖြစ်စေရေး မန္တလေးမြို့ဝင် တိုးဂိတ်သုံးခုကို နိုင်ငံတကာအဆင့်မီတည်ဆောက်မည်

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်အတွက် ယာဉ်ကြောကျပ်တည်းမှု မဖြစ်စေရေးအတွက် မြို့ဝင်တိုးဂိတ်သုံးခုကို နေရာပြောင်းရွှေ့၍ နိုင်ငံတကာအဆင့်မီ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေး မြောက်ဘက်မြို့ဝင် ရွှေကျင်တိုးဂိတ်၊ မန္တလေးအရှေ့ဘက်မြို့ဝင် တိုးဂိတ်ဖြစ်သော အောင်ပင်လယ်တိုးဂိတ်နှင့် မန္တလေးမြို့တောင်ဘက် မြို့ဝင်ဖြစ်သော မြစ်ငယ်- ထုံးဘို တိုးဂိတ်တို့ကို ပြောင်းရွှေ့ပြီး အဆင့်မြှင့်တင်မည်ဖြစ်သည်။

မန္တလေးမြောက်ဘက် မြို့ဝင်ဖြစ်သော ရွှေကျင်တိုးဂိတ်နေရာအသစ်တွင် ယာဉ်ငယ်များအတွက် နှစ်လမ်း၊ တန်ပိုအတွက် တစ်လမ်း၊ နာရေးကူညီမှု မော်တော်ယာဉ်များအတွက် သီးသန့်အခမဲ့တစ်လမ်းနှင့် ဆိုင်ကယ်လမ်း တစ်လမ်းဖြစ်ပြီး မန္တလေးမြို့အရှေ့ပြင် အရှေ့ဘက်မြို့ဝင် အောင်ပင်လယ်တိုးဂိတ်ကို မန္တလေး-ပြင်ဦးလွင် လမ်းစည်ပင်သာယာ ပိုင်နက်အစတွင် ယာဉ်ငယ်များအတွက် နှစ်လမ်း၊ တန်ပိုအတွက် တစ်လမ်းနှင့် ဆိုင်ကယ်များအတွက် သီးသန့်တစ်လမ်းဟူ၍ လည်းကောင်း၊ မန္တလေးမြို့တောင်ဘက် မြို့ဝင်ဖြစ်သော ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ မြစ်ငယ်-ထုံးဘိုတိုးဂိတ်ကို ယခုလက်ရှိ အသုံးပြုနေသောနေရာအား တန်ပိုကားများအတွက် ဆက်လက်ထားရှိမည်ဖြစ်ပြီး ယာဉ်ငယ်များအတွက် မန္တလေးစွယ်တော်တိုးဂိတ်အသစ် ထပ်မံတိုးမြှင့်ဖွင့်လှစ်မည် ဖြစ်သည်။

အဆိုပါ မြစ်ငယ်-ထုံးဘိုတိုးဂိတ် ပြောင်းရွှေ့ခြင်းသည် မော်တော်ယာဉ်ငယ်များ မြစ်ငယ်-ထုံးဘိုတိုးဂိတ်တွင် ရပ်စရာမလိုတော့ကြောင်း၊ ယာဉ်ငယ်များနှင့်တန်ပိုကားများနေရာ နှစ်နေရာခွဲ၍ ယာဉ်ကြောကျပ်တည်းမှုပပျောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုးဂိတ်အသစ်များကို နိုင်ငံတကာအဆင့် တည်ဆောက်မည်ဖြစ်၍ E T C ငွေကောက်ခံမှုစနစ်ကို Card နှင့် Mobile Payment စနစ်နှင့်ပါ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဘီးခွန်ဆောင်ပြီး ယာဉ်များကိုလည်း အလိုအလျောက် မောင်းတံဖွင့်စနစ်အပြင် လုံခြုံရေးအတွက် အဆင့်မြင့် CCTV များပါ တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာ ရဲလွင်၏ လူမှုကွန်ရက်စာမျက်နှာတွင်လည်း ရေးသားထားကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# တက္ကသိုလ်ဝင် အောင်စာရင်းများထုတ်ပြန်

## နေပြည်တော်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဝက်ဘ်ဆိုက်များက ထုတ်ပြန်ကြေညာရာ နေပြည်တော်အနေဖြင့် ယမန်နှစ်ကထက် အောင်ချက်ရာခိုင်နှုန်း ပိုမိုမြင့်မားကြောင်း နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံးမှ သိရသည်။

နေပြည်တော်တွင် ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်ဟူ၍ ခရိုင်နှစ်ခုရှိပြီး ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၂၆၂၂၁ ဦးရှိရာ အောင်မြင်သူ ၈၅၂၁ ဦး ဖြေဆိုအောင်မြင်ကြောင်းနှင့် အောင်ချက်ရာခိုင်နှုန်း ၃၂ ဒသမ ၅၀ ဖြစ်ကာ ယခင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းမှာ ၃၀ ဒသမ ၈၆ ဖြစ်ကြောင်း နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ဟသ်ာတ

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဝက်ဘ်ဆိုက်များမှတစ်ဆင့် ထုတ်ပြန်ကြေညာရာ ဟသ်ာတမြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း ၃၂ ဒသမ ၉၇ ရှိကြောင်း သိရသည်။

ထို့အပြင် ဝင်ရောက်ဖြေဆိုသူ ၆၂၆၁ ဦးအနက် အောင်မြင်သူ ၂၀၆၄ ဦးရှိပြီး ၆ ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ၅ ဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၄၂ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၁၄၈ ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင် ၃၅၉ ဦးရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မလှိုင်

၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဩဂုတ် ၉ ရက် နံနက်အစောပိုင်းမှစတင်၍ ပညာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်မှ ထုတ်ပြန်ကြေညာရာ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲကို ၅၁ ဒသမ ၆၇ ရာခိုင်နှုန်း အောင်မြင်ကြောင်း သိရသည်။

မလှိုင်မြို့နယ်တွင် ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၅၁၉၆ ဦးရှိပြီး ကျောင်းသား ကျောင်းသူ ၂၆၈၅ ဦးအောင်မြင်ကာ ဂုဏ်ထူးရရှိသူများမှာ ခြောက်ဘာသာ ၁၆၀၊ ငါးဘာသာ ၂၀၇ ဦး၊ လေးဘာသာ ၁၉၂ ဦး ၊ သုံးဘာသာ ၁၅၄ ဦး၊ နှစ်ဘာသာ ၁၅၂ ဦး ၊ တစ်ဘာသာ ၂၂၆ ဦး စုစုပေါင်း ၁၀၉၁ ဦး ဂုဏ်ထူးထွက်ရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## ကျွန်းလှ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင်၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ၄၀ ဒသမ ၃၀ ရာခိုင်နှုန်း အောင်မြင်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဖြေဆိုသူ စုစုပေါင်း ၂၁၈၆ ဦးရှိပြီး ၈၈၁ ဦး အောင်မြင်ကြောင်း၊ ဘာသာစုံဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၀၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၆၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၉၂ ဦး စုစုပေါင်း ၂၈၇ ဦး ဂုဏ်ထူးရရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပိုမိုအဆင့်မြင့်သော၊ ပိုမိုလုံခြုံစိတ်ချရသော ငွေစက္ကူတွေကိုင်တွယ်သုံးစွဲနိုင်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အလေးထားဆောင်ရွက်ပေးနေ

ရှင်မင်း၊ ဓာတ်ပုံ-ထိန်နန်နေဝ်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဗိုလ်ချုပ်ရုပ်ပုံပါ ငွေစက္ကူငါးရာကျပ်တန် ပုံစံသစ်ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်က ထုတ်ဝေခဲ့သည်။ ဗိုလ်ချုပ်ရုပ်ပုံပါငွေစက္ကူ တစ်ထောင်တန် ပုံစံသစ်ကိုလည်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်က ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ထိုသို့ ဗိုလ်ချုပ်ရုပ်ပုံပါ ငွေစက္ကူထုတ်ဝေသုံးစွဲမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

မေး။ ။ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေကျပ် ၅၀၀ တန် ငွေစက္ကူပုံစံသစ်ကို ဇူလိုင် ၁၉ ရက်နေ့မှာထုတ်ဝေခဲ့တယ်။ ဒီလို ထုတ်ဝေခဲ့တဲ့ အခြေအနေကို ပြောပြပေးပါ။


ဖြေ။ ။ ပြည်သူတွေအနေနဲ့ လက်ရှိ ကိုင်တွယ်သုံးစွဲနေတဲ့ ငွေစက္ကူတွေကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံနဲ့ ဂုဏ်ပြုရိုက်နှိပ်ထားတဲ့ ငွေစက္ကူတွေ ကိုင်တွယ် သုံးစွဲနိုင်စေဖို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံနဲ့ ငွေစက္ကူပုံစံသစ်အမျိုးမျိုးကို ထုတ်ဝေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ဒီရည်ရွယ်ချက်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေကျပ် ၁၀၀၀ တန် ငွေစက္ကူသစ်ကို စတင်ထုတ်ဝေခဲ့ပြီးတော့ ကျပ် ၅၀၀ တန်ပုံစံသစ်ကိုလည်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ထပ်မံထုတ်ဝေရခြင်းဖြစ်ပါတယ်။

မေး။ ။ ငွေစက္ကူပုံစံသစ်ရဲ့ ပုံသဏ္ဌာန်အချက်အလက်တွေကို သိရှိလိုပါတယ်။

ဖြေ။ ။ ဗိုလ်ချုပ်အောင်ဆန်းပုံပါ ကျပ် ၅၀၀ တန် ငွေစက္ကူပုံစံသစ်ရဲ့ မျက်နှာစာဘက်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံနဲ့ ကျောဘက်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံပုံ ရိုက်နှိပ်ထားပါတယ်။ ကျပ် ၅၀၀ တန် ငွေစက္ကူပုံစံသစ် အရွယ်အစားက အလျား မီလီမီတာ ၁၅၀ နဲ့ အနံ မီလီမီတာ ၇၀ ရှိပါတယ်။ ပေါ်လွင်သော အရောင်က နီညိုရောင် ဖြစ်ပါတယ်။

ငွေစက္ကူဆေးသားရိုက်နှိပ်ရာမှာ ဖောင်းကြွပုံနှိပ်နည်းစနစ်နဲ့ ရိုက်နှိပ်ထားတဲ့အတွက် ငွေစက္ကူရဲ့တန်ဖိုးဂဏန်းနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်စာသားနေရာတွေက ပီပြင်ထင်ရှားတဲ့အပြင် လက်နဲ့စမ်းသပ်ကြည့်ရင် ကြမ်းတမ်းမှုရှိကြောင်းတွေ့ရှိရပါတယ်။ ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းနဲ့အလျားလိုက်၊ အင်္ဂလိပ်အက္ခရာအင်္ဂလိပ်ဂဏန်းနဲ့ ဒေါင်လိုက် ရိုက်နှိပ်ထားပါတယ်။

ငွေစက္ကူရဲ့မျက်နှာစာဘက်ရှိ ဘယ်/ညာ အစွန်းတွေမှာ အမြင်အာရုံအားနည်းသူတွေအတွက် လက်နဲ့ထိတွေ့ စမ်းသပ်ကြည့်ရင် အာရုံခံသိရှိနိုင်တဲ့ ဖောင်းကြွလိုင်းတို မျဉ်းကြောင်းငယ်(၉) ကြောင်းစီ ရိုက်နှိပ်ထားပါတယ်။ ငွေစက္ကူပုံစံသစ်ကို အလင်းရောင်မှာ ထောင်ကြည့်ရင် ငွေစက္ကူမျက်နှာစာဘက် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံရဲ့ လက်ဝဲဘက်မှာ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံနဲ့ ငွေစက္ကူရဲ့ တန်ဖိုးဂဏန်း ၅၀၀ ရေစာကို ရှင်းလင်းစွာတွေ့မြင်နိုင်ပါတယ်။







ငွေရောင်လုံခြုံရေးကြိုးကို တစ်ဝက်ဖုံး တစ်ဝက်ပေါ် ဒေါင်လိုက်မြှုပ်နှံထားပါတယ်။ ငွေစက္ကူမျက်နှာစာရဲ့ လက်ယာဘက်က မြန်မာစာသား "ငါးရာကျပ်" နံဘေး နီညိုရောင် ဧရိယာကို ၄၅ ဒီဂရီခန့် တိမ်းစောင်းကြည့်ရင် အင်္ဂလိပ်အက္ခရာ "CBM" ကို တွေ့မြင်နိုင်ပါတယ်။

မေး။ ။ အခုထုတ်ဝေတဲ့ ကျပ် ၅၀၀ တန်ပုံစံသစ်နဲ့ ထုတ်ဝေခဲ့ပြီးတဲ့ ကျပ် ၅၀၀၀ တန် အရောင်ဆင်တူနေတယ်၊ ကွဲကွဲပြားပြားလုပ်သင့်တယ်လို့ ပြင်ပမှာ ပြောဆိုနေတာတွေအပေါ် ဆွေးနွေးပေးစေလိုပါတယ်။

ဖြေ။ ။ မြန်မာနိုင်ငံမှာ လည်ပတ်သုံးစွဲနေတဲ့ ငွေစက္ကူ တန်ဖိုး အမျိုးအစား (၁၄)မျိုးရှိနေပြီး အရောင်အမျိုးမျိုးဖြစ်ပါတယ်။ လက်ရှိပုံစံအဟောင်းတွေနဲ့ အရောင်ဆင်တူနိုင်ပါတယ်။ ဒါပေမယ့် ငွေစက္ကူတန်ဖိုးနဲ့ ပါဝင်တဲ့ လုံခြုံရေးအချက်အလက်တွေ ကွာခြားမှုရှိပါတယ်။ ဗိုလ်ချုပ်ရုပ်ပုံပါဒီဇိုင်း (Series) ငွေစက္ကူတွေမှာတော့ အရောင်တွေ ကွဲပြားမှာဖြစ်ပါတယ်။

မေး။ ။ ကျပ် ၅၀၀ တန်ငွေစက္ကူပုံစံသစ်ရဲ့ ကျောဘက်မှာပါတဲ့ အလံကိစ္စကို ပြင်ပလူမှုကွန်ရက်မှာ ပြောဆိုနေကြခြင်းကိုလည်း ရှင်းပြပေးစေချင်ပါတယ်။

ဖြေ။ ။ ဗိုလ်ချုပ်ရုပ်ပုံပါ ကျပ် ၅၀၀ တန်ငွေစက္ကူသစ်ရဲ့ ကျောဘက်မှာပါတဲ့ အဆောက်အအုံပုံက နေပြည်တော်မှာရှိတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံး အဆောက်အအုံပုံဖြစ်ပါတယ်။ ဗဟိုဘဏ်အဆောက်အအုံရှေ့မှာ နိုင်ငံတော်အလံကအလယ်၊ ဘေးနှစ်ဖက်က ဗဟိုဘဏ်အလံ ၂ ခု လွှင့်ထူထားခြင်းပဲဖြစ်ပါတယ်။

မေး။ ။ ထုတ်ဝေခဲ့ပြီးတဲ့ ဗိုလ်ချုပ်ပုံပါ ကျပ် ၁၀၀၀ တန် ငွေစက္ကူတွေ ပြင်ပမှာ ပေါပေါများများ မတွေ့ရဖြစ်နေပါတယ်။ အခု ကျပ် ၅၀၀ တန်လည်း များများထုတ်ဝေစေချင်ကြပါတယ်။ ဒီအတွက် ဆောင်ရွက်ထားမှုကိုလည်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ ငွေစက္ကူတွေဟာ ပြည်သူတွေအတွင်း လည်ပတ်သုံးစွဲနေပြီး ဟောင်းနွမ်းငွေစက္ကူတွေက ဘဏ်တွေကတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ပြန်လည်ရောက်ရှိလာတဲ့အခါ ငွေစက္ကူအသစ်တွေကို ပြန်လည် ထုတ်ဝေပေးလျက်ရှိပါတယ်။ ကျပ် ၁၀၀၀ တန် ငွေစက္ကူသစ်တွေက ဗိုလ်ချုပ်ပုံဖြစ်လို့ အမြတ်တနိုးသိမ်းဆည်းထားကြတာကိုလည်း တွေ့ရပါတယ်။ လက်ရှိမှာ ကျပ် ၁၀၀၀ တန် ငွေစက္ကူတွေကိုလည်း လှည့်လည် တွေ့ရှိလာပါတယ်။ သုံးစွဲမှုရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မူလပုံစံပျက်စီးလို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှာ လာရောက် လဲလှယ်မှုတွေ ရှိနေပါတယ်။

မေး။ ။ ငွေစက္ကူသစ်ထုတ်ခြင်းကြောင့် ငွေကြေးဖောင်းပွမှု ဖြစ်မလား။ စီးပွားရေးထိခိုက်မှုဖြစ်စေမလားဆိုတာကိုလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ရည်ရွယ်ချက်က ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိစေဖို့နဲ့ ထိန်းသိမ်းဖို့ဖြစ်ပါတယ်။ ဒီရည်မှန်းချက်နဲ့အညီ ငွေကြေးတည်ငြိမ်ရေး အောင်မြင်ဖို့အတွက် ငွေကြေးမူဝါဒကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရပါတယ်။ ငွေကြေးမူဝါဒထဲမှာ ငွေကြေးဖောင်းပွမှုမဖြစ်အောင် ထိန်းသိမ်းခြင်း ပါဝင်ပါတယ်။ နိုင်ငံရဲ့ ရငွေ၊ သုံးငွေ ခန့်မှန်းချက်တွေအရ ဘတ်ဂျက်လိုအပ်ချက်အခြေအနေ၊ ဘဏ်တွေမှာရှိနေတဲ့ ငွေစက္ကူ လက်ကျန်အခြေအနေ၊ ဗဟိုဘဏ်မှာရှိနေတဲ့ ငွေစက္ကူလက်ကျန်အခြေအနေ၊ ဟောင်းနွမ်း ငွေစက္ကူတွေ ဖျက်ဆီးတဲ့အခြေအနေ၊ CIC လို့လည်း ခေါ်တဲ့ ပြည်သူတွေအတွင်းမှာ ရောက်ရှိလည်ပတ်နေတဲ့ ငွေကြေးအခြေအနေတွေကို အခြေခံပြီးတော့ ငွေကြေးမူဝါဒ မူဘောင်အတွင်းကနေ ဘဏ္ဍာနှစ်အလိုက် ငွေကြေးလိုအပ်ချက်ကို တွက်ချက်သတ်မှတ်ပါတယ်။

ဒီငွေကြေးလိုအပ်ချက်ဘောင်အတွင်းကပဲ ငွေစက္ကူအမျိုးအစားတွေကို လိုအပ်သလို ချိန်ဆပြီး ရိုက်နှိပ်ထုတ်ဝေနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် သတ်မှတ်ချက်ဘောင်အတွင်းမှာပဲ ချိန်ဆ ဆောင်ရွက်နေတဲ့အတွက် ဒီ ကျပ် ၅၀၀ တန် ငွေစက္ကူပုံစံသစ်ထုတ်ဝေမှုကြောင့် ငွေကြေးဖောင်းပွမှု မဖြစ်နိုင်ဘူးဆိုတာ ပြောကြားလိုပါတယ်။

မေး။ ။ ပြည်သူတွေကိုအသိပေးလိုတဲ့ အချက်ရှိရင်လည်း ပြောပြပေးပါ။

ဖြေ။ ။ ပြည်သူတွေအနေနဲ့ စီးပွားရေးတိုးတက်မှုမြန်ဆန်အောင် အထောက်အကူဖြစ်စေသော၊ ငွေကြေးစီးဆင်းမှုမြန်စေသော၊ ငွေကြေးလည်ပတ်မှုမြန်တဲ့ Mobile Payment တွေ၊ ကတ်စနစ်နဲ့ ငွေပေးချေခြင်းတွေ၊ စာရင်းပြောင်းစနစ်နဲ့ ငွေပေးချေခြင်းတွေကို ပိုမိုသုံးစွဲကြစေလိုပါတယ်။ မဖြစ်မနေ ကိုင်တွယ်သုံးစွဲရမယ့် ငွေစက္ကူတွေကိုလည်း ပိုမိုအဆင့်မြင့်သော၊ ပိုမိုလုံခြုံစိတ်ချရသော ငွေစက္ကူတွေ ကိုင်တွယ်သုံးစွဲနိုင်ဖို့ကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အလေးထားဆောင်ရွက်ပေးနေပါတယ်။ ငွေစက္ကူတွေပျက်စီးညစ်နွမ်းစေတဲ့ ကိစ္စတွေမဖြစ်အောင် ကိုင်တွယ် သုံးစွဲပေးကြဖို့နဲ့ ငွေစက္ကူတွေပေါ်မှာ စာလုံးများရေးသားခြင်း၊ ဂဏန်းများရေးမှတ်ခြင်း၊ ရုပ်ပုံများ ရေးဆွဲခြင်းတွေ မပြုလုပ်ကြဖို့ မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားလိုပါတယ်။ ။

**"ဗိုလ်ချုပ်ရုပ်ပုံပါ ကျပ် ၅၀၀ တန် ငွေစက္ကူသစ်ရဲ့ ကျောဘက်မှာပါတဲ့ အဆောက်အအုံပုံက နေပြည်တော်မှာရှိတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံး အဆောက်အအုံပုံဖြစ်ပါတယ်။ ဗဟိုဘဏ် အဆောက်အအုံရှေ့မှာ နိုင်ငံတော်အလံကအလယ်၊ ဘေးနှစ်ဖက်က ဗဟိုဘဏ်အလံ ၂ ခု လွှင့်ထူထားခြင်းပဲဖြစ်ပါတယ်"**

# ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ ကိုဗစ်-၁၉ ချေးငွေနှင့်စပ်လျဉ်း၍ တွေ့ဆုံညှိနှိုင်း

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ပြန်လည်ကုစားနိုင်ရန် နိုင်ငံတော်အစိုးရ၏ ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ချေးငွေလျှောက်လွှာစိစစ်ရေးနှင့် စပ်လျဉ်း၍ ယနေ့မွန်းလွဲပိုင်းက ညီနောင်အသင်း ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

အစည်းအဝေး၌ ချေးငွေလျှောက်ထားခွင့်ရှိသည့် ဦးစားပေးကဏ္ဍများတွင် ပါဝင်သည့် လုပ်ငန်းများ၊ လျှောက်လွှာစိစစ်ရေးတွင် အချက်အလက်များ ပြည့်စုံမှုရှိမရှိကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းစိစစ်ခြင်း၊ လျှောက်လွှာပဏာမစိစစ်ရေးတွင် ညီနောင်အသင်းအဖွဲ့ ကိုယ်စားလှယ်များကလည်း မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်စိစစ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ တက်ရောက်လာသည့် ညီနောင်အသင်းများကလည်း ချေးငွေဆိုင်ရာအချက်အလက်များအပေါ်တွင် အကြံပြုဆွေးနွေးကြသည်။

အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးထွန်းနှင့် ညီနောင်အသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ဆန်စပါးအသင်းချုပ်၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းအသင်း၊ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဆီစက်လုပ်ငန်းရှင်များအသင်း၊ ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း၊ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ အဝေးပြေး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း၊ ကြိမ်နှင့်ဝါး လုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)

# လှိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၁၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၉**

ရှမ်းပြည်နယ် လှိုင်လင်မြို့နယ်တွင် ဩဂုတ် ၇ ရက်က ငွေကျပ်သိန်း ၂၁၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ပြစ်မှုကျူးလွန်သူ လေးဦးနှင့်အတူ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လှိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာအနီး လှိုင်လင်-တောင်ကြီးသွားကားလမ်းတွင် ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်ထွန်း မောင်းနှင်ပြီး ထွန်းရွှေ၊ အူသက်ကျန်းနှင့် ကျော်စိုးတို့ လိုက်ပါလာသည့် Mark II အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၇ ဒသမ ၄၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀၀၊ (မြန်မာငွေကျပ် ၂၈၅၀၀၀ ) နှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မောင်ထွန်း (၄၄)နှစ်၊ ထွန်းရွှေ (၂၈) နှစ်၊ အူသက်ကျန်း (၅၅) နှစ်၊ ကျော်စိုး (ခ) ရှိဆန်ကူးမား (ခ) ဘီနိုကူးမား (၁၉) နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အလှုပြင်ဆိုင်အတွင်းသို့ဝင်ရောက်၍ ခြိမ်းခြောက်ပြီး ငွေများတောင်းခံသူ နှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၉**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၇) ရပ်ကွက် ပြည်ထောင်စုလမ်း အမှတ် (၅၂၀) ရှိ အလှုပြုပြင်ရေးဆိုင်၌ ဩဂုတ် ၁ ရက် ည ၉ နာရီက ဆိုင်ရှင် ဦး----သည် ဆိုင်ပိတ်၍ ၎င်း၏မန်နေဂျာနှင့်အတူ လချုပ်စာရင်းများ ပြုလုပ်နေစဉ် နှာခေါင်းစည်း တပ်ဆင်ထားသော အမျိုးသားနှစ်ဦးသည် ၄က်ကြီးတောင်ဓားနှင့် ဘီယာပုလင်းခွံတို့ကို ကိုင်ဆောင်ကာ ဝင်ရောက်လာပြီး ခြိမ်းခြောက်ပြောဆိုသဖြင့် တရားလိုက ကောင်တာစားပွဲပေါ်တွင် တင်ထားသော ငွေကျပ် ၁၈၃၀၀၀ ကို ထုတ်ပေးခဲ့ပြီး၊ အဆိုပါငွေများ ခြောက်လှန့်ရယူ သွားသူ နှစ်ဦးကို စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်းသို့ ဩဂုတ် ၅ ရက်က အမှုဖွင့်တိုင်တန်းခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပတ်ဝန်းကျင်မှ စုံစမ်းစစ်ဆေးချက်များအရ ပြစ်မှုကျူးလွန်သူနှစ်ဦးမှာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၄) ရပ်ကွက် မင်းရဲကျော်စွာလမ်း အမှတ် (၄) နေ ဝဏ္ဏ (ခ) သက်ပိုင်ထွန်းနှင့် မြောက်ဥက္ကလာပမြို့နယ် (ဆ) ရပ်ကွက် သုနန္ဒာ (၁၂) လမ်း အမှတ် (၁၇၀) နေ ချမ်းငြိမ်း (ခ) ခေါလေး တို့ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၎င်းတို့၏ နေအိမ်အသီးသီး၌ ငွေကျပ် ၁၈၃၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ နှစ်ဦးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မြောက်ဥက္ကလာပမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့မှ ဆိုင်ကယ် ၃၇ စီး ခိုးမှုကျူးလွန်သူနှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်က မင်္ဂလာဒုံမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ လှမြင့်ထွန်း(ခ) ရခိုင်နှင့် အောင်မျိုးသူ(ခ)ဇော်ဝင်းထွဋ်(ခ)တိုက်ကြီးသား (ခ) ကျန်ကျော်င်းတို့နှစ်ဦးကို ပေါက်ကုန်းရပ်ကွက် အပိုင်း(၁၇) မဥ္ဇူသကလမ်းသွယ်၌ တွေ့ရှိစစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအထိ မြောက်ဥက္ကလာပမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့အတွင်း လှည့်လည်သွားလာ၍ လမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ်အမျိုးမျိုး ၃၇ စီးကို ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

**ရဲပြန်ကြား**

## တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၄ စီး၊ သွင်းကုန် ၃၂၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၃၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၃၀ အား တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Toyota Alphard,C/O3Japan အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆင်ခြေထောက်ရောဂါကာကွယ်ဆေး အိမ်တိုင်းစေ့ပေးခဲ့သော်လည်း မသောက်သူများရှိနေ

**မကွေး ဩဂုတ် ၉**

ဇူလိုင်လအတွင်းက ဆင်ခြေထောက်ရောဂါကာကွယ်ဆေး(သန်ချဆေးပေါင်း) ကို အိမ်တိုင်းစေ့လိုက်လံဝေငှခဲ့သော်လည်း ဆေးမသောက်သူများရှိနေပြီး ကာကွယ်ဆေးမသောက်လျှင် နာတာရှည် လူမှုဘဝထိခိုက်စေသည့်ရောဂါ ဖြစ်နိုင်ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သိရသည်။

"ဖြစ်လာရင် ကုမရတော့လို့ ကြိုတင်ပြီးတော့ ကာကွယ်ဆေးအနေနဲ့ သောက်ခိုင်းတာပါ။ ရောဂါပိုးစဝင်ချိန်က ငါးနှစ်ကနေ ခုနစ်နှစ်ထိကြာတယ်။ တန်းမဖြစ်တော့ လူတွေကမကြောက်ဘူးပေါ့။ နာမည်အတိုင်းပဲ ဆင်ရဲ့ခြေထောက်ကြီးလို ဖြစ်လာတဲ့အချိန်ကျမှ ဆေးသောက်ချင်ပါတယ်ဆိုပြီး နောက်ပြန်သွားလို့ မရတော့ဘူး။ မသေနိုင်ဘူး ဆိုပေမယ့် နာတာရှည်လူမှုဘဝကြီးကို ထိခိုက်တဲ့ ရောဂါပါ" ဟု တိုင်းဒေသကြီးငှက်ဖျားဌာနအဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာကြည်သာဆွေက ပြောကြားသည်။

ကာကွယ်ဆေးကို လူကြီးတစ်ဦးလျှင် ဆေး သုံးပြားနှင့် ဆေးတစ်တောင့်၊ ကလေးတစ်ဦးလျှင်အသက်အလိုက် ဆေး နှစ်ပြား၊ သုံးပြားနှုန်းဖြင့် အစာစားပြီးသောက်ရန် ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းကာ လိုက်လံဝေငှခြင်းများကို ဇူလိုင်လအတွင်းက ဆယ်ရက်ကြာ လုပ်ဆောင်ထားကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်ထိ ဆေးသက်တမ်းရှိသောကြောင့် မသောက်ရသေးသူများ သောက်သုံးနိုင်ကြောင်း ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက သိရသည်။

"ဆေးကတော့ ပေးလိုက်တယ်။ ညကျမှ သောက်လိုက်မယ် ဆိုတာတို့၊ ငြင်းတာတို့ရှိတယ်။ ဆေးကို အယောက် တစ်ရာပေးလိုက်ရင် တကယ်တမ်းပါးစပ်ထဲရောက်တာက ငါးဆယ်၊ ခြောက်ဆယ်လောက်ပဲရှိတယ်။ လူတစ်ယောက် ငါးနှစ် ငါးကြိမ် ဆက်တိုက်ဆေးသောက်မှ ရောဂါပိုးကင်းမှာပါ။ နှစ်ကျော်သွားလို့ မရပါဘူး " ဟု ဒေါက်တာ ကြည်သာဆွေ က ဆက်လက်ပြောကြားသည်။

အဆိုပါကာကွယ်ဆေးကို နှစ်နှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်များ၊ နာတာရှည်ရောဂါ တစ်ခုခုစွဲကပ်၍ အိပ်ရာထဲ လဲနေသူများကိုသာ တိုက်ကျွေးခြင်း မပြုရန် ကန့်သတ်ထားကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သိရသည်။

**ဇေယျာတု (မကွေး)**

❖ *ကျောဖုံးမှ*

အခြားသော ကွာတားဖိုင်နယ်ပွဲစဉ်တွင် အင်တာမီလန်နှင့် လေဗာကူဆင်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ အင်တာမီလန်အသင်းသည် ယူရိုပါလိဂ် ၁၆ သင်းအဆင့်တွင် ဂီတာဖေးအသင်းနှင့် တစ်ကျော့တည်းစနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ကွာတားဖိုင်နယ်သို့ တက်ရောက်လာခဲ့ကာ ပြိုင်ဘက် လေဗာကူဆင်အသင်းက ရိန်းဂျားအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ အင်တာမီလန်အသင်းနှင့် လေဗာကူဆင်အသင်းတို့ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တို့တွင် နှစ်ကြိမ်ထိပ်တိုက်တွေ့ဆုံထားပြီး နှစ်ကြိမ်စလုံး အင်တာမီလန်အသင်းက အနိုင်ရရှိထားသည်။

ဩဂုတ် ၁၂ ရက် (မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင်) ရှက်တာဒိုးနက်နှင့် ဘေဆယ်၊ ဝုဖ်နှင့် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဝုဖ်နှင့် ဆီဗီလာအသင်းတို့ ယခုအကြိမ် တွေ့ဆုံမှုသည် ပထမဆုံးအကြိမ်တွေ့ဆုံမှု ဖြစ်သည်။

မန်ယူနှင့် ကိုပင်ဟေဂင်အသင်းတို့ထဲမှ အနိုင်ရရှိမည့် အသင်းအနေဖြင့် ဝုဖ်နှင့် ဆီဗီလာအသင်းတို့ အနိုင်ရရှိမည့်အသင်းနှင့် ဆီမီးဖိုင်နယ်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အင်တာမီလန်နှင့် လေဗာကူဆင်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းအနေဖြင့် ရှက်တာဒိုးနက်နှင့် ဘေဆယ်အသင်းတို့ အနိုင်ရရှိမည့်အသင်းနှင့် ဆီမီးဖိုင်နယ်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဩဂုတ် ၂၁ ရက်တွင် ကစားမည်ဖြစ်သည်။

ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲတို့ကို ဩဂုတ် ၁၀ ရက်မှ ၂၁ ရက်အတွင်း ဂျာမနီနိုင်ငံရှိ အားကစားကွင်းများတွင် တစ်ကျော့တည်းစနစ်ဖြင့် ယှဉ်ပြိုင်ကစားစေမည်ဖြစ်သည်။ ယခုလတွင် ယူရိုပါလိဂ်ပွဲစဉ်များ ပြန်လည်စတင်ပြီးနောက် ပုံမှန်ပွဲကစားချိန်တွင် တစ်သင်းကို လူစားလဲခွင့် ငါးကြိမ်နှင့် အချိန်ပိုပွဲကစားချိန်အတွင်း လူစားလဲခွင့် တစ်ကြိမ် စုစုပေါင်း ခြောက်ကြိမ်အထိ ခွင့်ပြုထားသော်လည်း ယခုအခါ ပုံမှန်ပွဲကစားချိန်တွင် သုံးကြိမ်၊ အချိန်ပို ပွဲကစားချိန်အတွင်း တစ်ကြိမ် စုစုပေါင်း လေးကြိမ်သာ လူစားလဲခွင့်ပြုဖွယ်ရှိကြောင်း သိရသည်။

**အောင်ဇော်**

# ဘာစီလိုနာနှင့် ဘိုင်ယန် ချန်ပီယံလိဂ် ကွာတားတက်ရောက်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့လက်ကျန်ပွဲစဉ်နှစ်ပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်မြေတွင် ယှဉ်ပြိုင်ခဲ့သည့် ဘာစီလိုနာနှင့် နာပိုလီပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် ဘာစီလိုနာအသင်း အနိုင်ရရှိခဲ့သည်။

ပထမအကျော့အီတလီမြေတွင်ယှဉ်ပြိုင်ခဲ့စဉ်က တစ်ဂိုးစီသရေကျထားခဲ့ပြီး ယနေ့ပွဲယှဉ်ပြိုင်ရာတွင် ပွဲချိန် ၁၀ မိနစ်တွင် ဘာစီလိုနာ နောက်တန်းကစားသမား လန်ဂလတ်က ခေါင်းတိုက်သွင်းယူကာ ဦးဆောင်ဂိုးရရှိခဲ့ပြီး ၂၃ မိနစ်တွင် မက်ဆီက တစ်ကိုယ်တော်စွမ်းရည်ဖြင့် ဒုတိယမြောက်ဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းပွဲချိန် ၄၅ မိနစ်တွင် ဘာစီလိုနာအသင်းပယ်နယ်တီကန်ခွင့်ရကာ ဆွာရက်ဇ်က အမှားအယွင်းမရှိ သွင်းယူနိုင်ခဲ့ပြီး သုံးဂိုးပြတ်ဖြင့် ဦးဆောင်ခဲ့သည်။ ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပိုတွင် ဧည့်သည်နာပိုလီအသင်း ပယ်နယ်တီအခွင့်အရေးရခဲ့ပြီး အင်ဆစ်ဂ်နီက တစ်လုံးတည်းသော ချေပဂိုးကို သွင်းယူပေးခဲ့သည်။ ပွဲအပြီး ဘာစီလိုနာ အသင်းသည် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့ ၁၃ ကြိမ် ဆက်တိုက် တက်ရောက် နိုင်ခဲ့သည်။

ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်တစ်ပွဲဖြစ်သော ဂျာမနီမြေတွင် ယှဉ်ပြိုင်ခဲ့သည့် ဘိုင်ယန်မြူးနစ်နှင့် ချယ်လ်ဆီးပွဲတွင် လေးဂိုး-တစ်ဂိုးဖြင့် ဘိုင်ယန်အသင်း အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ဘိုင်ယန်အတွက်သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် လီဝမ်ဒေါ်စကီးကသွင်းယူခဲ့ပြီး ၂၄ မိနစ်တွင် ပါရီဆစ်၊ ၇၆ မိနစ်တွင် တိုလစ်ဆိုနှင့် ၈၄ မိနစ်တွင် လီဝမ်ဒေါ်စကီးက ထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအတွက်တစ်လုံးတည်းသောသွင်းဂိုးကို ၄၄ မိနစ်တွင် အေဘရာဟမ်ကသွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနှစ်သင်းသည် ပထမအကျော့အင်္ဂလန်မြေတွင် ယှဉ်ပြိုင်ခဲ့စဉ်က သုံးဂိုး-ဂိုးမရှိဖြင့် ဘိုင်ယန်အသင်း အဝေးကွင်းနိုင်ပွဲရရှိထားသည်။ ဘိုင်ယန်အသင်းသည် နှစ်ကျော့ပေါင်း ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်တွင် စပိန်ထိပ်သီးကလပ် ဘာစီလိုနာနှင့် ဂျာမန် ဘိုင်ယန်မြူးနစ်တို့ တွေ့ဆုံမည်ဖြစ်ပြီး ယင်းနှစ်သင်းသည် ဩဂုတ် ၁၅ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းနှစ်သင်းသည် ပြိုင်ပွဲစုံနောက်ဆုံးခြောက်ပွဲတွေ့ဆုံမှုတွင် ဘိုင်ယန်က လေးပွဲနိုင်ပြီး နှစ်ပွဲရှုံးနိမ့်ထားသည်။ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နောက်ဆုံးတွေ့ဆုံခဲ့သည့် ၂၀၁၅ အကြိုဗိုလ်လုပွဲတွင် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-သုံးဂိုးဖြင့် ဘာစီလိုနာက အနိုင်ရရှိထားသည်။

**သီဟ**

## ချောက်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**ချောက် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ငွေးချိုရဲကင်းစခန်းဝင်း၌ ဆိုင်ကယ်စီးနင်း သွားလာသူများကို ယမန်နေ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် ငွေးချိုရဲကင်းစခန်းမှူး ဒုရဲအုပ်အောင်ကိုလတ်နှင့် ချောက်မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး တာဝန်ခံရဲအရာခံ မျိုးမြင့်အောင်က ငွေးချိုတိုက်နယ်လမ်းမတော်တစ်လျှောက် ဆိုင်ကယ်စီးနင်း သွားလာသူများကို ဆိုင်ကယ်စီးနင်းလျှင် လိုက်နာရမည့် စည်းကမ်းများ၊ ဘေးအန္တရာယ်ကင်းစွာ သွားလာ၍ စီးနင်းသူ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှု မဖြစ်စေရန် ဆောင်ရန် ရှောင်ရန်အချက်များ၊ ဆိုင်ကယ်စီးဦးထုပ် အမြဲဆောင်းရန်တို့အား အသိပညာပေးဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းတို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး (ပြန်/ဆက်)**

# နာဂါဆာကီမြို့ အဏုမြူဗုံးဒဏ်ကျရောက်ခဲ့မှု (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အောက်မေ့သတိရအခမ်းအနားပြုလုပ်

**တိုကျို ဩဂုတ် ၉**

ဂျပန်နိုင်ငံ နာဂါဆာကီမြို့တွင် အဏုမြူဗုံး ကျရောက်ခဲ့မှု (၇၅) နှစ်မြောက် အထိမ်းအမှတ်နေ့အဖြစ် အဏုမြူဗုံးဒဏ်ခံခဲ့ရသူများအား အောက်မေ့သတိရသည့် အထိမ်းအမှတ် အခမ်းအနား ပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး တက်ရောက်ကြောင်း သိရသည်။

နာဂါဆာကီ ဒေသခံပြည်သူများသည် ဩဂုတ်၉ရက်တွင် အဏုမြူဗုံးဒဏ်ခံခဲ့ရသူများကို အောက်မေ့သတိရသည့် အထိမ်းအမှတ် အခမ်းအနားတွင် စုဝေးခဲ့ကြပြီး စစ်မက်ဖြစ်ပွားမှုများမရှိသော၊ အဏုမြူလက်နက်များ ကင်းစင်သော ကမ္ဘာကြီးဖြစ်ရန် ဆန္ဒပြုခဲ့ကြသည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် အမေရိကန်ပြည်ထောင်စုမှ ဗုံးကြဲလေယာဉ်များသည် ဂျပန်နိုင်ငံ ဟီရိုရှီးမားကို အဏုမြူဗုံးကြဲချခဲ့ပြီး သုံးရက်အကြာ ဩဂုတ် ၉ ရက်တွင် နာဂါဆာကီ မြို့ကို အဏုမြူဗုံးကြဲချခဲ့ရာ ဗုံးကြဲမှုအတွင်း ပြည်သူ ၇၀၀၀၀ ကျော် သေဆုံးခဲ့ရပြီး အများစုမှာ အရပ်သားပြည်သူများဖြစ်သည်။

အဏုမြူဗုံး ကျရောက်ပေါက်ကွဲခဲ့သည့် အချိန်အတိအကျဖြစ်သည့် နံနက် ၁၁ နာရီ ၂ မိနစ်တွင် ဝမ်းနည်းသည့် အထိမ်းအမှတ်အနေဖြင့် နာဂါဆာကီတစ်မြို့လုံး ငြိမ်သက်ခဲ့ကြသည်။

နှစ်စဉ်နှစ်တိုင်းလိုလို ထောင်နှင့်ချီသည့် ဂျပန်ပြည်သူများသည် နာဂါဆာကီမြို့ရှိ ငြိမ်းချမ်းရေးပန်းခြံတွင် အဏုမြူဗုံးကျရောက်ခဲ့သည့် အထိမ်းအမှတ်အခမ်းအနားနေ့သို့ တက်ရောက်ခဲ့ကြသည်။

သို့ရာတွင် ယခုနှစ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် ပြည်သူလူထုအတွက် ထိုင်ခုံနေရာများမရှိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၉ ရက်က ပြုလုပ်သည့် အခမ်းအနားသို့ အဏုမြူဗုံးဒဏ်မှ အသက်ရှင်လွတ်မြောက်လာသူများအပါအဝင်လူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

နာဂါဆာကီမြို့ကို အဏုမြူဗုံးဒဏ် ကျရောက်ခဲ့သည့် ၇၅ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတက်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေး ဆက်လက်တည်မြဲစေရန် ဆုတောင်းဆန္ဒပြုနေကြသည့် နာဂါဆာကီ၌ နျူကလီးယား လက်နက် ကင်းစင်သည့် ကမ္ဘာကြီးတစ်ခု ဖြစ်လာစေရေး ကြိုးပမ်းမည်ဟု အလေးအနက်ကတိပြုကြောင်း ပြောကြားခဲ့သည်။

**အနိုင်အိတ်ချ်ကေ**



နာဂါဆာကီ အဏုမြူဗုံးကျရောက်ခဲ့သည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ရောက်ရှိလာစဉ်။

# ယီမင်နိုင်ငံတွင် ရေလွှမ်းမှုကြောင့် သမိုင်းဝင် ဆာနာမြို့ရှိ ရှေးဟောင်းအဆောက်အအုံလေးခု ပျက်စီး

**ဆာနား ဩဂုတ် ၉**

ယီမင်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပွားရသည့် ရုတ်တရက် ရေလွှမ်းမိုးမှုကြောင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ကြီးဖြစ်သည့် ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် ဆာနားမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံလေးခု လုံးဝပျက်စီးသွားပြီး အဆောက်အအုံ ၃၀ ခန့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ရက်သတ္တပတ်များစွာကြာအောင် ရွာသွန်းခဲ့သည့်မိုးကြောင့် ဆာနားမြို့ပတ်ပတ်လည် တံတိုင်းအချို့ ပြိုလဲပျက်စီးခဲ့ရသည်။

မိုးသည်းထန်မှုကြောင့် နံရံတံတိုင်းများ ပြိုလဲသွားပြီးနောက် မိသားစုအများအပြားမှာ ၎င်းတို့၏ နေအိမ်များမှ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြသည်။ လတ်တလောတွင် ထိခိုက်သေဆုံးသူရှိ မရှိ သတင်းထုတ်ပြန်ခြင်း မရှိသေးပေ။

ဆာနားမြို့ဟောင်းကို ၁၉၈၆ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းခဲ့သည်။

အဆိုပါမြို့ဟောင်းတွင် အခြေချနေထိုင်မှုများ မရှိတော့သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယီမင်ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်တွင် အဆိုပါမြို့ဟောင်းကို အန္တရာယ်ကျရောက်နေသည့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်တစ်ခုအဖြစ် ထပ်မံထည့်သွင်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယီမင်နိုင်ငံ ဆာနားရှိ သမိုင်းဝင်အဆောက်အအုံပြိုကျပျက်စီးခဲ့မှုကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံတောင်ပိုင်းရှိ ခရိုင်လေးခုတို့တွင် အရေးပေါ်အခြေအနေထုတ်ပြန်ချက် ရုပ်သိမ်းမည်

**ဘန်ကောက် ဩဂုတ် ၉**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ခရိုင်လေးခုတို့တွင် စစ်သွေးကြွတို့၏ လှုပ်ရှားမှုများ အချိန်အတန်ကြာသည်အထိ ပေါ်ထွက်လာခြင်း မရှိတော့သည့်အတွက် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားမှုကို ရုပ်သိမ်းရန် အမိန့်ထုတ်ပြန်နိုင်ရေး အစိုးရ၏ အတည်ပြုချက်ရရှိရန် တပ်မတော်အာဏာပိုင်များက ကြိုးပမ်းလျက်ရှိကြောင်း တပ်မတော်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ခရိုင်များအနက် မိုင်ကာအင်ခရိုင်သည် ပထမဆုံး ကန့်သတ်ချက်ဖြေလျှော့သည့် ခရိုင်တစ်ခုဖြစ်ဖွယ်ရှိကြောင်း ဗိုလ်ချုပ်ပရာမုတ်ဖရွမ်က ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ တောင်ပိုင်းနယ်စပ်ရှိ ပတာနီ၊ ယာလာနှင့် နာရာသီဝပ်ပြည်နယ်များတွင် ပုန်ကန်ထကြွမှုများဖြစ်ပေါ်လာခဲ့ပြီးနောက် အရေးပေါ်အမိန့်ထုတ်ပြန်ခဲ့သည်။ နောက်ပိုင်းတွင် အဆိုပါအမိန့်ကို ခရိုင်အချို့တို့တွင် ဖယ်ရှားပေးခဲ့သည်။

မကြာသေးမီက အမျိုးသားလုံခြုံရေးကောင်စီမှ အာဏာပိုင်များနှင့် တွေ့ဆုံခဲ့မှုအတွင်း ပတာနီမိုင်ကာအင်ခရိုင်ကို အရေးပေါ်အခြေအနေ ဖယ်ရှားရန် အဆိုပြုခဲ့ကြောင်း တပ်မတော်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ပရာမုတ်က ပြောသည်။ အရေးပေါ်အခြေအနေရုပ်သိမ်းရန် နောက်ထပ်ခြေလှမ်းအဆင့်မှာ အတည်ပြုချက်ရရှိရေးအတွက် အစိုးရအဖွဲ့ဆီသို့ အဆိုပြုချက်တစ်ဆင့်ပေးပို့ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နောက်ထပ် အရေးပေါ်အခြေအနေထုတ်ပြန်ချက်ဖယ်ရှားရန် ဦးစားပေးရမည့် ခရိုင်များမှာ ယာလာပြည်နယ်ရှိ ကာဘန်ခရိုင်၊ နာရာသီဝပ်ပြည်နယ်ရှိ ဝါအင်ခရိုင်နှင့် ပတာနီပြည်နယ်ရှိ ကာဖိုခရိုင်တို့ဖြစ်ကြောင်း သိရသည်။

**ဘန်ကောက်ပို့စ်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ တစ်သိန်းကျော်လာပြီဖြစ်

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၉**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေအတွက် တစ်သိန်းကျော်အထိ ရှိလာပြီး အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကပ်ရောဂါဒဏ်ကို ဆိုးဆိုးရွားရွား ထိခိုက်ခံစားနေရသည့် ဘရာဇီးကို စီးပွားရေးဆိုင်ရာ အကူအညီဆက်လက်ပေးအပ်ရန် တရားဝင်အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ၏ နောက်ဆက်တွဲရိုက်ခတ်မှုကြောင့် အလုပ်လက်မဲ့အရေအတွက် မြင့်မားနေပြီး နိုင်ငံ့စီးပွားရေးအကျဘက်သို့ ဦးတည်နေသော်လည်း အရေးပေါ် ရန်ပုံငွေတစ်ရပ် ခွဲဝေသတ်မှတ်မည့် အစီအစဉ်ကို ရီပတ်ဘလစ်ကန်ပါတီနှင့် အတိုက်အခံ ဒီမိုကရက်တစ်များက ကန့်ကွက်မှုကြောင့် မအောင်မမြင်ဖြစ်ခဲ့ရပြီးနောက်တွင် သမ္မတထရမ့်က ယခုအမိန့်ကို လက်မှတ်ထိုးလိုက်ခြင်း ဖြစ်သည်။

ယနေ့အချိန်ထိ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတို့သည် ကမ္ဘာတစ်ဝန်းတွင် ကပ်ရောဂါဒဏ်ကို အဆိုးဆုံးခံစားနေရသည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေအတွက်မှာ ၁၀၀၄၇၇ ဦးရှိပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌လည်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်နေပြီး လက်ရှိတွင် သေဆုံးသူအရေအတွက် ၇၂၂၀၀၀ ကျော် အထိရှိသည်။

သေဆုံးသူများအနက် ၁၆၂၀၀၀ မှာ အမေရိကန်ပြည်ထောင်စုမှဖြစ်သည်။

အမေရိကန်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ငါးသန်းကျော်ရှိပြီး အိန္ဒိယနိုင်ငံတွင် နှစ်သန်းကျော်ပြီဖြစ်ကာ သေဆုံးသူ ၄၂၅၁၈ ဦးအထိ ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်နေသည့် ဘရာဇီးနိုင်ငံတွင် ကျန်းမာရေးကုသမှုခံယူနေစဉ်။

# တာလီဘန်အကျဉ်းသားများကို ပြန်လွှတ်ပေးရေး အာဖဂန်စုဝေးပွဲကြီးက ထောက်ခံ

ကဘူးလ် ဩဂုတ် ၉

**ထောင်နှင့်ချီသည့် အာဖဂန်နစ္စတန် ထင်ရှားသူများသည် တာလီဘန်အကျဉ်းသားများကိုပြန်လွှတ်ရေး ဆွေးနွေးရန် စုဝေးခဲ့ကြပြီးနောက် အကျဉ်းသားများကိုပြန်လွှတ်ပေးရေးအတွက် ဩဂုတ် ၉ ရက်တွင် ထောက်ခံခဲ့ကြကြောင်း သိရသည်။**

တာလီဘန်အကျဉ်းသား ၄၀၀ မှာ နိုင်ငံခြားသားများနှင့် အာဖဂန်များကို သတ်ဖြတ်ခဲ့ကြသူများ ဖြစ်ကြသည်။ သုံးရက်ကြာစုဝေးပွဲကြီး၏ နောက်ဆုံးနေ့တွင် အဆိုပါဆုံးဖြတ်ချက်ကို ထောက်ခံပေးခဲ့ကြသည်။

လိုယာဂျာဂါ ဟုခေါ်သည့် စုဝေးပွဲသည် အာဖဂန်လူမျိုးစုခေါင်းဆောင်များနှင့် နိုင်ငံအကြီးအကဲများ ရိုးရာအစဉ်အလာတွေ့ဆုံပွဲဖြစ်ပြီး ယင်းကဲ့သို့သော တွေ့ဆုံဆွေးနွေးမှုကို အငြင်းပွားဖွယ်ကိစ္စများ အဆုံးအဖြတ်ပေးရာတွင် ပြုလုပ်လေ့ရှိသည်။

ပြည်သူများ၏ကောင်းကျိုးများကိုရှေးရှု၍ သွေးထွက်သံယိုမှုများရပ်တန့်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲစတင်ရန် အတားအဆီးများကိုဖယ်ရှားရေး အလို့ငှာ တာလီဘန်တို့တောင်းဆိုထားသည့်အတိုင်း အကျဉ်းသား ၄၀၀ ကို ပြန်လွှတ်ပေးရေး စုဝေးပွဲကြီးက ထောက်ခံခဲ့ကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောသည်။ နိုင်ငံခြားသားအကျဉ်းသားများကိုသက်ဆိုင်ရာတိုင်းပြည်များသို့ လွှဲပြောင်းပေးမည်ဟုလည်း သိရသည်။

စုဝေးပွဲကြီး၏ဆုံးဖြတ်ချက်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် နောက်ဆုံးအတားအဆီးများကို ဖယ်ရှားလိုက်ခြင်းပင်ဖြစ်ကြောင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲလမ်းကြောင်းပေါ်သို့ ရောက်လုနီးနီးဖြစ်နေပြီဟု တာလီဘန်များနှင့် ဆွေးနွေးပွဲတွင် ဦးဆောင်သူအဖြစ် အစိုးရက တာဝန်ပေးထားသည့် အဗ္ဗဒူလာ အဗ္ဗဒူလာကပြောသည်။

အာဖဂန်အစိုးရသည် တာလီဘန်အကျဉ်းသား ၅၀၀၀ ကို ပြန်လွှတ်ပေးခဲ့ပြီဖြစ်ပြီး နောက်ဆုံးကျန်ရှိနေသည့် အကျဉ်းသားများကို ပြန်လွှတ်ပေးရေးတာလီဘန်တို့က တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ တရားဝင်စာရင်းများအရ အကျဉ်းသားအများစုမှာပြင်းထန်သောပြစ်မှုကျူးလွန်သူများဖြစ်ပြီး ၎င်းတို့ထဲမှ ၁၅၀ မှာ သေဒဏ်ကျခံရန် အမိန့်ချထားခံရသူများဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကလည်း အကျဉ်းသားများ ပြန်လွှတ်ပေးရေးအတွက် တိုက်တွန်းခဲ့သည်။ **အေအက်ဖ်ပီ**



တာလီဘန်အကျဉ်းသားများ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် စုဝေးပွဲကြီး ကျင်းပနေစဉ်။

# ဘေရွတ်ပေါက်ကွဲမှုအပြီး အစိုးရဆန့်ကျင်ဆန္ဒပြပွဲကြောင့် ၁၄၂ ဦးဒဏ်ရာရ

ဘေရွတ် ဩဂုတ် ၉

ဘေရွတ်မြို့လယ်ကောင်တွင် ဩဂုတ် ၈ ရက်က အစိုးရဆန့်ကျင်ဆန္ဒပြမှုဖြစ်ပေါ်ခဲ့ပြီး ရဲအရာရှိတစ်ဦး သေဆုံးကာ ၁၄၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

လက်ဘနွန်နိုင်ငံ မြို့တော် ဘေရွတ်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီး ၁၅၈ ဦးထက်မနည်း သေဆုံးကာ ၆၀၀၀ ဒဏ်ရာရရှိပြီးနောက် ယခုလို ဆန္ဒပြမှု ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု LBCI တီဗွီချန်နယ်တွင် ဖော်ပြထားသည်။

လက်ဘနွန် နိုင်ငံရေးစနစ်ကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် တောင်းဆိုခဲ့ပြီး ပါလီမန်ကို ဖြိုခွင်းရန် ဆန္ဒပြသူများက ကြိုးစားခဲ့ကြသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများ အသုံးပြုကာ လူစုခွဲခဲ့ရသည်။ ပါလီမန်အဆောက်အအုံနှင့် နီးကပ်လာရေး ဆန္ဒပြသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျောက်တုံးများဖြင့် ပစ်ပေါက်ခြင်း၊ အတားအဆီးများကို ဖယ်ရှားရန် ကြိုးပမ်းခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ဆန္ဒပြသူများသည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးဝန်ကြီးဌာနတို့ကို အောင်မြင်စွာ ချိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြသည်။

ဘေရွတ်ဆိပ်ကမ်းတွင် သိုလှောင်ထားသည့် အမိုနီယမ်နိုက်ထရိတ်သည် ၂၀၁၄ ခုနှစ်ကတည်းက သိမ်းဆည်းထားခဲ့ခြင်းဖြစ်ပြီး ယင်းပစ္စည်းများကြောင့် ကြောက်မက်ဖွယ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ



ဆန္ဒပြသူများက အတားအဆီးများကို ဖယ်ရှားနိုင်ရေး ကြိုးပမ်းနေကြသည်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် မြေပြိုမှုကြောင့် ၂၉ ဦးထက်မနည်းသေဆုံး

နယူးဒေလီ ဩဂုတ် ၉

အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်း မုတ်သုံရာသီဥတု ဝင်ရောက်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပေါ်ကာ လက်ဖက်ခင်း လုပ်သား ၂၀ ကျော် သေဆုံးခဲ့ရသည်ဟုသိရသည်။

ကာရာလာပြည်နယ် သီရိဗန်နမ်ပတ်ပူတန်မြို့တော်မှ ၂၅၀ ကီလိုမီတာအကွာရှိ အီဒုတ်ကီ ခရိုင်တွင် ဩဂုတ် ၇ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင် ဆဲဖြစ်သော်လည်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လုပ်ငန်းများနှောင့်နှေးနေရသည်။ ဩဂုတ် ၈ ရက် ညနေပိုင်းတွင် လူသေအလောင်း ၂၆ လောင်း တွေ့ရှိခဲ့ပြီးနောက် နောက်ထပ် သုံးလောင်းတွေ့ရှိခဲ့သည်ဟု ခရိုင်ရဲအရာရှိက အေအက်ဖ်ပီသို့ ပြောသည်။

ယင်းနေရာတွင်နေသူ ၇၈ ဦး ရှိပြီး အများစုမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသတွင်းမီဒီယာများကဖော်ပြသည်။

နှစ်စဉ် မုတ်သုံရာသီရောက်တိုင်း ကာရာလာပြည်နယ်သည် ရေကြီးမှုဒဏ်ကို ခံစားရလေ့ရှိသည်။ တောင်အာရှတွင် မြေအောက်ရေနှင့် မြစ်များ ရေပြန်လည်ဖြည့်တင်းရေးအတွက် မုတ်သုံရာသီသည် အရေးကြီးသော်လည်း သေဆုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လေ့ရှိသည်။ ဆင်ဟွာ



မြေပြိုမှုအပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

## ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေး အမေရိကန် သမ္မတထရမ့် လက်မှတ်ရေးထိုး

ဝါရှင်တန် ဩဂုတ် ၉

အမေရိကန်သမ္မတထရမ့်သည် ကိုဗစ် -၁၉ ရောဂါကြောင့် ထိခိုက်မှုရှိနေသည့် အမေရိကန်စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးသက်သာချောင်ချိရေးနားလည်မှုစာချွန်လွှာနှင့် စီမံဆုံးဖြတ်ခွင့်အမိန့်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားမှုအမိန့်တွင် အလုပ်လက်မဲ့များသည် အပတ်စဉ်ဒေါ်လာ ၄၀၀ အကျိုးခံစားခွင့်ရှိမည့် သဘောတူညီမှု ပါဝင်သည်။ ဒေါ်လာ ၆၀၀ ထောက်ပံ့ပေးသည့် အစီအစဉ်သည် လွန်ခဲ့သည့်လတွင် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည်။ သဘောတူညီမှုတွင် အခြားပါဝင်သည့်အချက်များမှာ လုပ်ခအခွန်လစာငွေပေးဆောင်ခြင်းကို ရွှေ့ဆိုင်းပေးခြင်းနှင့် ကျောင်းသားချေးငွေပေးခြင်းတို့ ပါဝင်သည်။

စီးပွားရေးပြန်လည်သက်သာရေးအစီအစဉ်နှင့်ပတ်သက်ပြီး ရီပက်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်အမတ်များကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိပြီး ယင်းနောက်တွင် ယခုလိုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဒီမိုကရက်တစ်အမတ်များသည် သက်သာချောင်ချိရေးအစီအစဉ်ကို ဓားစာခံအဖြစ်အသုံးချနေသည်ဟု ထရမ့်က နယူးဂျာစီပြည်နယ်တွင် အလျင်စလိုပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် စွပ်စွဲပြောဆိုခဲ့သည်။ ထရမ့်၏ လက်ရှိ လှုပ်ရှားမှုများကြောင့် ပါတီနှစ်ရပ်အကြား သဘောထားကွဲလွဲမှုများ ပိုမိုကြီးမားလာနိုင်ပြီး နောက်ထပ်စီးပွားရေးအစီအစဉ်များတွင် သဘောတူညီမှုရရန် အဟန့်အတားများဖြစ်လာနိုင်သည်ဟု ဆန်းစစ်သူများက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၁၀၉ ဦး ထပ်မံတွေ့ရှိ

မနီလာ ဩဂုတ် ၉

ဖိလစ်ပိုင်နိုင်ငံတွင် ဩဂုတ် ၉ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၁၀၉ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၁၂၉၉၁၃ ဦးရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနကသတင်းထုတ်ပြန်သည်။ ပြန်လည်ကျန်းမာလာသူဦးရေမှာ ၆၅၄ ဦးထပ်တိုးလာသည့်အတွက် စုစုပေါင်းနေပြန်ကောင်းသူမှာ ၆၇၆၇၃ ဦးရှိသည်။ ကိုဗစ် -၁၉နှင့်ဆက်စပ်သည့်ရောဂါများကြောင့်သေဆုံးသူ ၆၁ ဦးတိုးလာသည့်အတွက် သေဆုံးသူစာရင်းမှာ ၂၂၇၀ ရှိသည်။ မနီလာတွင်တစ်နေ့အတွင်း ကူးစက်ခံရသူ ၁၇၀၀ ရှိသည်ဟု ဩဂုတ် ၉ ရက်တွင်အတည်ပြုခဲ့သည့်အတွက် ဒေသငါးခုတွင် မနီလာမှာ ကူးစက်မှုအမြင့်ဆုံးဖြစ်နေသည်။

မတ်လအလယ်တွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် တင်းကျပ်သည့်အသွားအလာကန့်သတ်မှုများ ပြုလုပ်ခဲ့သော်လည်း ဖိလစ်ပိုင်နိုင်ငံသည် ဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်နေဆဲဖြစ်သည်။ ဒေသတွင်းကူးစက်မှုနှုန်းကိုထိန်းချုပ်နိုင်ရေး အစိုးရသည် တိုင်းပြည်တစ်ဝန်းတွင် ကျန်းမာရေးနှင့်လုံခြုံစိတ်ချရေးစံနှုန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ ကူးစက်မှုများကို ခြေရာခံလိုက်နိုင်ရေးနှင့် ကိုဗစ် -၁၉ ဆေးစစ်မှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ဇန်နဝါရီလအတွင်း ကိုဗစ် -၁၉ စတင်တွေ့ရှိသည့်အချိန်မှစတင်ကာ တိုင်းပြည်အတွင်း ကျန်းမာရေး လုပ်သားပေါင်း ၅၃၉၈ ဦးမှာ ကိုဗစ် -၁၉ ကူးစက်ခံခဲ့ရကြောင်း သိရသည်။ ၎င်းတို့ထဲမှ ၃၉ ဦးမှာ ကိုဗစ် -၁၉ ကြောင့် သေဆုံးခဲ့ရပြီးဖြစ်သည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံကို လျှို့ဝှက်ဆန်းကြယ်စွာ ဝင်ရောက်လာတဲ့ ကိုဗစ်-၁၉ ဒုတိယလှိုင်း

ကလျာမိုးမြင့်

**ကိုဗစ် –၁၉ ရောဂါဒဏ်ကို နိုင်ငံအများအပြားက အလူးအလဲခံစားနေကြရတဲ့အချိန် ဗီယက်နမ်နိုင်ငံဟာ ပြီးခဲ့တဲ့ ဇူလိုင်လလယ်အထိ ကိုဗစ်-၁၉ကြောင့် သေဆုံးသူမရှိခဲ့တဲ့အပြင် ပြည်တွင်းမှာလည်း အချင်းချင်းကူးစက်မှုတွေ မဖြစ်တော့တာ လအနည်းငယ်ကြာတဲ့ အထိပါပဲ။**

တခြားနိုင်ငံတွေနဲ့စာရင် တည်ငြိမ်မှုရှိလာတဲ့အခြေအနေကြောင့် ဗီယက်နမ်ရဲ့ဘောလုံးအားကစားကွင်းတွေမှာ ပွဲကြည့်ပရိသတ်တွေနဲ့ ပြန်ပြည့်လာသလို စာသင်ကျောင်းတွေကိုလည်း ပြန်ဖွင့်လိုက်ပြီး အရောင်းဆိုင်တွေ၊စားသောက်ဆိုင်တွေမှာလည်း စားသုံးသူတွေနဲ့ ပြန်လည်စည်ကားသက်ဝင်လာခဲ့တာ မကြာသေးပါဘူး။

### စိတ်ချမ်းသာမှုကို ဖျက်ဆီး

ဗီယက်နမ်ပြည်သူတွေရဲ့ ပုံမှန်နေ့စဉ်ဘဝကို ပြန်ရပြီဟော့လို့ လက်မထောင်မယ်ကြံကာရှိသေး ဇူလိုင်လကုန်အရောက်မှာတော့ ကိုဗစ်-၁၉ ရောဂါဆိုးက ထပ်မံခြောက်လှန့်လာပြီး ပြည်သူတွေရဲ့ စိတ်ချမ်းသာမှုကို တစ်ဖန်ပြန်ပြီးတော့ ဖျက်ဆီးလိုက်ပါတယ်။

ဒါနန်မြို့ဟာ ကိုဗစ်-၁၉ ဒုတိယလှိုင်းထပ်မံဖြစ်ပွားရာ ဗဟိုချက်မဖြစ်လာခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားမှုရဲ့ ဇာစ်မြစ်က ကျွမ်းကျင်သူတွေကို အတော်လေးစိတ်ရှုပ်ထွေးစေခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်ကဒါနန်မြို့မှာ ပထမဆုံး အကြိမ် ကိုဗစ်-၁၉ကြောင့် သေဆုံးမှုဖြစ်ပေါ်ခဲ့ရာက အခုဆိုရင် သေဆုံးသူအရေ အတွက်ဟာ ၁၀ ဦး အထိ တိုးလာခဲ့ပြီဖြစ်ပါတယ်။

### မြန်ဆန်ထိရောက်စွာ ဆုံးဖြတ်

လွန်ခဲ့တဲ့ ရက်သတ္တပတ်များစွာအကြာက ဗီယက်နမ်နိုင်ငံဟာ ကပ်ရောဂါတိုက်ဖျက်ရေးမှာ ရှားရှားပါးပါး အောင်မြင်မှုရတဲ့ မှတ်တမ်းဝင်နိုင်ငံတစ်ခုအနေနဲ့ နိုင်ငံတကာရဲ့ အသိအမှတ်ပြုခြင်းကို ခံယူနိုင်ခဲ့တဲ့နိုင်ငံပါ။ ကပ်ရောဂါဝင်လာပြီဆိုတဲ့အချိန် တခြားနိုင်ငံတွေက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြတဲ့အချိန်မှာ ဗီယက်နမ်က မြန်ဆန်ထိရောက်တဲ့ ဆုံးဖြတ်ချက်ချမှုတွေ လုပ်ဆောင်ခဲ့ပြီး မတ်လအစောပိုင်းမှာ နေရပ်ပြန် ဗီယက်နမ်ပြည်သူတွေအတွက်ကလွဲပြီး ဘယ်နိုင်ငံက ခရီးသည်မှ ဝင်ရောက် မလာနိုင်အောင် နယ်စပ်ဂိတ်တွေကို အကုန်ပိတ်ပစ်ခဲ့ပါတယ်။

### ဘာတွေမှားယွင်းနေ

အစိုးရဌာန အဖွဲ့အစည်းတွေ အတွင်းမှာလည်း နိုင်ငံထဲကိုပြန်ဝင်လာတဲ့ ဘယ်သူကိုမဆို ၁၅ရက်ကြာ ကန့်သတ်စောင့်ကြည့်မှုနဲ့ ကိုဗစ်-၁၉ ရှိ မရှိစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပြီး ရောဂါကူးစက်ခံရသူတွေရဲ့ နောက်ကြောင်းရာဇဝင်ကို စုံစမ်းရှာဖွေမှုတွေနဲ့ တစ်နိုင်ငံလုံးအနှံ့ ဗိုင်းရပ်စစ်ဆေးတာတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

မဲလ်ဘုန်းရှိ ဘားနက်အင်စတီကျုမှာ သုတေသနလုပ်နေတဲ့ ရောဂါဗေဒပညာရှင် ပါမောက္ခ မစ်ချယ်လ်တိုလီက "တစ်ခုခုမှားယွင်းသွားတယ်ဆိုတာကို အသေအချာ မပြောနိုင်ဘူး။ ကပ်ရောဂါကို ထိန်းချုပ်နိုင်သွားပြီလို့ ထင်နေကြတဲ့ နိုင်ငံအများစုဟာ နောက်ထပ်ရောဂါကူးစက်မှုတစ်ကျော့ပြန်ပေါ်လာတာကို တွေ့နေရတယ်။ အဲဒီအထဲမှာ စပိန်၊ ဟောင်ကောင်နဲ့ ဩစတြေးလျနိုင်ငံတွေပါတယ်လို့" ၎င်းက ဆိုပါတယ်။



ကိုဗစ်-၁၉ စစ်ဆေးရန် စောင့်ဆိုင်းနေကြသည့် ဗီယက်နမ်ပြည်သူများကို တွေ့ရစဉ်။

> ❐ ဒေသမီဒီယာတွေကတော့ နောက်ဆုံးပေါ်ထွက်လာတဲ့ ကိုဗစ်-၁၉ ကူးစက်မှုဟာ ပိုပြီးကူးစက်နိုင်မှုပြင်းထန်တဲ့ ဗိုင်းရပ်စ်အမျိုးအစားတစ်ခုကြောင့် ဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုပြီး ဖော်ပြနေကြပါတယ်။ မီဒီယာတချို့ကတော့ ဗီယက်နမ်နဲ့ တရုတ်နယ်စပ်တစ်လျှောက်မှာ မကြာသေးခင်ကဖြစ်ပွားခဲ့တဲ့ လူမှောင်ခိုကူးမှုကိစ္စနဲ့ ဆက်နွှယ်နေနိုင်တယ်ဆိုပြီး ဖော်ပြနေကြ

### ဥာနေဆီ ပြန်ပြေး

လက်ရှိအခြေအနေမှာတော့ ကိုဗစ်-၁၉ ပထမလှိုင်းတုန်းကလိုပဲ ဗီယက်နမ်က မြန်မြန်ဆန်ဆန်နဲ့အင်တိုက်အားတိုက် တုံ့ပြန်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ခဲ့ပြီဆိုတဲ့ အတွေးနဲ့ စိတ်သက်သာရာရနေကြတဲ့ ဒါနန်မြို့က ခရီးသွားပြည်သူ ၈၀၀၀၀ လောက်ဟာ ကိုဗစ်-၁၉ ဒုတိယလှိုင်း ထပ်ပြီးဝင်ရောက်လာတဲ့အခါမှာတော့ မိမိတို့ ဥာနေဆီကို ကသုတ်ကရက် ပြန်ပြေးကြရပြန်ပါတယ်။

သမိုင်းဝင်ဆိပ်ကမ်းမြို့ဖြစ်တဲ့ ဒါနန်မြို့ဟာဆိုရင်လည်း အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုအောက်ကို လုံးဝကျရောက်သွားရပြန်ပါပြီ။

### ဟာကွက်ရှာနေတဲ့ ရန်သူ

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဟာ ဟာကွက်ကို စောင့်နေတဲ့ တိတ်တဆိတ်ရန်သူလိုပါပဲ။ အက်ကြောင်းသေးသေးလေးတစ်ခုရှိလိုက်တာနဲ့ အဲဒီနေရာကနေ အလစ်ဝင်လာပြီး ချက်ချင်းဆိုသလို ကူးစက်ပြန့်ပွားပစ်လိုက်တယ်လို့ ပရော်ဖက်ဆာတိုလီက ဆိုပါတယ်။ကိုဗစ်-၁၉ ဒုတိယလှိုင်း ဘယ်ကနေပြန်ဝင်လာခဲ့တယ်ဆိုတဲ့ ဇာစ်မြစ်ကို ဆေးပညာရှင်တွေရော သုတေသနပညာရှင်တွေကပါ အဖြေရှာတွေ့ဖို့ အပူတပြင်း ကြိုးစားနေကြပါတယ်။

နောက်ဆုံးဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ကူးစက်မှုရဲ့ အရင်းအမြစ်ဟာ လျှို့ဝှက်ဆန်းကြယ်လွန်းလှတယ်လို့ အောက်စဖို့ဒ်တက္ကသိုလ် ဆေးသုတေသနယူနစ်အဖွဲ့ ဒါရိုက်တာပရော်ဖက်ဆာရိုဂျီယာ ဗန်ဒေါန်းက မှတ်ချက်ချခဲ့ပါတယ်။ မျိုးဗီဇဆိုင်ရာပြောင်းလဲနိုင်စွမ်းရှိတဲ့ ဗိုင်းရပ်စ်ရဲ့ လုပ်ဆောင်ချက်ကို ပါမောက္ခ ရိုဂျီယာ ဗန်ဒေါန်းနဲ့ ၎င်းရဲ့သုတေသနအဖွဲ့က အစိုးရနဲ့အတူ လက်တွဲပြီး အာရုံစိုက်လေ့လာနေပါတယ်။ အခုအချိန်အထိကတော့ ကိုဗစ်-၁၉ လူနာအမှတ် ၄၁၆ ဖြစ်တဲ့ အသက် ၅၇ နှစ်အမျိုးသားဟာ ဘယ်လိုဘယ်ပုံ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရလဲဆိုတာကို ဘယ်သူကမှ အဖြေမထုတ်နိုင်သေးဘူး ဖြစ်နေပါတယ်။

### ခိုင်လုံတဲ့ အထောက်အထားမရှိ

ဒီတော့ စဉ်းစားစရာတွေကလည်း အမျိုးမျိုးပေါ်ထွက်လာပါတယ်။ ဒေသမီဒီယာတွေကတော့ နောက်ဆုံးပေါ်ထွက်လာတဲ့ ကိုဗစ်-၁၉ကူးစက်မှုဟာ ပိုပြီးကူးစက်နိုင်မှုပြင်းထန်တဲ့ ဗိုင်းရပ်စ်အမျိုးအစားတစ်ခုကြောင့် ဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုပြီး ဖော်ပြနေကြပါတယ်။ မီဒီယာတချို့ကတော့ ဗီယက်နမ်နဲ့ တရုတ်နယ်စပ်တစ်လျှောက်မှာ မကြာသေးခင်ကဖြစ်ပွားခဲ့တဲ့ လူမှောင်ခိုကူးမှုကိစ္စနဲ့ ဆက်နွှယ်နေနိုင်တယ်ဆိုပြီး ဖော်ပြနေကြတာလည်းရှိပါတယ်။

ဒါပေမယ့် ပိုပြီးကူးစက်မှုပြင်းထန်တဲ့ ကိုဗစ်-၁၉ဟာ ရွှေ့ပြောင်းသွားလာသူတွေဆီက ပါလာပြီး ဗီယက်နမ်နိုင်ငံထဲကို ဝင်လာတယ်လို့ တပ်အပ်ပြောနိုင်လောက်တဲ့ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံမရှိပါဘူး။

### ၁၀ ရက်အတွင်း အမြင့်ဆုံးရောက်လာနိုင်

ဇူလိုင်လနှောင်းပိုင်းမှာ ဗီယက်နမ်နိုင်ငံအတွင်း ကိုဗစ် –၁၉ ကူးစက်ခံရသူ ၄၀၀ လောက်ရှိခဲ့ရာကနေ အခုလက်ရှိမှာ ရောဂါကူးစက်ခံရတဲ့အတည်ပြုလူနာအရေအတွက် ၇၈၀ အထိမြင့်တက်လာခဲ့တာဖြစ်ပါတယ်။ ဗီယက်နမ်ဒုတိယကျန်းမာရေးဝန်ကြီးက ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်ဟာ ဆက်လက်တိုးလာနိုင်ဖွယ်ရှိသေးတဲ့အပြင် နောက်ထပ် ၁၀ရက်အတွင်းမှာ ရောဂါကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးအချိန်ကို ရောက်ရှိလာနိုင်တယ်ဆိုပြီး ပြောကြားခဲ့ပါတယ်။

ကြိုတင်ကာကွယ်မှုအနေနဲ့ ဟန္နိုင်းမြို့မှာ ညဈေးတွေနဲ့ ကာရာအိုကေဆိုင်တွေကို ပိတ်ထားပြီး ဟိုချီမင်းမှာလည်း မြို့တော်ဟန္နိုင်းနဲ့နည်းတူ အများပြည်သူသွားလာရာနေရာတွေမှာ နှာခေါင်းစည်းတပ်ဆင်ခြင်းကို မဖြစ်မနေလိုက်နာဖို့ စည်းကမ်းထုတ်ထားတယ်လို့ သိရပါတယ်။ ။

**ကိုးကား – ဆင်ဟွာ၊ ဘီဘီစီ**

# နိုင်ငံတကာသတင်းတိုထွာ

## တောင်အာဖရိကတွင် ကိုဗစ်-၁၉ကြောင့် သေဆုံးသူ ၁၀၀၀၀ ကျော်ပြီ

**ကိပ်တောင်း ဩဂုတ် ၉**

တောင်အာဖရိကနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ၁၀၂၁၀ အထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဇွီလီမဟီဇီက ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၅၅၃၁၈၈ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

တောင်အာဖရိက၏ စီးပွားရေးအချက်အချာမြို့ဖြစ်သော ဂွါတန်ပြည်နယ်သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်မဖြစ်လျက်ရှိပြီး ရောဂါကူးစက်ခံရသူ ၁၉၀၉၉၉ ဦး ရှိသည်။

ရောဂါကူးစက်မှုမှ ပြန်လည်သက်သာလာသူအရေအတွက်မှာ လက်ရှိတွင် ၄၀၄၅၆၈ ဦးရှိပြီး ရောဂါကူးစက်ဖြစ်ပွားမှု၏ ၇၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေသည် အမေရိကန်၊ ဘရာဇီး၊ အိန္ဒိယနှင့် ရုရှားနိုင်ငံပြီးလျှင် အရေအတွက်အများဆုံးဖြစ်သည်။

**ဆင်ဟွာ**

## တောင်ကိုရီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူအရေအတွက်တိုးလာ

**ဆိုးလ် ဩဂုတ် ၉**

တောင်ကိုရီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူအရေအတွက်မှာ ဩဂုတ် ၉ ရက်တွင် ၃၀ အထိ တိုးလာပြီး ၁၂ ဦး ပျောက်ဆုံးလျက်ရှိကာ ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးရုံးချုပ်က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းဒေသမှ စတင်ကာ ဆိုးလ်မြို့အပါအဝင် မက်ထရိုပိုလီတန်အနီးတစ်ဝိုက်မှသည် တောင်ပိုင်းဒေသအထိ မိုးဆက်တိုက် ရွာသွန်းခဲ့ရာ ပြီးခဲ့သည့် သုံးရက်အတွင်း ၁၃ ဦး ထပ်မံသေဆုံးခဲ့ပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် အိမ်ထောင်စုပေါင်း ၃၄၈၉ ခုတို့မှာ ဒေသခံပြည်သူ ၅၉၇၁ဦးကို ရေဘေးလွတ်ရာနေရာများသို့ ကယ်ဆယ်ရွှေ့ပြောင်းခဲ့ပြီး ၎င်းတို့အနက် ဒေသခံပြည်သူ ၄၆၁၇ ဦးမှာ ယခုအချိန်အထိ နေအိမ်သို့ မပြန်နိုင်သေးကြောင်း သိရသည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**ရက် ၉၀ သာ**


**လိုတော့သည်။**

❒ *ကျော့ဖုံးမှ*

ပထမအကြိမ် ပြုစုထားသော မဲစာရင်းများအရ ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်း ရပ်ကွက် ၂၂ ခု၌ အသက် ၁၈ နှစ်ပြည့်ကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၆၀၄၃၅ ဦးရှိပြီး မဲရုံပေါင်း ၆၅ ရုံ ဖွင့်လှစ်ထားကြောင်း ဗဟန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအေးမောင်သန်း က "ဩဂုတ် ၇ ရက်အထိ မဲဆန္ဒရှင်တွေ အိမ်ထောင်စုစာရင်း လာကြည့်တဲ့အပေါ်မှာ ကော်မရှင်ကနေ ပြန်လည်ပြုစုရမယ့် အချက်တွေ၊ ပုံစံ (၃) တောင်းတာရှိတယ်၊ ဒါတွေ ထည့်ပေးရမယ်။ ၄ နဲ့ထွက်တာရှိမယ်။ အဲဒါတွေကို နုတ်ရမယ်။ ကျွန်တော်တို့ဆီမှာ ပေးပို့ထားတဲ့ မြို့နယ်ထပ်တာတွေရှိတယ်။ ရွေးကောက်ပွဲမတိုင်မီ လုပ်ဖို့ ကျန်တဲ့လုပ်ငန်းတွေကို မြို့နယ်ကော်မရှင်မှာပါတဲ့ ဌာနဆိုင်ရာ တာဝန်ခံတွေနဲ့ ညှိနှိုင်းတဲ့ အစည်းအဝေး ဖြစ်ပါတယ်။ ဩဂုတ်လနောက်ပိုင်းမှာ မဲရုံမှူး၊ ဒုမဲရုံမှူးများကို သင်တန်းတွေ ပေးသွားမယ်" ဟု ပြောသည်။ ဗဟန်းမြို့နယ်၌ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးမှ ပေးပို့သော စာရင်းများအရ ဩဂုတ် ၇ ရက်အထိ မဲစာရင်း ကြည့်သူပေါင်း ၂၀၂၉၈ ဦးကျော်ရှိပြီး မိမိစာရင်း မပါရှိ၍ ပုံစံ (၃) ဖြင့် ဖြည့်စွက်လျှောက်ထားသူ ၃၃၆၉ ဦး၊ မပါဝင်သင့်သူများ ပါဝင်နေခြင်းကို ကန့်ကွက်သည့် ပုံစံ (၄) ဖြင့် ဖြည့်စွက်တင်ပြလာသူ ၆၄၅ ဦး၊ အမှားပြင်ဆင်ရန် ပုံစံ(၄-ဂ) ဖြင့် ဖြည့်စွက်တင်ပြလာသူ ၂၀၁၇ ဦးရှိကြောင်း သိရသည်။

**အာကာစိုး**




သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဈ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

✤ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည် ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊ မဲဆန္ဒနယ် တစ်ခုအတွင်းတွင် ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

✤ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂)နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/န(သ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊

✤ အပိုဒ်ခွဲ (ဆ) အရ ဆောင်ရွက်ပြီးနောက် မိမိ၏ အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ ရောက်ရှိသည့် နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄-ခ)တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ(၃) ကို မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

✤ အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်ပြီး မဲပေးလိုခြင်း မရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲ ပေးပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့သို့ တင်ပြလျှောက်ထားရန်။

**သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၉-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၈-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL-Mlm) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၃၂၀) ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၈-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၆၀၃) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၇၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL-Mlm)မှ ဓာတ်ခွဲနမူနာ (၃၂၀)ခု
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော် ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၀၃)ခု၊ စုစုပေါင်းဓာတ်ခွဲနမူနာ (၁,၂၉၁)ခုအား စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

၃။ (၉-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၉)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၉-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၈-၈-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၃၂၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၉-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၅၂၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၇၁) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၆၆) ခု
- စုစုပေါင်း (၁,၀၆၃)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၆၀) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case-350) ရှိသဖြင့် စုစုပေါင်း (၃၁၂) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၀၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၈-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၉-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၉) ဦးရှိပါသည်။

(ယနေ့အတွက် ထပ်မံထုတ်ပြန်ရန် သတင်းမရှိတော့ပါ။)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၉-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၂၆) ခု |
| (၉-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၁) ခု |
| (၉-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၆၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၃၁၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၉-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 360 | ၅၃ နှစ် | ကျား | ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | မရှိ | ရှိ (အမေရိကန်နိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မင်္ဂလာဒုံမြို့နယ်) |

## ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့်နေရပ်ပြန်ပြည်သူ ၆၇ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဩဂုတ် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၈ ရက် ညနေ ၆ နာရီက ၁၈ ဦးနှင့် ယနေ့ မွန်းတည့် ၁၂ နာရီက ၄၉ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၆၇ ဦးတို့အား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်း ပို့ဆောင်ပေးသည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၆၇ ဦးမှာ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၂၅ ဦးတို့ ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီးမှ တစ်ဦး၊ ကချင်ပြည်နယ်မှ တစ်ဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်မှ ၃၃ ဦးနှင့် ရခိုင်ပြည်နယ်မှ ၂၅ ဦးတို့ဖြစ်ကြောင်း သိရသည်။

၎င်းနေရပ်ပြန်ပြည်သူများမှာ တရုတ်နိုင်ငံမှ လွှဲပြောင်းလာသည့် အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၄၉ ဦးတို့သည် တရုတ်နိုင်ငံဘက်ခြမ်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရသည့် ပြည်သူများဖြစ်၍ ၎င်းတို့အား ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ခေတ္တထားရှိပြီး ချင်းရွှေဟော်မြို့ ကုသရေးဦးစီးဌာနမှ ၎င်းတို့၏ အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်တို့အား ရယူကာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးနိုင်ရန် မန္တလေးမြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ ဓာတ်ခွဲအဖြေကောင်းမွန်ကြောင်းသိရ၍ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်းပို့ဆောင်ပေးကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၉၆၈ ဦးနှင့် အမျိုးသမီး ၆၃၇၆ ဦးတို့ ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄၃၄၄ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## COVID – 19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၉**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်



# မိမိကိုယ်ကို သတိဖြင့်နေထိုင်ခြင်းသည် လွန်စွာအရေးကြီး

ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုပုံစံသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံကွာခြားသည်ဟု ပြောဆိုကြပါကြောင်း၊ တစ်နေရာနှင့် တစ်နေရာအပေါ်အခြေခံ၍ ပြောင်းလဲသွားပါကြောင်း၊ မိမိတို့နိုင်ငံတွင် အများစုသည် ရောဂါလက္ခဏာပြသခြင်းမရှိဟု ပြောကြပါကြောင်း၊ ထိုသို့ လက္ခဏာမပြခြင်းသည် အလွန်ကြောက်မက်ဖွယ်ဖြစ်ပါကြောင်း၊ လက္ခဏာပြသသဖြင့် မြင်တွေ့ရလျှင် ရှောင်တိမ်း၍ရပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါလက္ခဏာ လုံးဝမပြသဖြင့် ရှောင်တိမ်း၍မရပါကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို သတိဖြင့်နေထိုင်ခြင်းသည် လွန်စွာအရေးကြီးပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၀-၆-၂၀၂၀ ရက်နေ့တွင် COVID -19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန် ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ဩဂုတ် ၉ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၆၀ ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၉

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၆၀ ရှိသွားပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူတစ်ဦးမှာ အမေရိကန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၆၀ အနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၃၁၂ ဦးရှိပြီး ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၀၈ ဦးရှိကြောင်းနှင့် ဩဂုတ် ၈ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၉ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၅၈၇၂ | ၃၆၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၁၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၉၄၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၀၈ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၂ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၆၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၉-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၉-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၁၅၁၇၉၂ | ၂၆၃၈၆၈၁ | ၁၆၅၀၉၂ |
| ၂။ | ဘရာဇီး | ၃၀၁၃၃၆၉ | ၂၀၉၄၂၉၃ | ၁၀၀၅၄၃ |
| ၃။ | အိန္ဒိယ | ၂၁၆၇၄၂၀ | ၁၄၈၉၀၀၅ | ၄၃၅၈၃ |
| ၄။ | ရုရှား | ၈၈၇၅၃၆ | ၆၉၃၄၂၂ | ၁၄၉၃၁ |
| ၅။ | တောင်အာဖရိက | ၅၅၃၁၈၈ | ၄၀၄၅၆၈ | ၁၀၂၁၀ |
| ၆။ | မက္ကဆီကို | ၄၇၅၉၀၂ | ၃၁၈၆၃၈ | ၅၂၀၀၆ |
| ၇။ | ပီရူး | ၄၇၁၀၁၂ | ၃၁၉၁၇၁ | ၂၀၈၄၄ |
| ၈။ | ကိုလံဘီယာ | ၃၇၆၈၇၀ | ၂၀၄၅၉၁ | ၁၂၅၄၀ |
| ၉။ | ချီလီ | ၃၇၁၀၂၃ | ၃၄၄၁၃၃ | ၁၀၀၁၁ |
| ၁၀။ | စပိန် | ၃၆၁၄၄၂ | စိစစ်ဆဲ | ၂၈၅၀၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၂၉၉၁၃ | ၆၇၆၇၃ | ၂၂၇၀ |
| အင်ဒိုနီးရှား | ၁၂၅၃၉၆ | ၈၀၉၅၂ | ၅၇၂၃ |
| စင်ကာပူ | ၅၅၁၀၄ | ၄၈၅၈၃ | ၂၇ |
| မလေးရှား | ၉၀၈၃ | ၈၇၈၄ | ၁၂၅ |
| ထိုင်း | ၃၃၅၁ | ၃၁၅၁ | ၅၈ |
| ဗီယက်နမ် | ၈၄၁ | ၃၉၅ | ၁၁ |
| မြန်မာ | ၃၆၀ | ၃၁၂ | ၆ |
| ကမ္ဘောဒီးယား | ၂၄၈ | ၂၁၇ | ၀ |
| ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

# ရန်ကုန်တိုင်းဒေသကြီး၌ COVID-19 CERP ဖြင့် ငါးသားပေါက်များပံ့ပိုး

**ရန်ကုန် ဩဂုတ် ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ COVID-19 Economic Relief Plan (CERP)အရ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။




အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ တိုင်းဒေသကြီး ဦးစီးဌာနမှူးများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ငါးမွေးတောင်သူများ တက်ရောက်ကြသည်။

လှော်ကား ငါးလုပ်ငန်းစခန်းမှ ယနေ့ပေးအပ်သော ငါးသားပေါက်ကောင်ရေ ၅၀၀၀၀၀ အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီး၊ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးတို့က ငါးမွေးတောင်သူများအား လွှဲပြောင်းပေးအပ်ပြီး ငါးမွေးတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့သည် လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်းသို့ သွားရောက်ပြီး CERP ၏ Action Plan အရ ငါးမွေးတောင်သူများသို့ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ငါးသားပေါက်ကောင်ရေ ၅၀၀၀၀၀ အား ထောက်ပံ့ပေးအပ်သည်။ ယနေ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၁၀၀၀၀၀၀ ကို ပထမအသုတ်အဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ရှေ့ဖုံးမှ*


ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန် ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ သတင်းစဉ်

# အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



## လှိုင်လင်ခရိုင်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် မျိုးစေ့ထုတ်လုပ်သည့် မြို့နယ်များသို့ ထောက်ပံ့ငွေပေးအပ်

**လှိုင်လင် ဩဂုတ် ၉**

လှိုင်လင်ခရိုင်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် CERPအစီအစဉ်အရ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်သည့် မြို့နယ်များသို့ ထောက်ပံ့ငွေပေးအပ်ပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းစောမြက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်မျိုးစေ့တာဝန်ခံက မျိုးစေ့ထုတ်လုပ်သည့်နည်းပညာများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်သည့် မြို့နယ် ၁၁ မြို့နယ်သို့ စုစုပေါင်း စိုက်ဧက ၆၀၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၄၈၅၀၀ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **မောင်ကျော်ကြီး**




# ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ရထားခရီးစဉ်ဖြင့် ဆက်လက်ပို့ဆောင်ပေး

**လားရှိုး ဩဂုတ် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၊ ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှ ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှစတင်ပြီး စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၉ ရက်တွင် အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၅၂ ဦးတို့ကို ဆက်လက်ပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၅၂ ဦးတို့တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၉ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၃ ဦး၊ နေပြည်တော်မှတစ်ဦး၊ ရခိုင်ပြည်နယ်မှတစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ငါးဦးတို့ ဖြစ်ကြသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျ စိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် မေ ၆ ရက်မှစတင်၍ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၉ ရက်အထိ နေရပ်ပြန်ပြည်သူ အမျိုးသား ၈၈၇၃ ဦး၊ အမျိုးသမီး ၅၅၄၇ ဦး စုစုပေါင်း ၁၄၄၂၀ တို့ကို လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

**နန်းသန္တာဦး (ပြန်/ဆက်)**

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**



# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၆၈ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၉**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၆၈ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၉ ရက်အထိ ၆၃၄၀ စုစုပေါင်း ၆၁၉၅၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၅၁ ဦး၊ အမျိုးသမီး ၂၁၇ ဦး စုစုပေါင်း ၅၆၈ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၄ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၂၃ | အောင်ခြင်းရှစ်ပါး | ပန်းချီ-ကံကောင်း | ဆုပြည့်စုံထွန်းစာပေ | ၄၀၀၀ |
| ၂၄ | ချစ်သူရေ | မင်းမှုပိုင် | ကိုလတ်စာပေ | ၂၅၀၀ |
| ၂၅ | မဒ္ဒီဒေဝီ တောင်တန်း | အသခ်ယာသျှင်ထွေး | ကိုလတ်စာပေ | ၃၀၀၀ |
| ၂၆ | အ-မနုသတောဝါ | ဆင်ဖြူကျွန်းအောင်သိန်း | စိတ်ကူးချိုချို | ၄၅၀၀ |
| ၂၇ | အဏ္ဏဝါရေအောက်ခရီး | ဒဂုန်ရွှေမျှား | Quality | ၂၅၀၀ |
| ၂၈ | ရွှာရန်ရာနှုန်း ၈၀ | သော်တာအေးလှဲ့ | ကံ့ကော်ဝတ်ရည် | ၃၀၀၀ |
| ၂၉ | မဟာကဗျာ | မောင်သာနိုး | စိတ်ကူးချိုချို | ၃၅၀၀ |
| ၃၀ | ပထမနှစ်နာရီ | အောင်လှိုင်(မြန်မာပြန်) | စိတ်ကူးချိုချို | ၁၅၀၀ |
| ၃၁ | နိုင်ငံတော်သစ်နှင့်အမျိုးသားအမှတ်သရုပ် | ကိုကိုကြီး | ရန်ကုန်လမ်းမများ | ၃၀၀၀ |
| ၃၂ | မိစ္ဆာကိုယ်ပွား | အေးထွန်းမင်း | The Book House | ၄၀၀၀ |
| ၃၃ | One Day တစ်နေ့နေ့မှာ | Win Ko Ko Aung | ကောင်းကျော်စာပေ | ၄၀၀၀ |
| ၃၄ | အိမ်ရှေ့စံကက်စပီယံ နာနီယာသို့ ပြန်ရောက်ကြခြင်း | ဒီဇမ်မြူး | ငါတို့စာပေ | ၃၅၀၀ |
| ၃၅ | ကိုယ်တွေ့ မှုခင်းဇာတ်လမ်းများ | ဥက္ကာကြည်ဝင်း | Beyond Infity Books | ၅၀၀၀ |
| ၃၆ | လူသေ လူမဖြစ်မီက အသျှင်ဥက္ကဋ္ဌနှင့် ဘာသာရေးဆောင်းပါးများ | အောင်သင်း | ဇွန်ပွင့် | ၃၅၀၀ |
| ၃၇ | မေတ္တာပြိုင်ပွဲနှင့် ဇာတ်လမ်းစုံပေါင်းချုပ် | ကာတွန်းမိမန်းလေး (တောင်ငူ) | ငါတို့စာပေ | ၆၅၀၀ |
| ၃၈ | စိတ်ချမ်းသာအောင်နေထိုင်နည်း | လှသမိန် | စိတ်ကူးချိုချို | ၃၀၀၀ |
| ၃၉ | မင်းမသိတာတွေရှိသေးတယ်ဝတ္ထုတိုများ | ခင်နှင်းယု | စိတ်ကူးချိုချို | ၃၀၀၀ |
| ၄၀ | ဘဝပေးပြီး ပြုံးတဲ့ရုပ်ရှင် | အောင်မှူးဝေ | စိတ်ကူးချိုချို | ၂၅၀၀ |
| ၄၁ | လောကသားတို့၏ ပျော်ရာမြေနှင့် အခြားဝတ္ထုတိုများ | ဖိုးကျော့ | စိတ်ကူးချိုချို | ၃၅၀၀ |
| ၄၂ | ချစ်ခြင်းအားဖြင့် ကဗျာနှင့်စာ | ထူးအိမ်သင် | စိတ်ကူးချိုချို | ၃၀၀၀ |
| ၄၃ | ပဋ္ဌမ ခေါ်စာခံ | စိုးသိဏ်း | စိတ်ကူးချိုချို | ၆၅၀၀ |
| ၄၄ | ချားလ်ဒါဝင် | ဆုပြည့်စုံထွန်း | ဆုပြည့်စုံထွန်းစာပေ | ၁၂၀၀ |
| ၄၅ | မာရီကျူရီ | ဆုပြည့်စုံထွန်း | ဆုပြည့်စုံထွန်းစာပေ | ၁၂၀၀ |
| ၄၆ | ပိုင့်ဘဝလမ်း | သင့်လူ | ကံ့ကော်ဝတ်ရည် | ၅၅၀၀ |
| ၄၇ | ကေပီ နက္ခတ်ဗေဒင် လျှို့ဝှက်ချက်များ | ဦးဗိုလ်စု | ကောင်းကင်ဂြိုဟ်စာပေ | ၃၄၀၀ |

## စာပေဗိမာန်စာအုပ်အသင်းစာအုပ်ဖြန့်ချိ

**နေပြည်တော် ဩဂုတ် ၉**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၈ ခုနှစ် ပခုက္ကူစာပေဆု၊ ဝတ္ထုရှည်ပထမဆုရ စာရေးဆရာ "ပင်မြင့်စံ(ရွှေဘို)" ရေးသားသည့် "နားခိုရာမဲ့သူ၏ လောကနိဗ္ဗာန်ဘုံ"စာအုပ်ကို စာအုပ်အသင်း၏ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ အသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၂ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၂ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၇ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၀ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၇၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၅၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၆၃၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၁၉၃၈ | ၁၉၄၆၀၅၀၀ |
| MTSH | ၃၇၅၀ | ၃၈၀၀ | ၁၃၆၈ | ၅၁၃၁၈၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၃၃၅ | ၂၆၈၀၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၁၀ | ၁၀၉၈၄၀၀၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၆၃၃ | ၁၇၇၃၅၅၀ |
| EFR | ၂၉၅၀ | ၃၁၀၀ | ၁၄၆၉ | ၄၄၉၈၀၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ မျှော်လင့်ချက်



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

> “ငယ်ငယ်ကတည်းက အားပေးမှုတွေရတဲ့ကလေးဟာ ကြီးပြင်းလာချိန်မှာ အဆင်ပြေတာတွေ့ရတယ်။ ဒါကြောင့် မိဘတွေဟာ မိမိရဲ့သားသမီးတွေကို အမြဲအားပေးဖို့ လိုအပ်တယ်။ ဆရာ ဆရာမတွေအနေနဲ့ ကျောင်းသူ ကျောင်းသားတွေကို အမြဲအားပေးအားမြှောက်ပြုဖို့ လိုအပ်တယ်။ လူတိုင်းဟာ မွေးကတည်းက မျှော်လင့်ချက် အတူတူရှိကြတယ်။ ဒါပေမယ့် မိမိထိတွေ့တဲ့ မိသားစုပတ်ဝန်းကျင် အသိုင်းအဝိုင်းရဲ့ အားပေးမှုတွေကြောင့် မျှော်လင့်ချက်ညွှန်ကိန်းတွေပြောင်းလဲလာခဲ့”

“အလိမ္မာ စာမှာရှိ” ဆိုတာကို ကျွန်တော်လက်ခံတယ်။ ဒါကြောင့်လည်း အခွင့်အရေးရတိုင်း စာဖတ်ဖို့တိုက်တွန်းခဲ့ပါတယ်။ စာဖတ်ဖို့လို့ပြောရင် ဒီခေတ်မှာ ပုံနှိပ်တာ တင်မက အင်တာနက်ကတစ်ဆင့်၊ လူမှုကွန်ရက်တွေကတစ်ဆင့်လည်း ဖတ်နိုင်မှာဖြစ်တယ်။ ဖတ်ချင်တဲ့စိတ်ကို မွေးဖို့သာ လိုအပ်တာဖြစ်တယ်။ ကျွန်တော်က ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါခဲ့တယ်။ နေ့တိုင်း ဖတ်ဖြစ်တယ်။ စာဖတ်ပါလို့ ပြောတဲ့နေရာမှာ လက်လှမ်းမီတာကို ဖတ်ဖို့လိုတယ်။

ကျွန်တော့်ကို မကြာခဏမေးလေ့ရှိတဲ့ မေးခွန်းတစ်ခုက ဘာစာအုပ်ကို ဖတ်သင့်သလဲ။ အမှန်တော့ တွေ့တဲ့စာအုပ်ကို ဖတ်ဖို့သာ လိုအပ်တာ။ ဒါကြောင့်လည်း ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ စာကြည့်တိုက်တွေကို ပြည့်ပြည့်စုံစုံ ဖြစ်စေချင်တာ။ တက္ကသိုလ်ကျောင်းသားတွေဟာ စာကြည့်တိုက်နဲ့ ရင်းနှီးဖို့လိုတယ်။ အမှန်တော့ စာကြည့်တိုက်ဟာ စာအုပ်တွေ စုစည်းထားတာမဟုတ်ဘဲအသိတရားတွေ၊ ပညာတွေကို စနစ်တကျ စုစည်းထိန်းသိမ်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်တွေကို တန်ဖိုးထားရမယ့် ဗိမာန်အဖြစ် အသိအမှတ်ပြုရမယ်။ ရပ်ကွက်၊ ကျေးရွာတွေမှာလည်း စာကြည့်တိုက်တွေ ရှိရမယ်။ ရှိရုံမက အသုံးပြုဖို့လိုအပ်တယ်။ အခုခေတ်မှာတော့ ခေတ်မီနည်းပညာကို အခြေခံတဲ့စာကြည့်တိုက်တွေ ပေါ်ပေါက်နေတာ ဖြစ်တယ်။ ဖြစ်နိုင်ရင် အိမ်တိုင်းမှာလည်း စာကြည့်တိုက်တွေ ရှိစေချင်တာ။ စာအုပ်စင်ရှိရင် ကျေနပ်ပါတယ်။ စာအုပ်ကို တန်ဖိုးထားတာဟာ စာကိုတန်ဖိုးထားတာဖြစ်ရုံမက စာပေကရတဲ့ပညာကို လေးစားခြင်းဖြစ်တယ်။

တစ်လောက ကျွန်တော်စာအုပ်တစ်အုပ်ဖတ်ဖြစ်ခဲ့တယ်။ အကြောင်းအရာကို ကျွန်တော်လုံးဝ မစဉ်းစားမိခဲ့ဘူး။ ကျွန်တော်စိတ်ဝင်စားတဲ့ အကြောင်းအရာတွေအနက် ဉာဏ်ရည်ထက်မြက်မှုကို အထူးလေ့လာဖြစ်ခဲ့တယ်။

ဉာဏ်ရည်ထက်မြက်ခြင်းဟာ စာစကားနဲ့ပြောတာဖြစ်တယ်။ သာမန်အသုံးအနှုန်းက “တော်” ခြင်း ဖြစ်တယ်။ “ထက်” ခြင်းဖြစ်တယ်။ မိဘတွေဟာ သားသမီးတွေကို “တော်” စေချင်ကြတယ်။ “ထက်မြက်” တဲ့ ကလေးတွေ ဖြစ်စေချင်ကြတယ်။ ဆရာ ဆရာမတွေအနေနဲ့လည်း ကျောင်းသားတွေကို တော်စေချင်တယ်။ စာမေးပွဲမှာ ဂုဏ်ထူးအများကြီး ရစေချင်ကြတယ်။ တော်တယ်လို့ပြောရင် “စာတော်” တာနဲ့တွဲပြီး စဉ်းစားကြတယ်။ ကျောင်းစာနဲ့ပတ်သက်လာရင် ထူးချွန်စေချင်ကြတယ်။ “တော်” ခြင်းကို ရှုထောင့်တစ်ခုက တစ်ဆင့် သတ်မှတ်ခဲ့တယ်။

အခုအချိန်မှာ ကျဉ်းမြောင်းတဲ့ သုံးသပ်မှုတွေကို ကျယ်ကျယ်စဉ်းစားလာခဲ့တာ တွေ့ရတယ်။ ဉာဏ်ထက်မြက်မှုကို သာမန်အားဖြင့် စာတော်ခြင်းလို့ သတ်မှတ်တဲ့နေရာမှာ IQ ဆိုတဲ့ ပေတံကို အသုံးပြုကြတယ်။ Intelligence Quotient ဖြစ်တယ်။ Quotient ဆိုတာက စားခြေဖြစ်တယ်။ စစ်ဆေးမှုတွေကတစ်ဆင့် တစ်ဦးတစ်ယောက်ရဲ့ ဉာဏ်ရည်ထက်မြက်မှုကို တိုင်းတာနိုင်တာဖြစ်တယ်။ ရမှတ်တွေကို အခြေခံပြီး လူတစ်ဦးတစ်ယောက်ရဲ့ “တော်” တဲ့အဆင့်ကို သတ်မှတ်ကြတယ်။ လူဦးရေ ၈၀ ရာခိုင်နှုန်းဟာ IQ ၈၀ မှ ၁၂၀ အတွင်း ရှိကြောင်း ဖော်ထုတ်ခဲ့ကြတယ်။ IQ ၁၂၀ ထက်ကျော်တဲ့သူတွေဟာ အလွန်တော်တဲ့သူတွေဖြစ်ပြီး IQ ၈၀ အောက်ရှိသူတွေအနေနဲ့ ဉာဏ်ရည်ထက်မြက်မှုမှာ အားနည်းသူတွေ ဖြစ်တယ်လို့ သတ်မှတ်ခဲ့ကြတယ်။

ကမ္ဘာမှာ ထူးခြားတဲ့အဖွဲ့အစည်းတစ်ရပ် ရှိတယ်။ Mensa Society ဒီအဖွဲ့ကိုဝင်ဖို့ အဖွဲ့ဝင်တွေမှာ IQ ၂၀၀ ကျော်ရှိရမယ်။ အလွန့်အလွန်ထူးချွန်တဲ့သူတွေ ဖြစ်တယ်။ အသင်းအဖွဲ့ဝင်ဟာလည်း အရေအတွက် နည်းနည်းသာ ဖြစ်တယ်။ ဉာဏ်ရည်ထက်မြက်မှုကို ဦးနှောက်ပိုင်းဆိုင်ရာ အတွေးအခေါ် အယူအဆသုံးသပ်မှုနဲ့ပတ်သက်ပြီး ပြောဆိုလေ့ရှိတာ တွေ့ရတယ်။

ဉာဏ်ရည်ထက်မြက်မှုဟာ ကိုယ်ကာယကြံ့ခိုင်မှုနဲ့ စပ်ဆိုင်ကြောင်းကို Physical Intelligence (PQ) အဖြစ် သတ်မှတ်လာခဲ့တယ်။ တစ်နည်းပြောရရင် ကျန်းမာသန်စွမ်းမှုကို အသိအမှတ်ပြုခြင်းဖြစ်တယ်။ ကျောင်းနေတဲ့ ကလေးသူငယ်တွေအတွက် ဒီဉာဏ်ရည်ထက်မြက်မှုဟာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့်လည်း ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ ကျန်းမာရေးအားကစားလှုပ်ရှားမှုတွေကို အားပေးလျက်ရှိတယ်။ ကျန်းမာရေးလိုက်စားမှုဟာ လူတိုင်းမှာ ရှိသင့်တဲ့အကျင့်၊ ယဉ်ကျေးမှုဖြစ်တယ်။ ကိုယ်လက်လှုပ်ရှားမှုကို ဂရုတစိုက်အာရုံပြုရမယ်။ အသက်အရွယ်နဲ့မဆိုင်ဘဲ အရွယ်တိုင်းမှာ အရေးပါတာဖြစ်တယ်။

ဉာဏ်ရည်ထက်မြက်မှုကို စိတ်ခံစားချက်နဲ့ပတ်သက်ကြောင်း ဖော်ထုတ်လာခဲ့ပြီး အခုခေတ်မှာ ခေတ်စားလှတဲ့ Emotional Intelligence (EQ) ရဲ့ အရေးပါမှုကို အသိအမှတ်ပြုလာခဲ့တယ်။ EQ မြင့်မားတဲ့သူဟာ ပေါင်းသင်းဆက်ဆံရေးမှာ အဆင်ပြေတယ်။ နားလည်မှုရှိအောင် ဆက်သွယ်ဆက်ဆံနိုင်တယ်။ ကျွန်တော့်အနေနဲ့က EQ ကို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅ နှစ်ကျော်ကျော်က လေ့လာခွင့်ရခဲ့ပြီး အခုအချိန်အထိ ဆက်လက်ပြီးနားလည်အောင် ကြိုးစားလျက်ရှိပါတယ်။ EQ ဆိုတာက ကိုယ်ချင်းစာမှု၊ ကရုဏာတရားများမှုတို့ဖြစ်တယ်။

အရေးကြီးတဲ့ကိစ္စက ကိုယ့်အကြောင်းကိုယ် သိဖို့ အလွန်လိုအပ်တယ်။ လူတိုင်းမှာ စိတ်ခံစားမှုဆိုတာ ရှိစမြဲဖြစ်တယ်။ ဒီခံစားမှုမရှိရဘူးလို့ ပြောခြင်းမဟုတ်ဘဲ ပေါ်လာတဲ့ခံစားမှုကို ကိုယ်သိအောင်ကြိုးစားပြီး လိုအပ်သလို ထိန်းသိမ်းရမှာသာ ဖြစ်တယ်။

နောက်ဆုံးဉာဏ်ရည်ထက်မြက်မှုကတော့ Spiritual Intelligence (SQ) ဖြစ်တယ်။ ယုံကြည်ကိုးကွယ်မှုနဲ့ ပတ်သက်တဲ့အရာဖြစ်တဲ့ မိမိဘာသာကို မြတ်နိုးသလို တခြားဘာသာတွေကိုလည်း အသိအမှတ်ပြုရမယ်။ ယုံကြည်မှုမတူညီတာကို ဆန့်ကျင်ဘက်အနေနဲ့ မမြင်ဘဲ နားလည်မှုပေးရမယ်။ အပြန်အလှန်လေးစားဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အခုလို PQ, IQ, EQ နဲ့ SQ တို့နဲ့ပတ်သက်ပြီး သိခဲ့ရတယ်။ လေ့လာခဲ့တယ်။ စောစောကပြောတဲ့စာအုပ်မှာတော့ ဉာဏ်ရည်ထက်မြက်မှု အသစ်တစ်ခုအကြောင်း သိခွင့်ရခဲ့တယ်။ ဒါကတော့ Hope Intelligence (HQ) ဖြစ်တယ်။ မျှော်လင့်ချက်နဲ့ပတ်သက်ပြီး ဉာဏ်ရည်ထက်မြက်ချင်တယ်။ ဒီညွှန်ကိန်းရှိတာကို ယခင်က ကျွန်တော်မသိခဲ့တာ အမှန်ပါ။

HQ ရဲ့ အခြေခံမေးခွန်းက အောင်မြင်တဲ့သူတွေနဲ့ မအောင်မြင်တဲ့သူတွေက ဘယ်လိုကွာခြားသလဲ၊ တချို့က ဘဝကို ပျော်ပျော်ရွှင်ရွှင်ရင်ဆိုင်လှုပ်ရှားနိုင်ပြီး တချို့က တော့ ဘာကြောင့် စိတ်ညစ်နေကြသလဲ၊ တချို့တွေက အောင်မြင်မှုတွေ ဆက်ဆက်ပြီးရပြီး တချို့က ဘာကြောင့် အခက်အခဲတွေနဲ့ အမြဲရင်ဆိုင်နေရသလဲ၊ တချို့က အရာရာမှာ အဆင်ပြေပြီး တချို့ကတော့ ဘာကြောင့် အဆင်မပြေကြသလဲ၊ အဖြေကတော့ အားပေးမှုဖြစ်တယ်။

ငယ်ငယ်ကတည်းက အားပေးမှုတွေရတဲ့ကလေးဟာ ကြီးပြင်းလာချိန်မှာ အဆင်ပြေတာတွေ့ရတယ်။ ဒါကြောင့် မိဘတွေဟာ မိမိရဲ့သားသမီးတွေကို အမြဲအားပေးဖို့ လိုအပ်တယ်။ ဆရာ ဆရာမတွေအနေနဲ့ ကျောင်းသူ ကျောင်းသားတွေကို အမြဲအားပေးအားမြှောက်ပြုဖို့ လိုအပ်တယ်။ လူတိုင်းဟာ မွေးကတည်းက မျှော်လင့်ချက် အတူတူရှိကြတယ်။ ဒါပေမယ့် မိမိထိတွေ့တဲ့ မိသားစုပတ်ဝန်းကျင် အသိုင်းအဝိုင်းရဲ့ အားပေးမှုတွေကြောင့် မျှော်လင့်ချက်ညွှန်းကိန်းတွေ ပြောင်းလဲလာခဲ့တယ်။

ဒီမျှော်လင့်ချက်ညွှန်းကိန်း မြင့်မားအောင်ပြုစုဖို့ အချက်ခုနစ်ချက်ကို စဉ်းစားဖို့လိုအပ်ပါတယ်။ ပထမကတော့မိမိရဲ့ အားတွေကို အမြဲပြည့်ဖို့ လက်ကိုင်ဖုန်းကို မကြာခဏ အားဖြည့်ရသလို မိမိရဲ့အားတွေကိုလည်း ဖြည့်ဖို့လိုအပ်တယ်။ ကိုယ်နဲ့ပတ်သက်ပြီး အားဖြည့်တဲ့အရာတွေဟာ ဘာတွေဖြစ်တာကို သိနားလည်အောင် ကြိုးစားဖို့လိုအပ်ပါတယ်။ ဒီနေရာမှာ မိမိရဲ့ပတ်ဝန်းကျင်ကို သတိထားဖို့ အရေးကြီးတယ်။ မိမိရဲ့မျှော်လင့်ချက်တွေကို ဖျက်ဆီးတဲ့ ဝေဖန်တဲ့သူတွေကို ရှောင်ရှားရမှာဖြစ်တယ်။ တချို့က ကိုယ့်ကိုအားမပေးဘဲ အမြဲပြစ်တင် ဝေဖန်ကြတယ်။ ဒီပုဂ္ဂိုလ်တွေနဲ့ ဝေးဝေးရှောင်ဖို့လိုတယ်။ ကိုယ့်ရဲ့တိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံရမယ်။ အချိန်ပေးရမယ်။ အခုခေတ်မှာ အခွင့်အရေးတွေက အမျိုးမျိုးရှိတယ်။ ဒီအခွင့်အရေးတွေကို ရသလောက်ယူပြီး ကိုယ့်ရဲ့တိုးတက်မှုကို အစဉ်အာရုံပြုဖို့ အရေးကြီးပါတယ်။

ဒုတိယအချက်ကတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်ရှိရမယ်။ မဖြစ်သေးတာသာရှိပြီး မဖြစ်နိုင်တာ မရှိဘူးဆိုတာကို လက်ခံဖို့လိုအပ်တယ်။ အနာဂတ်ဟာ ကိုယ့်အတွက်ဖြစ်တာကို ယုံကြည်ရမယ်။ အကြောက်တရားကို ယုံကြည်မှု၊ စိတ်ချမှုနဲ့ အစားထိုးရမှာဖြစ်တယ်။ တတိယအချက်ကတော့ အနာဂတ်ကိုအာရုံပြုဖို့ လိုအပ်တယ်။ လူတိုင်းမှာ အနာဂတ်အတွက် လှပတဲ့ရုပ်ပုံရှိရမှာ ဖြစ်တယ်။ စတုတ္ထအချက်ကတော့ မိမိမှာရှိတဲ့အားသာချက်တွေကိုအသုံးချဖို့၊ လူတိုင်းမှာ ထူးတဲ့ပါရမီတွေ ရှိကြတယ်။ ဒါတွေကိုအသုံးချပြီး မိမိဘဝတိုးတက်အောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ပဉ္စမအချက်ကတော့ ဘဝကိုရင်ဆိုင်တဲ့အခါ ကိုယ်တစ်ဦးတည်း အထီးကျန်အဖြစ် မလှုပ်ရှားဘဲ စစ်မှန်တဲ့ဆက်သွယ်ဆက်ဆံမှုတွေ တည်ဆောက်ရမယ်။ အပေါင်းအသင်း၊ မိတ်ဆွေ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက် မိသားစုတွေရဲ့ကူညီပံ့ပိုးမှုတွေကို ရယူဖို့လိုအပ်ပါတယ်။ ဆဋ္ဌမအချက်ကတော့ တည်ငြိမ်မှုရှိအောင် ကြိုးစားဖို့လိုအပ်တယ်။ မိမိဘဝနဲ့ ပတ်သက်ပြီး အချိန်ယူပြီးသုံးသပ်နိုင်စွမ်းရှိရမယ်။ နောက်ဆုံးအချက်ကတော့ လူတိုင်းမှာ စိုးရိမ်စိတ်တွေ၊ စိတ်ပူမှုတွေ ရှိကြတယ်။ ဒါတွေကို ကျော်လွှားနိုင်အောင် ကြိုးစားဖို့လိုအပ်ပါတယ်။ မျှော်လင့်ချက်နဲ့ ပတ်သက်လာရင် မိမိဘဝနဲ့ပတ်သက်တဲ့ အခန်းကဏ္ဍငါးခုစလုံးမှာ ပြုစုပျိုးထောင်ဖို့ လိုအပ်ပါတယ်။ အိမ်ထောင်ရှိသူတွေအနေနဲ့ တည်တံ့ခိုင်မြဲတဲ့ဆက်သွယ်ဆက်ဆံမှုကို ထူထောင်ရမယ်။ တစ်ဦးနဲ့တစ်ဦး အပြစ်တင်မှုတွေ ဖြေလျှော့ပြီး ပြဿနာတွေကို ပူးပေါင်းဖြေရှင်းဖို့ လိုအပ်တယ်။ ပြီးပြည့်စုံမှုမရှိတာကို လက်ခံပြီးနားလည်ခွင့်လွှတ်နိုင်စွမ်းရှိရမယ်။ ကလေးသူငယ်တွေနဲ့ ပတ်သက် လာရင် စောစောကတင်ပြခဲ့သလို မိဘတွေကအမြဲအားပေးနေဖို့ အရေးကြီးလှတယ်။ အရာရာကို စိုးရိမ်ပူပန်မှုတွေကို ဦးစားမပေးဘဲ ယုံကြည်မှုတွေတည်ဆောက်ရမှာ ဖြစ်တယ်။

မိမိရဲ့အလုပ်အကိုင်နဲ့ပတ်သက်လာရင်လည်း အလုပ်ပေါ်မှာ အာရုံအပြည့်ထားရမယ်။ စိန်ခေါ်မှုတွေကို ကျော်လွှားရင်ဆိုင်နိုင်စွမ်းရှိဖို့ အရေးကြီးလှတယ်။ မိမိပတ်ဝန်းကျင်နဲ့ပတ်သက်လာရင် အများကောင်းကျိုးကို အမြဲရှေးရှုနေဖို့ အရေးကြီးပါတယ်။

မျှော်လင့်ချက်အပြည့်နဲ့ ရှင်သန်နေကြတဲ့သူတွေမှာ ယုံကြည်မှု လေးရပ်ရှိတာ တွေ့ရတယ်။ ပထမအနေနဲ့ အနာဂတ်ဟာ ပစ္စုပ္ပန်ထက်ကောင်းရမယ်ဆိုတဲ့ စိတ်ကို အမြဲထားဖို့လိုအပ်တယ်။ ဒုတိယအနေနဲ့က လှပတဲ့ အနာဂတ်ကိုဖန်တီးဖို့ မိမိအင်အားတွေရှိတာကို ယုံကြည်တယ်။ တတိယအချက်ကတော့ ကိုယ့်မျှော်လင့်ချက်တွေ ရဖို့ နည်းလမ်းမျိုးစုံရှိတာကို လက်ခံတယ်။ နောက်ဆုံးအချက်က ဒီနည်းလမ်းတွေမှာ အခက်အခဲမျိုးစုံရှိတာကို အသိအမှတ်ပြုတယ်။

ကျွန်တော့်အနေနဲ့ HQ အကြောင်း အခုလိုလေ့လာခွင့်ရပြီး ဒီအကြောင်းကို အများသိအောင် ဆောင်ရွက်ချင်တယ်။ ဒီဆောင်းပါးကတစ်ဆင့် မျှဝေခဲ့သလို အွန်လိုင်းကတစ်ဆင့် ဟောပြောပွဲနှစ်ပွဲ လုပ်ခဲ့တယ်။

အမှန်တော့ လူတွေဟာ မျှော်လင့်ချက်တွေနဲ့အသက်ရှင်နေကြသူတွေဖြစ်တယ်။ မျက်မှောက်အနေအထား ဘယ်လိုပုံစံရှိရှိ အနာဂတ်မှာ အခုထက်ကောင်းမွန်ရမယ်ဆိုတဲ့စိတ်ထားကို အစဉ်လက်ကိုင်ထားဖို့လိုအပ်တယ်။ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုအတွက်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ မျှော်လင့်ချက်တွေနဲ့ အသက်ရှင်လှုပ်ရှားကြဖို့ လိုအပ်တယ်။ မျှော်လင့်ချက်လို့ ပြောတဲ့နေရာမှာ လက်တွေ့ကျကျ စဉ်းစားတွေးခေါ်နိုင်ဖို့ လိုအပ်တယ်။ စိတ်ကူးယဉ်မှုဟာ မျှော်လင့်ချက်နဲ့ မတူညီပါဘူး။ မဖြစ်နိုင်တာတွေကို စဉ်းစားရုံမဟုတ်ပါဘူး။ မိမိရဲ့ ဘဝရှင်သန်တိုးတက်ဖို့ မျှော်လင့်ချက်နဲ့ အသက်ရှင်နိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။ ။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာငါးနှစ် စီမံကိန်း ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၇ ရက်က Online ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနၡ ပြုလုပ်သည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေး ခေါ်ယူရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ ဆက်စပ်ဝန်ကြီးဌာနများမှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီကိုးခုမှ အတွင်းရေးမှူးများ၊ UNICEF (မြန်မာ) မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာငါးနှစ် စီမံကိန်းတွင် ကျန်းမာရေး၊ ပညာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေများ၊ လုပ်ငန်းနှင့်အလုပ်အကိုင်၊ အလွယ်တကူလက်လှမ်းမီ ရယူအသုံးပြုနိုင်မှု၊ ပြည်သူ့ဆက်သွယ်ရေးတို့ကို ထည့်သွင်းရေးဆွဲရန်နှင့် အဆိုပါစီမံကိန်း အောင်မြင်စွာ ရေးဆွဲနိုင်ရေးအတွက် ဆပ်ကော်မတီကိုးခုမှ တာဝန်ရှိသူများက အစည်းအဝေးများ ဆက်လက်ကျင်းပနိုင်ရန်တို့ကို ဆွေးနွေးကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကား ပြောကြားသည်။

**သတင်းစဉ်**

## ကလေးမြို့စားသုံးသူရေးရာဦးစီးဌာနက ကုန်မျိုးစုံအရောင်းဆိုင်များကို ရှောင်တခင်စစ်ဆေး

**ကလေး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ကလေးမြို့နယ်အတွင်းရှိ ကုန်မျိုးစုံအရောင်ဆိုင်များကို ရှောင်တခင်စစ်ဆေးပြီး ကုန်အညွှန်းအမှတ်အသားအတိုင်းရောင်းချမှုနှင့်ဥပဒေများအတိုင်းလိုက်နာမှုရှိ မရှိတို့ကို ဩဂုတ် ၇ ရက်က စစ်ဆေးသည်။

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က သတ်မှတ်ထားသည့် ကုန်အညွှန်း အမှတ်အသားများ မပါရှိသည့် ကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိပါက စားသုံးသူ ကာကွယ်ရေးဥပဒေနှင့် စီမံခန့်ခွဲရေးနည်းလမ်းများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက ပြောသည်။

**သျှင်နေမင်း(ဂန့်ဂေါ)**

# ပျားမွေးမြူရေးလုပ်ငန်းတွင် ကပ်ပါးမွှားရောဂါ ကျရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်ကုသမှုဆိုင်ရာများ အသိပညာပေး



**ကလော ဩဂုတ် ၉**

ပျားရည်ထုတ်ရာသီ ရောက်တော့မည်ဖြစ်၍ ပျားမွေးမြူရေးလုပ်ငန်းတွင် ဖြစ်ပွားတတ်သော ဘာရိုဝါဂျက်ကော့ဆိုနီ ကပ်ပါးမွှားရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ကလောမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ရွာငံမြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ရှိ ပျားစခန်းများတွင် ဩဂုတ် ၅ ရက်က ဆောင်ရွက်သည်။

အသိပညာပေးမှုများကို ကလောမြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံ ဦးကျော်လင်း ဦးဆောင်၍ တိုင်းဒေသကြီး/ပြည်နယ် ပုဂ္ဂလိက ပျားမွေးမြူသူများ ပါဝင်သော ပျားစခန်းစစ်ဆေးရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပျားရည်ထုတ်ရာသီ ရောက်ရှိတော့မည်ဖြစ်သဖြင့် ပျားအုံများကောင်းမွန်ရေးအတွက် ဖြည့်စွက်စာများ တိုက်ကျွေးခြင်း၊ ပျားရောဂါကင်းစင်အောင် ဆောင်ရွက်ခြင်း၊ မိတ်အောင်ပျားဘုရင်မများ အစားထိုးလဲလှယ်ခြင်းနှင့် ဘာရိုဝါဂျက်ကော့ဆိုနီကပ်ပါးမွှားရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ပျားမွေးမြူသူများအား လက်တွေ့ပြသ အသိပညာပေးပြီး ကုသနည်းလမ်းညွှန်ချက်လက်ကမ်းစာစောင်များလည်း အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ ပျားစခန်းစစ်ဆေးရေးအဖွဲ့သည် ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်းလောင်းမြို့နယ်များအတွင်းရှိ ဌာန/ပုဂ္ဂလိက ပျားစခန်းပေါင်း ၅၄ ခုသို့ ဩဂုတ် ၁ ရက်မှ ဩဂုတ် ၅ ရက်အထိ သွားရောက်၍ ဘာရိုဝါဂျက်ကော့ဆိုနီ ကပ်ပါးမွှားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သလို အပါအဝင် ပျားမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးအတွက် အသိပညာပေးမှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း ကလောမြို့နယ် ပျားမွေးမြူမှု ဖွံ့ဖြိုးရေးတာဝန်ခံ ဦးကျော်လင်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇလုပ်စိုက်ပျိုးရေးသုတေသနခြံ၌ ဒေသနှင့်ကိုက်ညီမည့် ပဲတီစိမ်းမျိုးသစ်များ စမ်းသပ်စိုက်ပျိုး

**မုံရွာ ဩဂုတ် ၉**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ ဇလုပ် စိုက်ပျိုးရေးသုတေသနခြံ၌ ပဲတီစိမ်း မျိုးမွေးမြူရွေးချယ်ခြင်းနှင့် မိဘမျိုးစေ့ထိန်းသိမ်းခြင်း သုတေသနလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ မိုးရာသီအတွင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ပဲတီစိမ်း မျိုးမွေးမြူရွေးချယ်ခြင်း သုတေသနတွင် မျိုးကူးစပ်ထားသော အတွဲ(၆)တွဲမှ တတိယသားဆက်များ၊ ဗီဇငြိမ်မျိုးလိုင်း ၆၀ နှင့် ဒေသနှင့်သင့်တော်သောမျိုးများ ရရှိစေရန်အတွက် အလားအလာကောင်း မျိုးလိုင်း ၂၅ မျိုးတို့ကို စမ်းသပ်စိုက်ပျိုး သုတေသနပြုလျက်ရှိကြောင်း၊ ထို့အပြင် မျိုးကူးစပ်ရွေးချယ်ရာတွင် အလိုရှိသောလက္ခဏာများ (ဥပမာ-အပူဒဏ်ခံနိုင်ရည်ရှိခြင်း၊ ရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း စသည်ဖြင့်)ပါရှိသည့် မိဘမျိုးများ ရှာဖွေဖော်ထုတ်ရန်အတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်သုတေသနဌာနစု အအေးခန်းတွင် သိမ်းဆည်းထားသော မျိုးလိုင်းပေါင်း ၁၉၈ မျိုးတို့၏ အရည်အချင်းလက္ခဏာများ လေ့လာခြင်း သုတေသနကို မျိုးစေ့ဘဏ် သုတေသနဌာနစုနှင့် ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပဲတီစိမ်း မျိုးမွေးမြူရွေးချယ်ခြင်းလုပ်ငန်းများအပြင် တောင်သူများအနေဖြင့် အရည်အသွေးကောင်း ပဲတီစိမ်း မျိုးသန့်မျိုးစေ့များ စိုက်ပျိုးနိုင်ရန်အတွက် မိဘမျိုးစေ့ထိန်းသိမ်းခြင်း သုတေသနလုပ်ငန်းများကိုလည်း ဇလုပ်စိုက်ပျိုးရေးသုတေသနခြံမှ တာဝန်ခံသုတေသနမှူး ဦးမြင့်စိုး ဦးဆောင်သည့် သုတေသနပညာရှင်များက ဆောင်ရွက်လျက်ရှိရာ ရေဆင်း ပဲတီစိမ်း-၁၁ နှင့် ရေဆင်း ပဲတီစိမ်း-၁၄ မျိုးတို့ကို မိဘမျိုးစေ့ထုတ်လုပ်ခြင်းများ သုတေသနပြုနေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် မျိုးနှင့် နည်းပညာ အကူအညီများ ရယူလိုပါက ဇလုပ် စိုက်ပျိုးရေးသုတေသနခြံရှိ သုတေသနပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း ဇလုပ်စိုက်ပျိုးရေးသုတေသနခြံမှ သိရသည်။ **မေမိုးသဲ**



# ရေလိုအပ်ချက်နည်းသည့် စပါးအစွမ်းဖွင့်စိုက်နည်းစနစ် လက်တွေ့အသုံးချ စိုက်ပျိုးနိုင်ရေး သင်တန်းပို့ချ

**ရွှေဘို ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာ၌ ရေလိုအပ်ချက်နည်းသည့် စပါးအစွမ်းဖွင့်စိုက်နည်းစနစ်(SRI)ကို လက်တွေ့အသုံးချ စိုက်ပျိုးနိုင်ရေးအတွက် သင်တန်းတစ်ရပ်ကို ဩဂုတ် ၆ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဇာဇာမင်းက မိမိတို့ဒေသရှိ တောင်သူများသည် သဖန်းဆိပ်ဆည်ရေကိုသာ အဓိကအားပြု၍ စိုက်ပျိုးနေရကြောင်း၊ ယခုနှစ်တွင် ဆည်ရေပေးဝေနိုင်မှု လျော့နည်းခြင်းကြောင့် ရေလိုအပ်ချက်နည်းသောစိုက်ပျိုးနည်းစနစ်များ လိုအပ်လာကြောင်း ပြောကြားပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တွဲဖက်ပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးသိန်းဆုက SRI စိုက်ပျိုးရေး၏ အခြေခံသဘောတရားများ၊ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သော မျိုးစေ့ရွေးချယ်ခြင်း၊ ပျိုးထောင်နည်း၊ စိုက်နည်းစနစ်များနှင့် ရေအထုတ်အသွင်း နည်းစနစ်များကို အသေးစိတ် ရှင်းလင်းပို့ချသည်။

အဆိုပါသင်တန်းသို့ စပါးအစွမ်းဖွင့်စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးမည့် တောင်သူ ၄၃ ဦးနှင့် စိုက်ပျိုးရေးကွင်းဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ရွှေဘိုမြို့နယ်၌ ယခုနှစ်တွင် SRI စနစ်ဖြင့် စိုက်ပျိုးမည့် မိုးစပါး ဧက ၂၀၀ ခန့်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှသိရသည်။ **ထွန်းမြင့်အောင်(ရွှေဘို)**

# ခင်ဦးမြို့နယ်မှ မိုးစပါးလျာထားဧကတစ်သိန်းကျော် ပြည့်မီရန် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိ

**ခင်ဦး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ၂၀၁၉-၂၀၂၀ မိုးစပါးစိုက်ပျိုးရာသီအတွက် လျာထားဧကဖြစ်သော ၁၀၀၈၈၄ ဧက ပြည့်မီရေးအတွက် ဒေသခံတောင်သူများအနေဖြင့် ရေလိုအပ်ချက်နည်းသော စပါးစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးကြရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်မြေအလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။



ခင်ဦးမြို့နယ်တွင် ဩဂုတ် ၆ ရက်အထိ မိုးစပါးပျိုးထောင်ဧက ၇၂၈၁ ဧကကို စပါးအစွမ်းဖွင့်(SRI) ပျိုးထောင်နည်းစနစ်ဖြင့်လည်းကောင်း၊ မျိုးစေ့ထုတ်ကွက်များကို ခြောက်တန်းတစ်တန်းလုပ်စနစ်ဖြင့်လည်းကောင်း၊ အထူးအတွက်တိုး စိုက်ကွက်များကို ၁၀ တန်းတစ်တန်းလုပ် စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိပြီး စပါးတိုက်ရိုက်မျိုးစေ့ချ အစို/အခြောက် စိုက်ပျိုးနည်းစနစ်နှင့် မျိုးစေ့ချကိရိယာ အသုံးပြု၍ စိုက်ပျိုးနည်းစနစ်များဖြင့် ၄၂၃ ဧကကို စိုက်ပျိုးပြီး ဖြစ်ကြောင်း၊ လျာထားချက်အတိုင်း ပြည့်မီစေရန် စက်တင်ဘာလကုန်အထိ စိုက်ပျိုးသွားမည်ဖြစ် ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် ခင်ဦးမြို့နယ်၌ မျိုးစေ့ထုတ်ရန်အတွက် စိုက်ခင်း ဧက ၁၁၅၀ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်းလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြိုင်က ပြောသည်။ **စိုးဝေအောင်(ခင်ဦး)**

# ကသာမြို့နယ်တွင် ဝဥများ ဈေးကောင်းရရှိနေ

**ကသာ ဩဂုတ် ၉**

ယခုနှစ်တွင် ဝဥများ ဈေးကောင်းရရှိနေသောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စေတီကုန်းကျေးရွာမှ တစ်ပိုင်တစ်နိုင် ဝဥဝယ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းချသူများ အဆင်ပြေလျက်ရှိသည်။

ယခုနှစ်တွင် ယခင်နှစ်ထက် ဝဥများ ဈေးကောင်းရနေကြောင်း၊ ဝဥသည် အမြတ်ငွေ ပုံသေသတ်မှတ်၍မရဘဲ ရောင်းချရသည့်ဈေးနှုန်းအပေါ် မူတည်၍ အမြတ်ရလေ့ရှိကြောင်း သိရသည်။ "ဝဥဟာ ကသာမြို့နယ်မှာ နေရာအများအပြားကနေ ထွက်တယ်။ ဈေးကတော့ ပုံမှန်မရှိဘဲ သူတို့ပို့လာရင် ဈေးတစ်မျိုး၊ သွားဝယ်ရင် ဈေးတစ်မျိုးနဲ့ ဝယ်ယူပြီး ပြန်ရောင်းရတယ်။ ဝဥတစ်ဆုံ ခြောက်ပိဿာပြုတ်ရင် ဝသား အချိန် ၂၅ ပိဿာအထိ ရတယ်။ ဒီနှစ်မှာ ဝသား ဈေးမကျလို့ ဝဥဝယ်ရတာအဆင်ပြေတယ်။ ဝသားရောင်းတဲ့နေရာမှာ ဈေးကျသွားရင် ဝဥကို ဈေးချပြီးဝယ်ရတယ်။ ဒီလုပ်ငန်းနဲ့ မိုးတွင်းကာလမှာ မိသားစုစားဝတ်နေရေး အဆင်ပြေတယ်"ဟု ဝဥအရောင်းအဝယ်လုပ်သူ ဦးတင်ဖုန်းက ပြောသည်။

အဆိုပါကျေးရွာတွင် ဝဥလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးခန့်ရှိပြီး တစ်ရွာလုံး၏ ဝဥ တစ်ရက်ဝယ်အားသည် အချိန်တစ်ရာအထိရှိကြောင်း၊ ဝဥသားများကို ကသာနှင့် ထီးချိုင့်မြို့နယ်များရှိ ကျေးရွာများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ဝဥအစိမ်း တစ်ပိဿာကိုငွေကျပ် ၁၂၀၀ နှင့်ဝယ်ပြီး စားသုံးရန်အသင့်ဖြစ်သည့် ဝသားကို တစ်ပိဿာငွေကျပ် ၁၀၀၀၀ ဖြင့် ရောင်းချရကြောင်း၊ ဝဥအစိမ်း တစ်ပိဿာ ပြုတ်လျှင် ဝအသား ငါးပိဿာအထိရရှိကြောင်း သိရသည်။ **ရဲအောင်(ပြန်/ဆက်)**

# မြဝတီမြို့၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဆောင်ရွက်မည့် ကျေးရွာများသို့ ရန်ပုံငွေပေးအပ်

**မြဝတီ ဩဂုတ် ၉**

နိုင်ငံတော်၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ကို အထောက်အကူပြုစေသည့် ကျေးရွာမတည်ရန်ပုံ ငွေစီမံကိန်းကို မြဝတီမြို့ရှိ ကျေးရွာရှစ်ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည့်အတွက် အဆိုပါ ကျေးရွာများအတွက် မတည်ရန်ပုံငွေကို ဩဂုတ် ၇ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပေးအပ်သည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးငွေစိုးက စီမံကိန်းဆောင်ရွက်မည့် ကျေးရွာကော်မတီသို့ ရန်ပုံငွေများပေးအပ်သည်။ မြဝတီမြို့နယ်တွင် အဆိုပါစီမံကိန်းကို ကျေးရွာရှစ်ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည့်အတွက် အဆိုပါ ကျေးရွာများအတွက် မတည်ရန်ပုံငွေကျပ်သိန်း ၁၇၀၀ ကို ပေးအပ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# နမ္မတူမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မျိုးစေ့ထုတ်စိုက်ခင်းများ စနစ်တကျစိုက်ပျိုး

**နမ္မတူ ဩဂုတ် ၉**

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP)အရ မိုးစပါး(RS-CS) မျိုးစေ့ထုတ်စိုက်ခင်းများ စနစ်တကျစိုက်ပျိုးခြင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် နားကျဲကျေးရွာ၌ ဆောင်ရွက်လျက်ရှိရာ နမ္မတူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဩဂုတ် ၅ ရက်တွင် အဆိုပါကျေးရွာသို့ ကွင်းဆင်း၍ ဒေသခံတောင်သူများအား လက်တွေ့စိုက်ပျိုးပြသမှုများ ဆောင်ရွက်သည်။

ကိုဗစ်-၁၉ ကာလအတွင်း စပါးစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရန်၊ ဒေသနေ လက်လုပ်လက်စား စိုက်ပျိုးလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်၊ တောင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင် မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းစနစ်များကို ကျွမ်းကျင်စွာ တတ်မြောက်စေရန်၊ မျိုးကောင်းမျိုးသန့်များကို အသုံးပြုခြင်း၊ ဖြန့်ဝေခြင်းဖြင့် ဝင်ငွေခိုင်မာတိုးတက်ရရှိနိုင်မှုကို လက်တွေ့ကျကျ သိရှိလာစေရန်နှင့် ဒေသအတွင်း မျိုးကောင်းမျိုးသန့် စိုက်ခင်းများ တိုးတက်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်လျက် နားကျဲကျေးရွာမှ တောင်သူတစ်ဦး၏ လယ်မြေ နှစ်ဧကတွင် မျိုးကောင်းမျိုးသန့် မိုးစပါး မျိုးစေ့ထုတ်ပျိုးပင်များကို ခြောက်တန်း တစ်တန်းလုပ် စနစ်ဖြင့် စိုက်ပျိုးပြသသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်ဌွေးနှင့် ဝန်ထမ်းများအနေဖြင့် မြို့နယ်အတွင်းရှိ စိုက်ခင်းများသို့ ကွင်းဆင်းကာ ဒေသခံတောင်သူများ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်စေရေးအတွက် နည်းပညာပိုင်းနှင့် လိုအပ်သည်များကို ပေါင်းစပ်ကူညီပေးလျက်ရှိကြောင်းနှင့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ နမ္မတူမြို့နယ်၌ မျိုးကောင်းမျိုးသန့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

# တောင်သူများ ဂရုပြုကြရတော့မည့် နှမ်းဖိုရောဂါ

ဒေါက်တာ နန်းကြူ

နှမ်းပင် ပန်းပွင့်ချိန်တွင် ပန်းပွင့်များသည် မူမမှန်ဘဲ အရွက်ပုံစံအဖြစ် ပြောင်းလဲပြီး အပွင့်မအောင်၊ အသီးမရတော့ဘဲ နှမ်းပင်ဖိုသွားသဖြင့် နှမ်းဖိုရောဂါဟု ခေါ်ဝေါ်ကြသည်။ ဤရောဂါသည် အပင်ရောဂါဖြစ်စေသည့် အဏုဇီဝသက်ရှိ ဖိုင်တိုပလာစမာ (Phytoplasma)ကြောင့် ဖြစ်သည်။ ဤရောဂါကြောင့် နှမ်းသီးတောင့်ဖြစ်ပေါ်မှုကို လျော့စေသောကြောင့် နှမ်းစေ့အထွက်နှုန်းကို ကျဆင်းစေသည်။ အထွက်နှုန်းဆုံးရှုံးမှုသည် မမြင်သာ၍ နှမ်းဖိုအပင်များကို တွေ့သော်လည်း လျစ်လျူရှုခဲ့ကြသည်။ သို့သော် ဤရောဂါသည် ဖြုတ်ပိုးမှတစ်ဆင့် ကူးစက်နိုင်ခြင်းကြောင့် နှမ်းမှ နှမ်း သို့မဟုတ် နှမ်းမှ အခြားသီးနှံများသို့ ကူးစက်ပျံ့နှံ့နိုင်သည်။

ဖိုင်တိုပလာစမာရောဂါ၏ သဘာဝသည် တဖြည်းဖြည်းချင်း နှစ်စဉ်ပွားများလာ၍ ရောဂါဆိုးရွားသည့်အဆင့်အထိရောက်ရန် အနည်းဆုံး ၅ နှစ်မှ ၁၀ နှစ်အထိ ကြာသည်။ ဆိုလိုသည်မှာ လွန်ခဲ့သော ၁၀ နှစ်ခန့်မှစ၍ အပင်အနည်းငယ်တွင် ရောဂါ အစပြုနေခဲ့သောကြောင့် ယခုလက်ရှိ နှမ်းစိုက်သည့် မည်သည့်နေရာမဆို နှမ်းဖိုရောဂါများကို တွေ့နေရခြင်းဖြစ်သည်။ သို့ဖြစ်၍ နှမ်းဖိုရောဂါ ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာ ကာကွယ်တားဆီးနိုင်စေရန် ရည်ရွယ်၍ နှမ်းဖို ဖိုင်တိုပလာစမာသက်ရှိ၏ သဘာဝ၊ ကူးစက်ပျံ့နှံ့ပုံနှင့် ကာကွယ်သည့်နည်းလမ်းများကို ဖော်ပြလိုက်ရပါသည်။

**(၁) နှမ်းဖို ဖိုင်တိုပလာစမာ**

ဖိုင်တိုပလာစမာသက်ရှိသည် ရောဂါဖြစ်စေသော အဏုဇီဝသက်ရှိများမှ မော်လီကျူ့(Mollicutes)အုပ်စုဝင်ဖြစ်၍ ဆဲလ်နံရံမပါသည့် ဘက်တီးရီးယား (Bacteria)အမျိုးအစား ဖြစ်သည်။ ယခင်က MLO(Mycoplasma like organisms)ဟု ခေါ်ဆိုခဲ့ကြပြီး ၁၉၉၂ ခုနှစ်နောက်ပိုင်းတွင် အပင်နှင့်ဆက်စပ်သော MLO ကို "ဖိုင်တိုပလာစမာ" ဟု ပြောင်းလဲ အမည်ပေးခဲ့သည်။ ဤသက်ရှိသည် ထာဝရကပ်ပါး အမျိုးအစားဖြစ်ပြီး အပင် အစာကြောစည်းနှင့် အပင်ဖျက်ပိုးများ ခန္ဓာအတွင်းတွင် ပွားများနေထိုင်ကြသည်။ ပုံစံမျိုးစုံ၊ အရွယ်မျိုးစုံ(200~800 nm) ရှိသည်။ အပင်များတွင် ဖိုင်တိုပလာစမာ ရောဂါပေါင်း ၆၀၀ ကျော်ခန့် တွေ့ရှိထားသည်။ အပင်အစာကြောစည်းအထိ စုပ်ယူစားသုံးနိုင်သည့် ဖျက်ပိုးများ(Phloem feeding insects)မှတစ်ဆင့် ရောဂါများ ပျံ့နှံ့လျက်ရှိသည်။

ဤသက်ရှိကို ယခုအချိန်အထိ ဓာတ်ခွဲခန်းတွင် မွေးမြူ၍ မရသေးပါ။ ၂၀၀၄ ခုနှစ်တွင် မွေးမြူ၍ မရသော ဘက်တီးရီးယားများကို အမည်ပေးသည့်အခါ "Candidatus(Ca.)" ဟူ၍ Phytoplasma ရှေ့တွင်ထည့်ရန် သတ်မှတ်ခဲ့သည်။

ဗီဇအခြေခံနည်းပညာ အထူးသဖြင့် ရိုင်ဘိုဇုန်းအုပ်စု(16S rRNA) အသုံးပြု၍ ဖိုင်တိုပလာစမာကို အမျိုးအစား ခွဲခြားကြသည်။ ယခုအခါ "Ca. Phytoplasma" မျိုးကွဲ ၃၀ ကျော် တွေ့ရှိထားပြီးဖြစ်သည်။ ၂၀၁၂ ခုနှစ် သုတေသနအရ မြန်မာပြည်တွင် "Ca. Phytoplasma" ငါးမျိုးသည် စိုက်ပျိုးသီးနှံများနှင့် ဆက်စပ်လျက်ရှိသည်။

**(၂) နှမ်းဖိုရောဂါ သမိုင်းကြောင်း**

၁၉၀၈ ခုနှစ်က တောင်အာရှ ပါကစ္စတန်နိုင်ငံတွင် နှမ်းဖိုရောဂါကို စတင်တွေ့ရှိခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် မြန်မာပြည်၊ ၁၉၃၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ၁၉၇၃ ခုနှစ်တွင် ထိုင်းနိုင်ငံ အစရှိသဖြင့် တွေ့ရှိလာပြီး ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီး (အီရန်၊ အီရတ်၊ အစ္စရေး၊ ဆူဒန်၊ နိုင်ဂျီးရီးယား၊ တန်ဇန်နီးယား၊ ပါကစ္စတန်၊ အီသီယိုးပီးယား၊ တူရကီ၊ ယူဂန်ဒါ၊ မက္ကဆီကို)တွင် တွေ့ရှိကြောင်း မှတ်တမ်းများ ရှိသည်။



ပုံ (၁) နှမ်းပင်၏ အပင်အစာကြောစည်းတွင် တွေ့ရသော နှမ်းဖို ဖိုင်တိုပလာစမာသက်ရှိ။

၁၉၇၃ ခုနှစ်က ထိုင်းပညာရှင်၏ တွေ့ရှိချက်အရ နှမ်းဖိုရောဂါသည် မိုက်ကိုပလာစမာနှင့်တူသော သက်ရှိများ(MLO)နှင့် ဆက်စပ်ကြောင်း သိရှိခဲ့ရသည်။ ၁၉၇၈ ခုနှစ်တွင် ၎င်း MLO သည် နှမ်းပင် အစာကြောစည်းဆဲလ်တွင် ရှိနေကြောင်း တွေ့ရှိခဲ့သည်။ ရောဂါကျနေသောနှမ်းပင်၏ အစာကြောစည်းကို ဆေးဆိုး၍ အီလက်ထရွန် မိုက်ခရိုစကုပ်ဖြင့် ကြည့်သည့်အခါ ဖိုင်တိုပလာစမာကို ပုံ(၁)အတိုင်း စက်ဝိုင်းပုံ သို့မဟုတ် ဘဲဥပုံသဏ္ဌာန် ဆဲလ်များအဖြစ် တွေ့ခဲ့ရသည်။

**(၃) ရောဂါပင်ပြလက္ခဏာများ**

အပင်ငယ်စဉ် ရောဂါကျလျှင် စိုက်ပြီးခုနစ်ရက်အကြာတွင် အဆစ်ကြားများ တိုခြင်း၊ အရွက်များ သေးငယ်ခြင်းနှင့် အပင်ပုခြင်း(ပုံမှန်အပင်၏ ၂/၃ ခန့်) စသည့် လက္ခဏာများပြတတ်ပြီး ၎င်းအပင်များကြီးလာသောအခါ ပန်းခိုင်များနေရာတွင် သေး၍ လိမ်နေသော အရွက်များသည် ပင်စည်၏ ဆစ်ကြားတိုများမှ ထွက်နေတတ်သည်။ အပင်ကြီးအဆင့်တွင် ရောဂါကျပါက ပုံမှန် နှမ်းသီးတောင့်များသည် အပင်အောက်ခြေ၌ ရှိနေပြီး နှမ်းဖိုအခိုင်များသည် ပင်မကိုင်းနှင့် ကိုင်းသစ်များ၏ ထိပ်ပိုင်းတွင် ထွက်နေတတ်သည်။



ပုံ (၂) နှမ်းဖိုရောဂါ ပင်ပြလက္ခဏာ။

အခြား လက္ခဏာများမှာ ပန်းပွင့်ဖတ်များ အရွက်ပုံပြောင်းခြင်း(Floral viresecence and phyllody)၊ ပန်းခိုင် အစုလိုက်ဖြစ်ခြင်း (Floral proliferation)၊ နှမ်းသီးတောင့် အက်ကွဲ၍ အပင်ပေါက်ခြင်း (Germination of seeds in cracked capsules)၊ ပန်းပွင့်အစိတ်အပိုင်းများတွင် အနက်ရောင်အစေးများ ထွက်ခြင်း(Dark exudates on foliage parts)၊ အဝါရောင် လိမ်တွန့်နေသော အရွက်များ ဆစ်ကြားတိုများမှ ထွက်ခြင်း(Short internodes with yellows, twisted reduced leaves)၊ အပင်ထိပ်ပိုင်း ပုံသဏ္ဌာန်မမှန်ခြင်း(Shoot apex fasciation)နှင့် အပင်ထိပ်ပိုင်းတွင် စုန်းတံမြက်စည်းပုံစံ(Witches' broom) သေးရှည်သောအရွက်များ စုထွက်နေခြင်းတို့ ဖြစ်သည်။

**(၄) ရောဂါကူးစက်ပျံ့နှံ့ပုံ**

နှမ်းဖိုရောဂါသည် မျိုးစေ့နှင့် ရောဂါကျအပင်၏ ပင်ရည်တို့မှတစ်ဆင့် ကူးစက်နိုင်ခြင်းမရှိပါ။ ဖြုတ်ပိုး(Orosius albicinctus)ကြောင့်သာလျှင် အဓိက ကူးစက်ပျံ့နှံ့စေသည်။ သုတေသနများအရ နှမ်းဖိုရောဂါသည် ယခင်စိုက်ခင်း သို့မဟုတ် ၎င်းအနီးအနားတွင် ပြန်လည်စိုက်ပျိုးပါက ရောဂါ ပိုမိုကျရောက်တတ်သည်။ အကျိုးဆက်အနေဖြင့် ရောဂါသယ်ဆောင်ထားသောဖြုတ်ပိုးအား ဆက်တိုက်ပွားများနိုင်စေရန် အားပေးသည့်အနေအထားကို ရရှိနေခြင်းကြောင့် ဖြစ်သည်။

ယေဘုယျအားဖြင့် ဖြုတ်များသည် မေလနှင့် ဇွန်လများတွင် အရေအတွက် အများဆုံးဖြစ်သည်။ ရောဂါသယ်ဆောင်ထားသည့် ဖြုတ်တစ်ကောင်တည်းရှိလျှင်ပင် ရောဂါဖြစ်စေ၊ ပျံ့ပွားစေနိုင်သည်။ သုတေသနများအရ အပင်တစ်ပင်တွင် ၎င်းဖြုတ်ပိုးတစ်ကောင် စားသုံးလျှင် ရောဂါပျံ့နှံ့နှုန်းသည် ၂၉ ရာခိုင်နှုန်းခန့်နှင့် သုံးကောင် စားသုံးလျှင် ၈၄ ရာခိုင်နှုန်းခန့် ပျံ့နှံ့စေကြောင်း သိရသည်။

ဖြုတ်ပိုးသည် ရောဂါရှိသည့်အပင်မှ ဖိုင်တိုပလာစမာသက်ရှိကို ရယူရန် ၃-၄ ရက်အထိ စုပ်ယူစားသုံးရန် လိုအပ်ပြီး အခြားအပင်တွင် ရောဂါပြန်ဖြစ်စေရန် အနည်းဆုံး ၃၀ မိနစ်ခန့် စားသုံးရန် လိုအပ်သည်။ ရောဂါပျိုးချိန်သည် ဖြုတ်ပိုးတွင် ၁၅-၆၃ ရက်နှင့် နှမ်းပင်တွင် ၁၃-၆၁ ရက်ဖြစ်သည်။ (အပင်တွင် ဖြုတ်ကျပြီးနောက် ရောဂါလက္ခဏာ စတင်ပြသည့်အချိန်အထိ ၁၃ ရက်မှ ၆၁ ရက်အထိ ကြာသည်ဟု ဆိုလိုသည်)။

ဖြုတ် အထီး အမ နှစ်မျိုးလုံးသည် ရောဂါကို သယ်ဆောင်ပြန့်ပွားနိုင်သည်။ ပိုးမည်အဆင့်(Nymphs)သည် ရောဂါကို သယ်ဆောင်နိုင်ခြင်း မရှိပါ။ ပူနွေးသည့်ရာသီ(နွေရာသီ)တွင် ဖြုတ်ပိုးအရေအတွက် များပြားပြီး အေးသည့်ရာသီ (ဆောင်းရာသီ)တွင် အရေအတွက် နည်းပါးသည်။ နှမ်းဖို ဖိုင်တိုပလာစမာသက်ရှိသည် ပိုက်ဆံလျှော်၊ ကုလားပဲပင်၊ မုန့်ညင်းပင်တို့ကိုလည်း ကူးစက်နိုင်ကြောင်း အိန္ဒိယနိုင်ငံတွင် တွေ့ရှိထားသည်။

ကျန်းမာသည့်အပင်ကို ရောဂါသယ်ဆောင်ဖြုတ်ပိုးက အစာစုပ်ယူရာမှ အစာစည်း ဆဲလ်များအတွင်းသို့ ဖိုင်တိုပလာစမာသက်ရှိ ရောက်ရှိသွားပြီး ရောဂါဖြစ်စေသည်။ ၎င်းအပင်ကို အခြားဖြုတ်ပိုးက အစာစုပ်ယူရာမှတစ်ဆင့် ၎င်းခန္ဓာအတွင်း ဖိုင်တိုပလာစမာကို သယ်ဆောင်ပွားများထားသည်။ ယင်းနောက် ၎င်းဖြုတ်ပိုးသည် ထပ်မံ၍ ရောဂါမရှိသည့် အပင်ကို စုပ်ယူစားသုံးရာမှ တစ်ဆင့် ရောဂါသည် တစ်ပင်မှတစ်ပင်သို့ ကူးစက်ပျံ့နှံ့လျက်ရှိနေသည်။

**(၅) တားဆီး ကာကွယ် နှိမ်နင်းသည့် နည်းလမ်းများ**

သုသေသန တွေ့ရှိချက်များအရ နှမ်းပင်၏သက်တမ်း ခုနစ်ရက်မှ ၄၅ ရက်အတွင်း ဖြုတ်ပိုးကျရောက်ပါက ရောဂါကူးစက်မှုများပြီး အထွက်နှုန်းကို သိသာစွာ ထိခိုက်စေနိုင်သည်။ ၄၅ ရက် နောက်ပိုင်း သို့မဟုတ် ပန်းပွင့်ပြီးနောက်ပိုင်းတွင် ဖြုတ်ပိုးကျရောက်ပါက ရောဂါကူးစက်နိုင်သော်လည်း အထွက်နှုန်းကို သိသာစွာ မထိခိုက်စေပါ။ သို့သော် ရောဂါကျအပင်မှ နှမ်းစေ့များကို သေးငယ်စေသည်။

**(က) စိုက်ပျိုးနည်းစနစ်(စိုက်ချိန် ပြောင်းခြင်း)**

ဖြုတ်ပိုးအရေအတွက်များသည့်အချိန်ကိုရှောင်၍ စောစိုက်ခြင်း သို့မဟုတ် နောက်ကျစိုက်ခြင်းဖြင့် ရောဂါကျရောက်မှုနှင့် ဖြုတ်ပိုးအရေအတွက်ကို လျှော့ချနိုင်သည်။

**(ခ) ရောဂါကျအပင်များ ရှင်းလင်း ဖယ်ရှားခြင်း**

ရောဂါကျအပင်များကိုတွေ့လျှင် ချက်ချင်း အပင်တစ်ပင်လုံး သို့မဟုတ် ရောဂါကျ အပင်အစိတ်အပိုင်းကို ရှင်းလင်းခြင်းဖြင့် ရောဂါပြန့်ပွားမှုကို ထိရောက်စွာ လျှော့ချနိုင်သည်။ လေ့လာမှုများအရ ခံနိုင်ရည်မဲ့မျိုးသည် စိုက်ပျိုးပြီး ရက် ၃၀ အတွင်း ရောဂါလက္ခဏာများ ပြသသည်။ နှမ်းအပြင် အခြား ပေါင်းပင်များမှလည်း ရောဂါ တစ်ဆင့်ကူးစက်စေနိုင်သဖြင့် ဖယ်ရှားပေးရန် အရေးကြီးသည်။

**(ဂ) ပိုးသတ်ဆေး အသုံးပြုခြင်း**

စိုက်ပျိုးချိန်တွင် မျိုးစေ့ကို ပိုးသတ်ဆေး လူးနယ်စိုက်ပျိုးခြင်း၊ ပင်လုံးပြန့် ပိုးသတ်ဆေးဖျန်းပေးခြင်းဖြင့် ဖြုတ်ပိုးကို ကာကွယ်တားဆီးနိုင်သဖြင့် စိုက်ပြီး ၃၀၊ ၄၀၊ ၆၀ ရက်များတွင် ဆေးဖျန်းနိုင်သည်။ ဆေးဖျန်းစမ်းသပ်ချက်များအရ ဆေးမဖျန်းပါက ရောဂါ ရှစ်ဆ ပိုမို ဖြစ်ပွားစေနိုင်သည်။ နှမ်းပင်မရိတ်သိမ်းမီ ၄၅ ရက် အလိုတွင် ဓာတုဆေးဖျန်းခြင်းကို တားမြစ်ထားသည်။

**(ဃ) ခံနိုင်ရည်ရှိမျိုးများ အသုံးပြုခြင်း**

ဖြုတ်ပိုးဒဏ်ကိုခံနိုင်သည့်မျိုးများ အသုံးပြုခြင်းဖြင့် ရောဂါပြန့်ပွားမှုကို လျှော့ချနိုင်သည်။

**(၆) အထွက်နှုန်းဆုံးရှုံးမှု**

သုတေသနတွေ့ရှိချက်များအရ နှမ်းပင် ပန်းခိုင် ၁၀ ခိုင်တွင် နှမ်းဖိုတစ်ခိုင် ဖြစ်ပါက ၁ ဧကလျှင် တစ်တင်းခန့် ဆုံးရှုံးစေနိုင်သည်။ နှမ်းစိုက်ဧရိယာ ၁၀ ဧကရှိလျှင် ဆုံးရှုံးမှုသည် (၁၀ ဧက x ၁ တင်း = ၁၀ တင်း)ဖြစ်ပြီး တစ်တင်းကို ကျပ် ၆၀၀၀၀(ခြောက်သောင်း)ရောင်းရလျှင် ၁၀ ဧကအတွက် ကျပ် ၆၀၀၀၀၀ (ခြောက်သိန်း)ဆုံးရှုံးစေမည်။ နှမ်းဖို အခိုင် အရေအတွက် တိုးလာသည်နှင့် အမျှ ဆုံးရှုံးမှုသည်လည်း တိုးလာမည်သာဖြစ်သည်။

အကျဉ်းချုပ်ရသော် နှစ်စဉ်နှစ်တိုင်း တဖြည်းဖြည်း နှမ်းဖိုရောဂါ အဖြစ်များလာရသည့် အကြောင်းအရင်းသည် နှမ်းဖိုရောဂါကို ခံနိုင်ရည်မဲ့သည့်မျိုး (အထူးသဖြင့် ဖြုတ်ပိုးကြိုက်သည့် နှမ်းမျိုး)ကို စိုက်ဧကများများတွင် နှစ်စဉ်နှစ်တိုင်း ဆက်တိုက် စိုက်ပျိုးလာခြင်းကြောင့် ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဖြုတ်ပိုးသည် ဖိုင်တိုပလာစမာသက်ရှိကို စဉ်ဆက်မပြတ် ပွားများထားသလို ဖြစ်နေခြင်းဖြစ်သည်။ ထို့အပြင် ရာသီဥတု ပူနွေးလာခြင်းသည်လည်း ဖြုတ်ပိုး အရေအတွက်ကို ပိုမိုပွားများလာအောင် အားပေးနေခြင်းဖြစ်သည်။

**ချက်ချင်းရှင်းလင်းရန် အရေးကြီး**

ဖြုတ်ပိုးအရေအတွက်များခြင်းနှင့်အတူ နှမ်းဖိုရောဂါ ဖြစ်ပွားစေသော သက်ရှိသည်လည်း နေရာအနှံ့ရောက်ရှိ ကူးစက်ပျံ့နှံ့နေခြင်းဖြစ်သောကြောင့် ယခုအချိန်မှစပြီး နှမ်းဖိုအပင်များကို တွေ့သည့်နေရာ၌ တွေ့သည့်အချိန်တွင် ချက်ချင်းရှင်းလင်းပေးကြရန် အလွန့်အလွန် အရေးကြီးပါကြောင်းနှင့် နှမ်းစိုက်တောင်သူများ တစ်ယောက်မှ တစ်ယောက် သတင်းစကားပါးရင်း ကာကွယ်ရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*ယမန်နေ့မှအဆက်*

| တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် | မျဉ်းဖြောင့် စနစ်နှုန်း | တန်ဖိုးအဆင့်ဆင့် လျော့ကျသည့်နှုန်း |
|---|---|---|
| ခရီးသည် ၃၀ ဦးနှင့်အထက် တင်ဆောင်နိုင်သည့် ဘတ်စ်ကားများ၊ ခုနစ်တန်နှင့်အထက် ဝန်ကိုသယ်ဆောင် သို့မဟုတ် ဆွဲယူရန် ရည်ရွယ်ထုတ်လုပ်ထားသည့် ကုန်တင်ယာဉ်များ၊ အထူးသုံး ထရပ်ကားများ၊ ထွန်စက်များ၊ နောက် တွဲယာဉ်များနှင့် နောက်တွဲယာဉ် တပ်ဆင်ထားသည့် ကုန်သေတ္တာယာဉ်များနှင့် ကုန်ထုတ်လုပ်မှု၊ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်မှု သို့မဟုတ် လယ်ယာစိုက်ပျိုးရေးသုံး စက်ရုံများနှင့် စက်ပစ္စည်းများ။ | ၂၀% | ၃၀% |
| သင်္ဘောများ၊ တွဲသင်္ဘောများ၊ တွန်းသင်္ဘောများနှင့် အလားတူ ရေကြောင်းပို့ဆောင်ရေး ယာဉ်ယန္တရားများ၊ လေယာဉ်၊ ရုံးသုံး ပရိဘောဂ၊ တပ်ဆင်ပစ္စည်းများနှင့် ကိရိယာများ၊ အခြားအမျိုးအစားတွင် မပါဝင်သည့် မည်သည့်တန်ဖိုး လျော့နိုင်သည့် ပစ္စည်းမဆို။ | ၁၂.၅% | ၂၀% |
| ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ ဆောင်ရွက်ချက်။ | ၅% | - |

၂။ ကုန်ကျစရိတ် ကျပ် ၅ သိန်းအောက် လျော့နည်းသည့် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခုအတွက် တန်ဖိုးလျော့နှုန်းသည် ၁၀၀ ရာခိုင်နှုန်း ဖြစ်သည်။

၃။ လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်များအတွက် တန်ဖိုးလျော့နှုန်းမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ကနဦးအသုံးစရိတ်အတွက် ၂၅ ရာခိုင်နှုန်း၊

(ခ) အပိုဒ် (က) တွင် ဖော်ပြထားသည့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်မှလွဲ၍ အသုံးဝင်မှု သက်တမ်း ၁၀ နှစ်အထက်ရှိသည့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်တစ်ခုအတွက် ၁၀ ရာခိုင်နှုန်း၊

(ဂ) အခြားမည်သည့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်အတွက်မဆို ၁၀၀ ရာခိုင်နှုန်းကို ယင်းဒြပ်မဲ့ရရန်ပိုင်ခွင့်၏ အသုံးဝင်မှု သက်တမ်းနှင့် စားလဒ်။

### ဇယား ၅
### လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများ
( ပုဒ်မ ၃၁ )

၁။ ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်များအတွက် လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများ၏ နှုန်းထားမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) အခြေခံသက်သာခွင့်ပြုငွေအတွက်ဖြစ်ပါက ၂၀ ရာခိုင်နှုန်း၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သား၊ သမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ၊

(ဃ) အတူနေမိဘအတွက် ခွင့်ပြုငွေ ကျပ် ၁၀ သိန်းစီ၊

(င) လူမှုဖူလုံရေးထည့်ဝင်ငွေအတွက် အမှန်ထည့်ဝင်သည့်ပမာဏ၊

(စ) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် အိမ်ထောင်ဖက်၏ အသက်အာမခံ၊ ပရီမီယံကြေးထည့်ဝင်ငွေအတွက် အမှန်ထည့်ဝင်သည့်ပမာဏ၊

(ဆ) ပင်စင်ရန်ပုံငွေသို့ ထည့်ဝင်ငွေအတွက် အမှန်ထည့်ဝင်သည့် ပမာဏ (သို့ရာတွင် လစာ၏ ၅ ရာခိုင်နှုန်းထက် မပိုစေရ) ။

### ဇယား ၆
### သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍများ

**အခွန်နှုန်းများ**

၁။ လိုင်စင်ရရှိသူတစ်ဦးနှင့် အကျုံးဝင်သည့် ဝင်ငွေခွန်နှုန်းမှာ ၂၅ % ဖြစ်သည်။

၂။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ လိုင်စင်ရရှိသူ တစ်ဦးနှင့် အကျုံးဝင်သည့် ဝင်ငွေခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အာမခံပရီမီယံအတွက် ၅ ရာခိုင်နှုန်း၊

(ခ) အတိုး၊ ခိုင်ကြေး၊ နစ်ကြေး၊ စီမံခန့်ခွဲမှုအခ၊ နည်းပညာအခ၊ သယံဇာတဆိုင်ရာ ငွေကြေးပမာဏအတွက် ၁၅ ရာခိုင်နှုန်း၊

(ဂ) မည်သည့်အမြတ်ဝေစုအတွက်မဆို ၁၅ ရာခိုင်နှုန်း။

၃။ အပိုဒ် ၄ အရ ထုခွဲရောင်းချခြင်း အမျိုးအစားများမှ ရရှိသည့် မြတ်စွန်းငွေများအတွက် အခြေပစ္စည်းမှ မြတ်စွန်းခွန်နှုန်းသည် ၁၀ ရာခိုင်နှုန်း ဖြစ်သည်။

၄။ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ထုခွဲရောင်းချမှု အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ မည်သည့်အကျိုးစီးပွားကိုမဆို ထုခွဲရောင်းချခြင်း၊

(ခ) ကုမ္ပဏီတစ်ခုရှိ အဖွဲ့ဝင်အကျိုးစီးပွားတစ်ရပ်၏ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း အထက်ကို လိုင်စင်ရရှိသူတစ်ဦးက ပိုင်ဆိုင်ထားသည့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ် သို့မဟုတ် အခွင့်အရေးများမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ရရှိခြင်းဖြစ်လျှင် ပုဒ်မ ၆၉ အရ ယင်းပိုင်ဆိုင်မှု အကျိုးစီးပွားကို ထုခွဲရောင်းချခြင်း။

**ပြန်လည်ရယူနိုင်ခြင်းမရှိသည့် ကုန်ကျစရိတ်များ(non-recoverable cost) အတွက် နုတ်ပယ်ခြင်း**

၅။ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၆၅၊ ပုဒ်မခွဲ (င) တို့တွင် မည်သို့ပင် ဆိုစေကာမူ–

(က) ရှာဖွေခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ(financing cost) ကို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့နှင့်အညီ ကနဦးအသုံးစရိတ် ဖြစ်ဘိသကဲ့သို့သော်လည်းကောင်း၊ ပုဒ်မ ၂၀ နှင့် အညီသော်လည်းကောင်း နုတ်ပယ်နိုင်သည်၊

(ခ) သယံဇာတတူးဖော်ထုတ်ယူခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ကုန်ကျစရိတ်များကို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၀ နှင့်အညီ နုတ်ပယ်နိုင်သည်၊

(ဂ) ခိုင်ကြေးများကို ယင်းတို့သည် နုတ်ပယ်နိုင်သည့် လုပ်ငန်းဆိုင်ရာ အခွန်ပေးဆောင်ငွေများ ဖြစ်ဘိသကဲ့သို့ ပုဒ်မ ၂၀ နှင့်အညီ နုတ်ပယ်နိုင်သည်၊

(ဃ) လိုင်စင်ရရှိသူတစ်ဦးက ပေးချေသည့် ထုတ်လုပ်မှုဆိုင်ရာ မည်သည့်ဆုကြေးငွေကိုမဆို ပုဒ်မ ၂၀ နှင့်အညီ နုတ်ပယ်နိုင်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၆။ ဤဇယားတွင် –

(က) **သယံဇာတ တူးဖော်ထုတ်ယူမှုအတွက် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ကုန်ကျစရိတ်** ဆိုသည်မှာ ရေနံတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ငွေကြေးထောက်ပံ့ရန်အတွက် ကျခံရသည့် အကျိုးစီးပွား အသုံးစရိတ်များကိုဆိုသည်။

(ခ) **ရှာဖွေခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ကုန်ကျစရိတ်** ဆိုသည်မှာ ရေနံတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ရှာဖွေခြင်းလုပ်ငန်းများကို ငွေကြေးထောက်ပံ့ရန်အတွက် ကျခံရသည့် အကျိုးစီးပွား အသုံးစရိတ်များကို ဆိုသည်။

(ဂ) **ထုတ်လုပ်မှုဆိုင်ရာ ဆုကြေးငွေ** ဆိုသည်မှာ အောက်ပါပေးချေမှုများကို ဆိုသည် –

(၁) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သို့မဟုတ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက သတ်မှတ်မည့် တရားဝင်ရပ်တည်မှုရှိသည့် အခြားအလားတူ ပုဂ္ဂိုလ်သို့ ပေးချေခြင်း။

(၂) လိုင်စင်ရသည့် နယ်မြေတစ်ခုနှင့် စပ်လျဉ်း၍ ရေနံတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ပေးချေခြင်း၊

(၃) အောက်ပါတစ်ခုခုနှင့် စပ်လျဉ်း၍ ပေးချေခြင်း–

(ကက) ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့စီးပွားဖြစ် ရှာဖွေတွေ့ရှိမှု တစ်ရပ်အတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့် အစီအစဉ်တစ်ရပ်ကို အတည်ပြုခြင်း၊

(ခခ) ယင်းကဲ့သို့သော လိုင်စင်ရသည့်နယ်မြေမှ ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု။

(ဃ) **ခိုင်ကြေး** ဆိုသည်မှာ ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့ကို လိုင်စင်ရသည့် နယ်မြေမှ ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ တူးဖော်ထုတ်လုပ်ခွင့်အတွက် အပြန်အလှန်အနေဖြင့် မြန်မာနိုင်ငံအစိုးရသို့ ငွေသားဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပေးချေမှုကို ဆိုသည်။

## သီပေါ ဆွန်လုံ–ကုန်းသာ ဒုဋ္ဌဝတီ မြစ်ကူးတံတား မကြာမီဖွင့်လှစ်တော့မည်

**သီပေါ ဩဂုတ် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီးမှ သီပေါမြို့နယ် ကုန်းသာကျေးရွာနှင့် ဆွန်လုံဒေသသို့ ဆက်သွယ်ပေးမည့် ဒုဋ္ဌဝတီမြစ်ကူး တံတားတည်ဆောက်ပြီးစီးမှုလုပ်ငန်းများကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ ကျေးလက်လမ်း တံတား (အထူး) ဦးခင်မောင်သန်း၊ ကျေးလက်လမ်းဦးစီးဌာန (မြောက်ပိုင်း) ညွှန်ကြားရေးမှူး ဦးကျော်ဇေယျဝင်းနှင့် တာဝန်ရှိသူများက ဩဂုတ် ၆ ရက် က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

### ဖြတ်သန်းသွားလာနိုင်

အဆိုပါ ဒုဋ္ဌဝတီမြစ်ကူးတံတားကို ငွေကျပ်သိန်း ၉၆၀ အကုန်အကျခံ တည်ဆောက်ပြီး ယာဉ်တန်ချိန် ၁၃ တန်အထိ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်သည်။ လိမ္မော်သီးနှံအများဆုံး ထွက်ရှိခဲ့သော ဆွန်လုံဒေသမှ ထွက်ကုန်သီးနှံများနှင့် ကုန်းသာကျေးရွာမှ လူ့အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို အချိန်နှင့်တစ်ပြေးညီ ကူးသန်းဖလှယ်နိုင်မည်ဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

ချဉ်းကပ်လမ်းများ ဆောက်လုပ်ရန် မြေထိန်းနံရံတည်ဆောက်လျက်ရှိပြီး မကြာမီရက်ပိုင်းအတွင်း ဒုဋ္ဌဝတီမြစ်ကူးတံတား ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မြိတ်ခရိုင်အတွင်းရှိ လမ်း / တံတား လုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးစီးပြီဖြစ်

**မြိတ် ဩဂုတ် ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်း/ တံတားလုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။



မြိတ်ခရိုင်အတွင်း တည်ဆောက်ပြီးစီးသည့် တံတားတစ်စင်းကို တွေ့ရစဉ်။

မြိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၂၇၀၀ ကျော်နှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်းပေါင်း ၁၅၀၀၀ ကျော်ဖြင့် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်း၊ ဂဝံမြေသားလမ်းနှင့် ရေထုတ်မြောင်း တံတား၊ ရေဆင်းတံတား၊ ကွန်ကရစ်တံတားကြီး၊ ကွန်ကရစ်တံတားငယ်၊ မြေထိန်းနံရံ၊ ဘေလီတံတား၊ သစ်သားတံတား စသည့် လမ်းလုပ်ငန်း ၅၄ ခုနှင့် တံတားလုပ်ငန်း ၆၇ ခု ဆောင်ရွက်ကြောင်း ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသူရထံမှ သိရသည်။

ကျေးလက်နေ ပြည်သူများအတွက် လမ်း/တံတားလုပ်ငန်းများကို မြိတ်မြို့နယ်တွင် လမ်းလုပ်ငန်း ၁၇ ခု၊ တံတားလုပ်ငန်းခုနစ်ခု၊ ကျွန်းစုမြို့နယ်တွင် လမ်းလုပ်ငန်း ၁၄ ခု၊ တံတားလုပ်ငန်း သုံးခု၊ ပုလောမြို့နယ်တွင် လမ်းလုပ်ငန်း ၁၂ ခု၊ တံတားလုပ်ငန်း ၁၇ ခု၊ တနင်္သာရီမြို့နယ်တွင် လမ်းလုပ်ငန်း ၁၁ ခု၊ တံတားလုပ်ငန်း ၄၀ ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှု အနေဖြင့် ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ **ခိုင်ထူး (ပြန်/ဆက်)**

# ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ CIO/CTO များ၏ အွန်လိုင်းဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၉**

e-Government လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ဆပ်ကော်မတီနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)တို့၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက စီစဉ်၍ "CIO/CTO Online Conference" ဆွေးနွေးနှီးနှောဖလှယ်ပွဲကို ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးသည့်ပုံစံဖြင့် ကျင်းပသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် အွန်လိုင်းမှ မှတ်ပုံတင်ပြုလုပ်၍ တက်ရောက်နိုင်ကြောင်း တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှ သိရသည်။

ဆွေးနွေးပွဲတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ CIO/CTO များ၏ အခန်းကဏ္ဍ၊ အရေးပါမှုနှင့် လိုအပ်သော ကျွမ်းကျင်မှုများ၊ ရယူထားသင့်သော အသိအမှတ်ပြုလက်မှတ်များ၊ Industry 4.0 ၏ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ဖန်တီးတီထွင်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားသင့်သော အချက်အလက်များ စသည့် အကြောင်းအရာများကို အဓိကထား၍ နှီးနှောဖလှယ်ကြမည်ဖြစ်သည်။

ယနေ့ခေတ်တွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေး/စီးပွားရေး အဖွဲ့အစည်းများနှင့် လုပ်ငန်းများအနေဖြင့် ခေတ်မီနည်းပညာများကို အပြည့်အဝ အကျိုးရှိစွာအသုံးချပြီး မိမိတို့၏ လုပ်ငန်းများကို ပြောင်းလဲဖော်ဆောင်ရန် အရေးတကြီး လိုအပ်နေသလို ထိုသို့ ပြောင်းလဲဖော်ဆောင်ရာတွင် အဆိုပါ အဖွဲ့အစည်းအသီးသီးမှ CIO/CTO များ၏ အခန်းကဏ္ဍသည်လည်း ရှေ့တန်းမှ အရေးပါလာကြောင်း၊ အဆိုပါ ဆွေးနွေးပွဲတွင် ကဏ္ဍအမျိုးမျိုးမှ CIO/CTO များအတွက် "Roles and Responsibilities, Skills and Certifications, Awareness of Industry 4.0 and focusing ideas, Transformation by innovative ways" စသော ရှုထောင့်များမှ သိရှိထားသင့်သည်များကို သိရှိစေခြင်း၊ ဆင်ခြင်တွေးတောစရာများ ရရှိစေခြင်းဖြင့် လုပ်ငန်းများ တိုးတက်ပြောင်းလဲ အောင်မြင်ရေးကို ပိုမိုထိရောက် အကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ Chief Information Officer(CIO) များ၊ Chief Technology Officer(CTO) များ၊ Multi National Corporation(MNC), Non-Government Organization(NGO), International Non-Government Organization (INGO)များမှ ICT ပညာရှင်များက MICT Park အဆောင်(၁၄) ဒုတိယထပ်ရှိ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း Live Room မှလည်းကောင်း၊ နိုင်ငံခြားနှင့် ရပ်ဝေးသို့ ရောက်ရှိနေသူများက အွန်လိုင်းမှတစ်ဆင့်လည်းကောင်း ပါဝင်ဆွေးနွေးသွားကြမည်ဖြစ်သည်။

နှစ်ရက်တာကျင်းပမည့် ဆွေးနွေးပွဲ အစီအစဉ်၏ ပထမနေ့တွင် ဖွင့်ပွဲအခမ်းအနားနှင့်အတူ "အဖွဲ့အစည်းတစ်ခုက မိမိ၏ CIO/CTO စွမ်းဆောင်ရည်ကို ဘယ်လို တိုင်းတာမလဲ၊ ကမ္ဘာအနှံ့ ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း CIO/CTO တို့၏ ကဏ္ဍအခန်းကဏ္ဍ စသည့် ခေါင်းစဉ်နှစ်ခုကို ဆွေးနွေးကြမည်ဖြစ်ကာ ဒုတိယနေ့တွင် "နည်းပညာခေတ်၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ ၂၀၂၀ ပြည့်နှစ် နည်းပညာရေစီးကြောင်း၊ ဖန်တီးတီထွင် အောင်ပွဲဝင်" စသည့် ခေါင်းစဉ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဆွေးနွေးပွဲသို့ တက်ရောက်မည့်သူများသည် သက်ဆိုင်ရာ "Register Link" သို့ ကြိုတင်ဝင်ရောက်ကာ အချက်အလက်များ ဖြည့်သွင်း၍ မှတ်ပုံတင်ပြီး "Your Webinar Link" သို့ ဝင်ရောက်ထားရမည်ဖြစ်သည်။ အွန်လိုင်းမှ မှတ်ပုံတင်ခြင်းကို ဩဂုတ် ၂၀ ရက်မှစ၍ ၂၈ ရက် နံနက် ၉ နာရီအထိ ပြုလုပ်နိုင်မည်ဖြစ်သည်။ အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ပြုလုပ်ရန် လမ်းညွှန်ချက် အသေးစိတ်ကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း၏ ဆိုရှယ်မီဒီယာ စာမျက်နှာများတွင် ဖော်ပြသွားမည်ဖြစ်ပြီး အသင်းရုံးခန်း ဖုန်း- ၀၁-၉၃၃၉၂၂၀၊ ၀၉-၄၀၈၈၃၃၂၂၀ နှင့် အီးမေးလ် - yrcpaoffice@gmail.com သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

မှတ်ပုံတင်လုပ်ပြီး ဆွေးနွေးပွဲတက်ခွင့်ရပါက ဆွေးနွေးပွဲ၏ အစီအစဉ်များအတိုင်း သတ်မှတ်ထားသောအချိန်တွင် မိမိတို့၏ နေရာမှပင် အွန်လိုင်းမှတစ်ဆင့် တက်ရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်သော presentation များ၊ အချက်အလက်များနှင့် အစီရင်ခံစာများ စသည့် ဖိုင်များကိုလည်း download ပြုလုပ်နိုင်မည်ဖြစ်သည့်အပြင် live message ဖြင့်လည်း မေးမြန်းဆွေးနွေးနိုင်သလို သက်ဆိုင်ရာ ဟောပြောသူများကလည်း အွန်လိုင်းမှပင် တိုက်ရိုက် ပြန်လည်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲအတွက် စပွန်ဆာပေး၍ ပူးပေါင်းကူညီပံ့ပိုးလိုသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများကိုလည်း ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ဖိတ်ခေါ်ထားပြီး ကူညီပံ့ပိုးမည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် အသင်းရုံးခန်းသို့ ဩဂုတ် ၁၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

---

**New Product**

## လူငယ်တွေ စိတ်ဝင်စားမှုများနေတဲ့ Asus ROG 3 Gaming Phone

ဂိမ်းကစားချင်တဲ့ လူငယ်တွေအတွက် အဓိကထားတဲ့ ROG 1 နဲ့ 2 ဖုန်းတွေကို ထုတ်ခဲ့ပြီး အောင်မြင်မှုရခဲ့တဲ့ Asus ဟာ ဂိမ်းဖုန်းအသစ်ဖြစ်တဲ့ ROG 3 ကို ဇူလိုင်လအတွင်းက မိတ်ဆက်ခဲ့ရာမှာလည်း လူငယ်များကြား စိတ်ဝင်စားမှု မြင့်တက်နေပါတယ်။ Asus ROG 3 ဖုန်းသစ်ဟာ ပြည်တွင်းဈေးကွက်ကို နိုင်ငံတကာနဲ့တစ်ပြိုင်တည်း ဇူလိုင်လကုန်ပိုင်းမှာ Standard နဲ့ Elite ဆိုတဲ့ ဗားရှင်းနှစ်မျိုးနဲ့ စတင်ဝင်ရောက်ထားပါတယ်။

Standard နဲ့ Elite ဆိုတဲ့ အမျိုးအစားနှစ်မျိုးဟာ SoC လို့ခေါ်တဲ့ Chipset ပိုင်းမှာ ကွာခြားချက်ရှိတာကလွဲလို့ ကျန်တဲ့ စွမ်းဆောင်ရည်ပိုင်းရော၊ ဒီဇိုင်းရော အားလုံး အတူတူပဲဖြစ်ပါတယ်။ Standard ဗားရှင်းမှာ Qualcomm SM8250 Snapdragon 865+(7 nm+)ကို သုံးထားပြီး Elite ဗားရှင်းကတော့ ရိုးရိုး 865 ဖြစ်ပါတယ်။ နိုင်ငံတကာမှာတော့ RAM နဲ့ ROM ပမာဏခွဲခြားပြီး ထုတ်ထားတာတွေရှိပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ လက်ရှိအချိန်မှာ 12/128 ကိုပဲ တွေ့ရပါသေးတယ်။ မင်မိုရီကတ်စိုက်သုံးလို့တော့ မရပါဘူး။ အန်းဒွိုက်ဗားရှင်းအနေနဲ့ android 10 ကို ROG UI နဲ့တွဲပြီး ထုတ်ထားပါတယ်။



မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၅၉ လက်မရှိတဲ့ AMOLED screen ဖြစ်ပြီး resolution က 1080x2340 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး အထူးကောင်းမွန်ပါတယ်။ မျက်နှာပြင်ကို ထိခိုက်မှုတွေက ကာကွယ်နိုင်ဖို့ Gorilla Glass 6 နဲ့ အုပ်ထားပြီး မျက်နှာပြင်မှာ ဖိအားကို အာရုံခံနိုင်တဲ့နေရာ(Gaming triggers)တွေလည်း ပါဝင်ပါတယ်။ ကိုယ်ထည်ရဲ့ ကျောဘက်ကလည်း Gorilla Glass 3 အုပ်ထားတဲ့ ဖန်သားဖြစ်ပြီး ROG လိုဂိုမီးလည်း ပါဝင်ပါတယ်။ ဖရိမ်က အလူမီနီယမ်ဖြစ်ပါတယ်။ ဆင်းကတ်အနေနဲ့ GSM ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်ပြီး အင်တာနက်ကွန်ရက်အတွက် 5G အထိ ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာ နောက်ဘက်ကင်မရာဟာ ၆၄ မဂ္ဂါပစ်ဇယ် ပင်မကင်မရာနဲ့ အတူ ၁၃ မဂ္ဂါပစ်ဇယ်(Ultrawide)နဲ့ ၅ မဂ္ဂါပစ်ဇယ်(Macro)ကင်မရာတွေ ပါဝင်တဲ့ Triple ကင်မရာဖြစ်လို့ အရည်အသွေး အထူးကောင်းမွန်ပြီး 8K အထိ အရည်အသွေးရှိတဲ့ ဗီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကလည်း ၂၄ မဂ္ဂါပစ်ဇယ်အထိရှိလို့ ဆယ်လ်ဖီကင်မရာအကောင်းဆုံး ဖုန်းတွေထဲမှာလည်း ပါဝင်ပြီး ဗီဒီယိုကို 1080 pixels အရည်အသွေးနဲ့ ရိုက်နိုင်ပါတယ်။

အခြားထူးခြားချက်တွေအနေနဲ့ အသံပိုင်းကို အထူးကောင်းမွန်အောင် လုပ်ထားပြီး DTS:X stereo speakers နဲ့ amplifiers နှစ်လုံး ပါဝင်ပါတယ်။ USB ချိတ်ဆက်မှုပိုင်းကတော့ Type-C 1.0 reversible connector ဖြစ်ပြီး ကိုယ်ထည်ရဲ့ ဘေးဘက်မှာ 3.1 တစ်ပေါက်နဲ့ အောက်ဘက်မှာ 2.0 တစ်ပေါက် ပါဝင်ပါတယ်။ ဂိမ်းဖုန်းဖြစ်တဲ့အတွက် ဂိမ်းခလုတ်တွေချိတ်တဲ့အခါ ပိုအဆင်ပြေအောင် ဖြစ်ပါတယ်။ Fingerprint sensor ကတော့ မျက်နှာပြင်အောက်ထဲမှာပဲ under display အနေနဲ့ ပါဝင်ပြီး optical sensor လည်း ပါဝင်ပါတယ်။ ဂိမ်းဖုန်းဖြစ်တာကြောင့် ဘက်ထရီပိုင်းမှာလည်း 6000 mAh ရှိတဲ့ Li-Po ဘက်ထရီကို သုံးထားပြီး 30W အမြန်နှုန်းနဲ့ အားသွင်းစနစ်လည်း ပါဝင်ပါတယ်။

ဂိမ်းဖုန်းတွေဟာ အရည်အသွေးကောင်းမွန်သလို ဈေးနှုန်းလည်း မြင့်တာကြောင့် ROG 3 ဟာလည်း ဈေးမြင့်ပြီး လက်ရှိ ပြည်တွင်းဈေးကွက်ရောက်နေတဲ့ RAM 12/ROM 128 အတွက် Elite ဗားရှင်းက ကျပ် ရှစ်သိန်းခွဲခန့်နဲ့ Standard ဗားရှင်းအတွက်က ကျပ် ၉၁၀၀၀၀ ခန့် ရှိနေပါတယ်။

**သူရဖြိုး**

---

## ဒစ်ဂျစ်တယ်မားကတ်တင်းသင်တန်း အမှတ်စဉ်(၃)ကို အွန်လိုင်းမှတစ်ဆင့် ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Digital Marketing(Online Class) အမှတ်စဉ် (၃) သင်တန်းကို ဩဂုတ် ၂၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကာ Digital Marketing အကြောင်းကို သိရှိလိုသူများ၊ ဈေးကွက်မဟာဗျူဟာအကြောင်း သိရှိလိုသူများ တက်ရောက်သင့်သော သင်တန်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် Digital Marketing အကြောင်းနှင့် ဈေးကွက် မဟာဗျူဟာများ၊ Digital Marketing နည်းလမ်းများဖြင့် ဈေးကွက်ချိတ်ဆက်ပုံနည်းလမ်းများကို ဆရာ ဦးအောင်ကျော်လင်းက သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ဩဂုတ် ၂၂ နှင့် ၂၃ နှစ်ရက်ဖြစ်ပြီး သင်တန်းချိန် မနက် ၉ နာရီမှ ညနေ ၄ နာရီအထိဖြစ်ကြောင်း၊ သင်တန်းကြေးမှာ ကျပ် ၃၉၀၀၀ ဖြစ်ပြီး သက်တမ်း တစ်နှစ်အထက် ကွန်ပျူတာပညာရှင်အသင်းဝင်များအတွက် ၁၀ ရာခိုင်နှုန်းနှင့် နှစ်နှစ်အထက် အသင်းဝင်များအတွက် ၂၀ ရာခိုင်နှုန်း လျှော့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေ ၃၀ လက်ခံမည်ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် Zoom အက်ပလီကေးရှင်းဖြင့် သင်ကြားပေးမည်ဖြစ်၍ သင်တန်းတက်မည့်သူများသည် မိမိတို့နေအိမ်မှပင် သင်တန်းကို တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဒစ်ဂျစ်တယ်မားကတ်တင်းဆိုင်ရာ ပညာရပ်များဖြစ်သော Inbound Marketing, Content Marketing, Email Marketing, Social Media Marketing, Market Research, Branding, Earned Media(incl. Influencer marketing), Owned Media, Paid Media နှင့် Messenger Architech စသည်တို့ အပါအဝင် ခေါင်းစဉ် ၁၇ ခုကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် workshop များ၊ case study များကိုလည်း ပါဝင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတက်လိုသူများအနေဖြင့် ဩဂုတ် ၂၀ ရက် နေ့လယ် ၁၂ နာရီ နောက်ဆုံးထားပြီး MCPA-YGN ရုံးခန်းသို့ လာရောက်၍ဖြစ်စေ၊ KBZ Quick Pay မှဖြစ်စေ စာရင်းပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုသည်များကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း- ၀၁ - ၉၃၃၉၂၂၀ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **ကျော်ဇင်ဦး**

---

## ၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်တွင် အူရီဒူးအသုံးပြုသူ ၃၄ ရာခိုင်နှုန်းတိုးလာကြောင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဩဂုတ် ၉**

၂၀၂၀ ခုနှစ် ပထမနှစ်ဝက်အတွင်း ပြည်တွင်း၌ အူရီဒူးကွန်ရက်ကို အသုံးပြုသူ အရေအတွက်သည် ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၄ ရာခိုင်နှုန်း တိုးတက်ခဲ့သလို ဝင်ငွေလည်း ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းနှင့် My Ooredoo App ကို သုံးစွဲသူ အရေအတွက်မှာလည်း ယခင်နှစ်ကထက် ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကာ မိုဘိုင်းဒေတာမှ ဝင်ငွေမှာ ၁၁ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးမြင့်ရရှိခဲ့ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အူရီဒူးမြန်မာသည် ၂၀၂၀ ပထမနှစ်ဝက်အတွင်း ကောင်းမွန်သည့်ရလဒ်များကို သုံးစွဲသူဦးရေ တိုးတက်လာမှုနှင့် ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲဖော်ဆောင်ခြင်း အစီအစဉ်တို့ဖြင့် ရရှိခဲ့ကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်တွင် သုံးစွဲသူဦးရေ ၁၄ ဒသမ ၈ သန်း ရှိလာခဲ့ပြီး ပြီးခဲ့သည့်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၄ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်းဖြစ်ကြောင်း၊ ဖုန်းခေါ်ဆိုမှုမှ ရရှိသောအမြတ်တွင် ယခင်နှစ်ထက် လျော့ကျခဲ့သော်လည်း ဒေတာသုံးစွဲမှုမှာ သိသာစွာ တိုးတက်လာခဲ့ခြင်းကြောင့် ဝင်ငွေပိုင်းတွင် ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ကာတာရီရယ် သန်း ၅၈၀ ရရှိခဲ့ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် ဝန်ဆောင်မှုပေးနေသော 3G နှင့် 4G ကွန်ရက်များ၏ အမြန်နှုန်းကို ၂၀၂၀ ပထမနှစ်ဝက်အတွင်း အကောင်းဆုံး မြှင့်တင်နိုင်ခဲ့သလို My Ooredoo app သည်လည်း ပိုမိုများပြားသည့် သုံးစွဲသူများအား စွဲဆောင်နိုင်ခဲ့ကာ အူရီဒူးမြန်မာ၏ ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲဖော်ဆောင်ခြင်းအတွက် ခိုင်မာသည့် အသုံးပြုလိုအားကို ဖော်ထုတ်ပြသနိုင်ခဲ့ကြောင်း၊ ထို့အပြင် အူရီဒူးမြန်မာအနေဖြင့် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆင်းကတ် မှတ်ပုံတင်ခြင်းကို အားပေးသည့်အနေဖြင့် အခမဲ့ ဒေတာများ ပေးအပ်ခြင်းကိုလည်း ယခုနှစ် ပထမနှစ်ဝက်အတွင်း ဆောင်ရွက်ခဲ့ကြောင်း အူရီဒူးမြန်မာက သတင်းထုတ်ပြန်ထားသည်။

**ကျော်ဇင်ဦး**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

သမီး မေမွန်မြတ်သူ (၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်တဲ့အတွက် နိုင်ငံတော်ကအားထားရမည့်၊ မိဘများက အားကိုးရမည့် သမီးအလိမ္မာလေး ဖြစ်ပါစေ။

ဖေဖေ – ဦးကျော်ဇော
(Chief Engineer(Myanmar Brewery Ltd.)
မေမေ – ဒေါ်ကြည်ကြည်ဝင်း
ညီမလေး – ရှင်းသန့်အေး
(Grade–10၊ အထက–၂၊ တောင်ဥက္ကလာပ)
ကြီးကြီး – ဒေါ်နွဲ့နွဲ့ဦး(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်)
– ဒေါ်ဥမ္မာစမ်း
(ဒုတိယခရိုင်တရားသူကြီး၊ ဖျာပုံခရိုင်)

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အထက (ရေတွင်းကုန်း) G–4 မှ မောင်ဉာဏ်လင်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ ပုံစံထွေ–၁ (က) အရ ၁၂–၇–၂၀၁၁ ရက်ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ) မတောင့်တ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ရဲလင်းထက်၏ဖခင် ဦးအေးသောင်းနှင့် စောအေးသောင် ၇/အဖန(နိုင်)၀၇၂၅၇၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

စောအေးသောင်

## ဖခင်အမည်မှန်

မင်းဘူး(စကု) မြို့နယ်၊ အထက (ဆင်ခေါင်းကျေးရွာ) တက္ကသိုလ်ဝင်တန်းမှ မောင်နေလင်းအောင်၏ဖခင်အမည်မှန်မှာ ဦးမြင့်ဝေ ၈/မဘန(နိုင်)၀၉၁၈၆၄ ဖြစ်ပါကြောင်း။

ဦးမြင့်ဝေ

## ဖခင်အမည်မှန်

မင်းဘူးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မအိမ်သူဖြိုး ၏ဖခင်အမည်မှန်မှာ ဦးလှိုင်မိုးထွန်း ၈/မဘန(နိုင်) ၀၇၃၃၅၆ ဖြစ်ပါကြောင်း။

ဦးလှိုင်မိုးထွန်း

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၆၄၆၁ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးထက်အောင် ၁၂/ဗဟန(နိုင်)၀၉၉၃၄၀ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး(ထားဝယ်)

## ကျေးဇူးဆပ်ပါမည်

